www.burmeseclassic.com

IDEA

နေစိုးဓေသာ

ရှေ့နေမလေး

# မေဝံရှား

နှင့်

# ပဉ္စာမြားဖြစ်ခဲ့သွားတဲ့ဓေသွေး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၁၂၇၈/၂၀၀၄(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၆၀၁၀၅၀၅

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ (၂၀၀၅၊ ဇွန်လ)
အုပ်ရေ ။ (၅၀၀)
မျက်နှာဖုံး ။ ဝင်းသိန်း
ကွန်ပျူတာစာစီ ။ *Quality*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ
ဦးသန်းဆွေ (စစ်သည်တော်စာပေ)၊
၁၁၃၁(က)၊ ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်)၊ ရန်ကုန်မြို့။

တန်ဖိုး ။ ၇၀၀ – ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ၁

"ဟဲလို… ရွှေနေ ဒေါ်မေစံရှားနဲ့ စကားပြောချင်လို့ပါခင်ဗျာ"

"အသံဖျက် သိပ်ကောင်းတယ်၊ ကိုကိုမှန်း မသိရဘူး"

"နိုင်ငံကျော် ရုပ်ရှင်မင်းသားတစ်ယောက်ရဲ့ လေယူလေသိမ်းကို ယူပြီး ပြောတာတောင် ရှားက သိတာပဲလား"

"ကိုကိုရယ်… နှလုံးသားထဲမှာ သိမ်းထားတဲ့ အသံပဲဟာ၊ ဘယ်အချိန် ဘယ်နေရာ ဘယ်အခြေအနေမှာပဲ ဖြစ်ဖြစ် မမှားနိုင်ပါဘူး"

"ဟာ… သိပ်ကောင်းတဲ့စကားလုံးပဲ၊ ကိုကို ကြွေသွားပြီ။ နောက်ရေးမယ့် ဝတ္ထုထဲမှာ ထည့်ရေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ ကိုကိုက ရှားဆီ ဖုန်းဆက်တာ ကုန်ကြမ်းရှာတဲ့သဘော လား"

"ဟင့်အင်း၊ သိပ်... သိပ်အရေးကြီးတဲ့စကား ပြောစရာ ရှိလို့"

"ပြောလေ... အရေးကြီးတဲ့စကား ပြောမှာကို လျှောက်နှောက် နေတယ်"

"လွန်စွာ အရေးကြီးတဲ့ ကိစ္စမို့ ဘယ်က စ,ပြောရမှန်း မသိလို့ ပါ ရှားရယ်"

"ဒီလောက်တောင် ခြေဆင်းတွေ ရှာနေတာ ဘယ်လောက်များ အရေးကြီးတာမို့လို့လဲ"

"လွန်စွာ လွန်စွာ အရေးကြီးတာပေါ့"

"ဒါဖြင့် ပြောလေ ကိုကိုရဲ့"

"အမေက ပြောတယ် သိလား၊ သားလုတ်တာ အခါမလင့် ဆိုတဲ့ စကားရှိတယ်တဲ့။ သီးချိန်တန် သီး ပွင့်ချိန်တန် ပွင့်ရတယ်တဲ့။ တစ်ယောက်တည်းသောသားမို့ စိတ်ချချင်ပြီတဲ့"

"ဟုတ်လား... အဲဒါ သမီးမိန်းကလေးတွေကို မိဘတွေက ပြောတဲ့စကားပါ။ ကိုကိုက ယောကျ်ားရင့်မကြီးပဲဟာ ကိုကိုရယ် ဟင်း... ဟင်း"

"ဒီခေတ်က မိန်းကလေးပေါတယ်တဲ့၊ ယောကျ်ားလေး ရှား တယ်တဲ့။ သားလို လူချောလူလှ၊ ဥစ္စာပေါ၊ ပညာတတ်၊ သဘော မနောကောင်း၊ အကျင့်စာရိတ္တ ဖြူစင်မွန်မြတ်ပြီး နိုင်ငံကျော်နေတဲ့သူ မိန်းကလေးတွေက ဝိုင်းလိုက်နေမှာတဲ့..."

"ကိုကို အငြိမ့်ထဲ လိုက်လို့ရပြီ၊ ပြက်လုံးထုတ် ကောင်းတယ်"

"အဖေကလည်း ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

"ငါ့သား အရွေးမှားမှာစိုးလို့ပါ... တဲ့။ အခုရှိနေတဲ့ ရည်းစား ကိုးဆယ့်ကိုးယောက်ကို အဖေ တစ်ယောက်မှ သဘောမကျဘူးတဲ့။ အမြန်ဆုံး နောက်တစ်ယောက်ရှာပြီး ယူလိုက်တော့... တဲ့"

"ကိုကိုရယ်... ရှား ရယ်ရလွန်းလို့ ဗိုက်တောင် အောင့်လာပြီ။ တော်ပါတော့"

"ရယ်ရတော့ ရှား လန်းဆန်းပေါ့ပါးသွားတယ် မဟုတ်လား။ အလုပ်တွေ အာရုံစိုက်လွန်းတဲ့ ရှားကို စိတ်ဖိစီးမှုတွေ ဖြစ်မှာစိုးလို့ ကိုကိုက ပျော်တော်ဆက်လိုက်တာပါ ရှားရယ်"

"ကျေးဇူးတင်ပါတယ် ကိုကိုရယ်၊ အဲဒါမျိုးတွေကြောင့်ပဲ ကိုကို့ကို ရှားက မြတ်နိုးလို့ မဝ,တာ"

"ဒါဆို မနက်ဖြန် လက်ထပ်ရအောင်"

"ဟောတော့... ပစ်မယ့်ပစ်တော့လည်း အနီးကပ်ပြီး ရင်ဝတည့်တည့်ကို မောင်းဖြုတ်တာပါပဲလား"

"အတူနေချင်ပြီကိုး ရှားရယ်"

"နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တာပဲနော်"

"တော်ကြာ ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်လို ရှားကို ကိုကို့လက်ထဲက လုယူမယ့်သူ ထပ်ပေါ်လာမှာစိုးတယ် ရှားရဲ့"

"နောက်ထပ် လက်ရုံးတစ်ထောင်နဲ့ မာရ်နတ်မင်းက ဆင်းလာပြီး လုရင်တောင် မပါစေရပါဘူး၊ စိတ်ချပါ ကိုကိုရယ်"

"အဲဒါနဲ့ပဲ ဝါဆိုခဲ့ရပေါင်း များနေပြီ ဒေါ်မေစံရှား"

"ရှား ကတိပေးပြီးသားပါ ကိုကိုရယ်၊ ရှား ရည်မှန်းထားတဲ့ အတိုင်း အများရဲ့ ချမ်းမြေ့ပျော်ရွှင်မှုတွေကို အတိုင်းအတာတစ်ခုထိ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးပြီးတဲ့အခါ ကိုကို့နားမှာနေပြီး ခြေဆုပ်လက်နယ်ပြုပါ့မယ်”

“ကိုင်း… ရှိပါစေတော့ဗျာ၊ ရှိပါစေတော့။ ကိုကိုက ပါရမီဖြည့်ဖက်ပဲ လုပ်ပါတော့မယ်”

“ဒါကြောင့်လည်း ကိုကို့ကို ရှားချစ်တာပေါ့၊ ဒါနဲ့ ကိုကို…”

“ဘာလဲ ရှား…”

“ဒီညနေ ရုံးစောစောဆင်းလို့ရရင် ရှားနဲ့လိုက်ပေးပါလားဟင်၊ ရဲစခန်းမှာ အမှုတွဲလေးတစ်ခု သွားဖတ်ချင်လို့”

“ရှားကိုကိုပဲ၊ မဖြစ်ဘူးဆိုတာ မရှိရဘူးလေ၊ အချိန်မီ ရှေ့တော်မှောက် အခစားရောက်ပါ့မယ် အရှင်…”

“ကိုကို နောက်ပြန်ပြီ…”

❑

www.burmeseclassic.com

www.burmeseclassic.com

## ၂

ကျွန်တော်နှင့် ရှား၊ စခန်းမှူးနှင့် တွေ့ဆုံကာ ရှား လိုက်နေသော အမှုကိစ္စ တစ်ခုအတွက် ပြောဆိုလေ့လာပြီးနောက် စခန်းမှူးကို ကျေးဇူးတင်စကား ပြောလျက် ပြန်ထွက်လာချိန်၌ စခန်းရှေ့သို့ ရဲကား အပြာကလေး ထိုးရပ်လာသည်။

ကားပေါ်မှ ရဲသားများ ခုန်ဆင်းလာကြသလို ကားရှေ့ခန်းမှ ရဲအုပ် ဝင်းမောင်ထွန်းလည်း ဆင်းလာသည်။

"ဟော့ကောင် ဆင်းတော့... "

ရဲသားတစ်ဦးက ကားပေါ်သို့ လှမ်းပြောပြီး မကြာမီမှာပင် ကားနောက်ခန်းမှ တရားခံဟု ယူဆရသော လူငယ်တစ်ဦး ဆင်းလာသည်။ ဆင်းလာပုံက ဣန္ဒြေရရပင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှားနှင့် ကျွန်တော်သည် စခန်းအဝမှနေ၍ မြင်ကွင်းကို ရပ်ကာ ငေးကြည့်နေမိကြသည်။

လူငယ်မှာ လက်ထိတ်တန်းလန်းနှင့် ရဲသားတစ်ဦး ဆွဲခေါ်ရာသို့ ပါလာသည်။ ကျွန်တော်တို့ဘေးမှ ဖြတ်လျက် စခန်းထဲသို့ ဝင်သွားကြပြီးနောက် ရဲတပ်ကြပ်ကြီး ညွှန်ပြရာ ထိုင်ခုံ၌ သူ ဝင်ထိုင်သည်။ ခပ်ရိုရိုကလေးထိုင်ကာ ကြမ်းပြင်ကို ငေးစိုက်တွေဝေနေသော လူငယ်ကို ရှားရော ကျွန်တော်ပါ စိတ်ဝင်စားစွာ အကဲခတ်လိုက်မိကြသည်။

လူငယ်၏ အသက်မှာ နှစ်ဆယ် သို့မဟုတ် နှစ်ဆယ်စွန်းရုံကလေး မျှပင် ရှိပါလိမ့်မည်။ အသားညိုညိုလေးနှင့်၊ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပိပိ ရှိရှိ၊ အရပ်အမောင်းက ထွားထွားကြိုင်းကြိုင်း။ တစ်ချက်မော့အကြည့်မှာ မြင်လိုက်ရသည့် သူ့မျက်ဝန်းနက်နက်တွေမှာက ကြေကွဲရိပ်တို့ဖြင့် မှိုင်းညို့နေသည်။ ထိုမျက်ဝန်းတို့မှာ လိမ်ညာကောက်ကျစ်မှု၊ ဆိုးသွမ်းရက်စက်မှု မမြင်။ ရိုးသားဖြောင့်စင်းမှု၊ ရဲရင့်မှု၊ ကြံ့ခိုင်မှုတွေကို မြင်ရသလို မေတ္တာအငွေ့အသက်တွေလည်း ပါဝင်နေသည်ဟု ကျွန်တော် ကောက်ချက်ချမိ၏။

"ဘာပြစ်မှုပါလိမ့် ရှားရယ်၊ ကောင်လေးကြည့်ရတာ ရိုးရိုးကလေးပါ"

ကျွန်တော့်ထံမှ စကားတစ်ခွန်း ခုန်ထွက်သွားပြီးနောက် ရှားက ကျွန်တော့်ကို မော့ကြည့်သည်။

"ဟုတ်တယ် ကိုကို၊ ရှား မြင်ဖူးတဲ့ တရားခံတွေရဲ့ အနေအထားမျိုးတွေ သူ့မှာ မတွေ့ရဘူး"

ရှားထံမှ တုံ့ပြန်စကား။

ရဲအုပ်ဝင်းမောင်ထွန်းက စခန်းမှူးအခန်းသို့ ဝင်၍ သတင်းပို့



www.burmeseclassic.com

www.burmeseclassic.com



နေသံကို မပီမသ တစ်ဝက်တစ်ပျက် ကြားလိုက်ရသည်။

"လူသတ်မှုရဲ့ တရားခံကို မိပါပြီ စခန်းမှူး၊ သက်သေခံပစ္စည်းတွေပါ တစ်ခါတည်း သိမ်းလာခဲ့ပါတယ်၊ သက်သေတွေလည်း ရှိပါတယ်"

"ကောင်းပြီ၊ သူ့ကို အချုပ်ထဲ ထည့်ထား၊ မင်း လုပ်စရာရှိတာ ဆက်လုပ်"

"ဟုတ်ကဲ့"

အလေးပြုသံ ကြားရပြီး ရဲအုပ် ဝင်းမောင်ထွန်း စခန်းမှူးအခန်းမှ ပြန်ထွက်လာသည်။

"သူ့ကို အချုပ်ခန်းထဲ ပို့ထားလိုက်ဟေ့"

ရဲအုပ် ဝင်းမောင်ထွန်း၏ အမိန့်အရ ရဲကြပ်တစ်ဦးက လူငယ်ကို အချုပ်ခန်းရှိရာသို့ ခေါ်သွားသည်။ ရဲအုပ် ဝင်းမောင်ထွန်း သူ့တာဝန်မှူး စားပွဲမှာ ပြန်ထိုင်လျက် ဦးထုပ်ကို ချွတ်၊ နဖူးမှ ချွေးများကို သုတ်နေသည်။

"ကိုဝင်းမောင်ထွန်း... အဲဒါ လူသတ်တရားခံလား"

ရှားက ရဲအုပ် ဝင်းမောင်ထွန်းရှိရာသို့ ကျွန်တော့်ကို မျက်ရိပ်ပြ ခေါ်သွားပြီး ချဉ်းကပ်ရင်း မေးလိုက်သည်။

"ဟုတ်တယ် ဒေါ်မေစံရှား၊ မထင်ဘူးဗျာ၊ ဒီလို ကောင်လေးက လူသတ်လိမ့်မယ်လို့"

ရဲအုပ် ဝင်းမောင်ထွန်း၏ အဖြေ။

"သူ့နာမည်က ဘယ်သူလဲ"

"ရဲသူ... တဲ့"

"သူ့ကို ဘယ်လို မိလာတာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ် ဝင်းမောင်ထွန်း ပြုံးလိုက်သည်။

"ဒေါ်မေစံရှားတို့ စိတ်ဝင်စားနေပြီ ထင်တယ်၊ ဒါဆို ထိုင်ဗျာ၊ ကျွန်တော် အသေးစိတ် ပြောပြပါ့မယ်... "

"ကျေးဇူးပါပဲ ကိုဝင်းမောင်ထွန်း"

ရှားက စားပွဲရှေ့ ထိုင်ခုံမှာ ဝင်ထိုင်ရင်း ရဲအုပ် ဝင်းမောင်ထွန်း ပြောလာမည့်စကားကို နားစွင့်သည်။ ကျွန်တော်ကလည်း ရှားဘေးမှာပေါ့။

သည်နေရာ၌ ဖြတ်၍ ပြောလိုသော စကားတစ်ခွန်း ရှိပါသည်။ ရှားသည် စိတ်တန်ခိုးခေါ် ဆင်ခြင်တွေးဆမှု၊ ထွင်းဖောက်မြင်နိုင်မှု စွမ်းအားတို့၌ အခြားလူများထက် သာလွန်သည်ဟု ကျွန်တော်ထင်ပါ၏။ သူမရှေ့မှောက်သို့ ရောက်လာသူတစ်ဦးကို အသေအချာ စူးစူးနစ်နစ် ကြည့်ရှုအကဲခတ်ပြီးလျှင် ထိုသူ၏အတွင်းစိတ်သဏ္ဍာန်ကို အနီးကပ်ဆုံး နားလည်နိုင်စွမ်း ရှိကြောင်း အတွေ့အကြုံများအရ ကျွန်တော် သိနေပါသည်။ ရှားစိတ်တွင် သက်သေမဲ့ သိနေခြင်းများသည် နောင် သက်သေ သာဓကဖြင့် အဖြေထွက်လာသောအခါတွင် တစ်ထပ်တည်း ကျနေတတ်ကြောင်းလည်း ရှား လိုက်ခဲ့သောအမှုများက သက်သေပြလျက် ရှိပါသည်။ ပုတီးစိပ်၊ တရားထိုင်တတ်သောအကျင့်က သူမ၏ မူလ စိတ်တန်ခိုးစွမ်းအားကို ပို၍ ထက်မြက်စေခြင်းဖြစ်သည်ဟုလည်း ကျွန်တော် ယုံကြည်ပါသည်။

ယခုလည်း ကြည့်။ တရားခံအဖြစ် ပါလာသော မောင်ရဲလှကို ကြည့်ပြီး ရှား တစ်စုံတစ်ခုကို အလေးအနက် တွေးတောနေခြင်း နေမှန်း ကျွန်တော် ရိပ်မိသည်။ ထို့ကြောင့် ရှားက ရဲအုပ် ဝင်းမောင်ထွန်းကို အမှုအကြောင်း ချဉ်းကပ်မေးမြန်းပြီဆိုသောအခါ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားနေပြီ ဖြစ်၏။

ရဲအုပ် ဝင်းမောင်ထွန်းက လည်ချောင်းရှင်းကာ သူ လူ့သတ်မှုကို သွားရောက်စစ်ဆေးပြီး တရားခံဖမ်းလာပုံအား ပြန်လည် ရှင်းပြလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

အမှုမှာ လူကုံထံတို့ နေထိုင်ရာ အဝန်းအဝိုင်းတစ်ခုအတွင်းရှိ တိုက်အိမ်တစ်အိမ်တွင်ဖြစ်ပွားသော လူသတ်မှု ဖြစ်သည်။ သေဆုံးသူမှာ လုပ်ငန်းရှင် သူဌေးအလတ်စားတစ်ဦးဖြစ်သော ဦးလူလု ဖြစ်သည်။ ဦးလူလုသည် အသက်လေးဆယ့်ငါးဝန်းကျင်ရှိပြီး မုဆိုးဖိုတစ်ဦး ဖြစ်သည်။ ဇနီးသည် ကွယ်လွန်ခဲ့သည်မှာ ငါးနှစ်ကျော်ပြီ ဖြစ်သော်လည်း နောက်ထပ် အိမ်ထောင် မပြု။ တစ်ဦးတည်းသောသားကို စင်္ကာပူမှာ ပို့ပြီး ပညာသင်စေခဲ့သည်။ သူကတော့ အသက်(၇၀)အရွယ် အဒေါ်တစ်ဦးနှင့် အတူနေသည်။ စီးပွားဥစ္စာ ကြွယ်ဝပေါများသူ ပီပီ အသောက်အစားနှင့် အပျော်အပါး



www.burmeseclassic.com

www.burmeseclassic.com



မက်သည်။ အစစ အရာရာ လွတ်လွတ်လပ်လပ် ပေါ့ပါ့ပါးပါး နေတတ် ရှာ်တတ်သည်။ အသုံးအဖြုန်း များသည်။ အထူးသဖြင့် ပြောစရာရှိသည်က မိန်းကလေးများနှင့် ကိစ္စ။ အခြားသော ရာဇဝတ်ပြစ်မှု နောက်ခံတော့ မရှိ။

အမှုစစ်အရာရှိ ရဲအုပ် ဝင်းမောင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ အချင်းဖြစ်ပွားရာ ဦးလူလှ နေအိမ်သို့ ရောက်သွားတော့ ညနေလေးနာရီ မထိုးသေး။

ဧည့်ခန်းကျယ်ကြီး၏ တစ်ခုသော ဆက်တီပေါ်မှာ ဦးလူလှ အသက်ပျောက်နေသည်။ ဆက်တီ ကျောမှီပေါ်မှာ ဇက်တင်လျက် ခေါင်းမော့နေသည့်အနေအထားမျိုး ဖြစ်သည်။ ခန္ဓာကိုယ်က ပြေလျော့လျော့။ မျက်လုံးတွေ မပွင့်တပွင့်။ ဘယ်ဘက်ရင်အုံမှာ ဓားတစ်ချောင်းစိုက်ဝင်လျက် ရှိ၏။ ရှပ်အင်္ကျီ သနပ်ခါးရောင်လေးမှာ သွေးတွေ စွန်းပေနေသည်။

ဦးလူလှ ထိုင်သော ဆက်တီတစ်နေရာမှာတော့ ကာရာအိုကေဆိုသည့် မိုက်ကရိုဖုန်းတစ်လုံး၊ ရီမုတ်ကွန်ထရိုး တစ်ခု။

ရဲအုပ် ဝင်းမောင်ထွန်းက အခန်း၏အနေအထား၊ အလောင်း၏အနေအထားတို့ကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ခြင်း၊ သက်သေခံပစ္စည်းများ ရှာဖွေသိမ်းဆည်းခြင်း၊ သဲလွန်စ လက်ရာ ခြေရာများကို ရေးမှတ် မှတ်တမ်းပြုစုခြင်းများကို ထုံးစံအတိုင်း ပြုလုပ်သည်။

အမှုက ရှင်းရှင်းကလေး ဖြစ်ပါ၏။

ဦးလူလှကို မကျေနပ်ချက်တစ်ခုဖြင့် တစ်စုံတစ်ယောက်က အိုက်ထဲဝင်ရောက်လာကာ ဦးလူလှ သီချင်းဆိုနေခိုက် ဓားဖြင့်ထိုး



www.burmeseclassic.com

www.burmeseclassic.com



သတ်သွားခြင်းဖြစ်သည်။ သက်သေခံဓားက ရင်ဝမှာစိုက်လျက်ရှိပြီးသား။ ပြီးတော့ ထိုးသတ်သူကို စဉ်းစားရှာဖွေ လိုက်လံဖမ်းဆီးဖို့မလို။ ဓားဖြင့် ထိုးသတ်သူတရားခံက အဖမ်းခံရန် ဆက်တီတစ်လုံးမှာ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ထိုင်စောင့်နေသည်ပဲ။

သူကား မောင်ရဲသူ။ သူ့အင်္ကျီနှင့် သူ့လက်မှာ သွေးစတစ်ချို့ပေနေသည်။

"ဦးလူလှကို ကျွန်တော်သတ်တာပါ၊ ဟောဟိုကဓားနဲ့ ကျွန်တော်ထိုးတာပါ၊ ကျွန်တော့်ကို ဖမ်းပါ..."

အေးဆေးစွာ ထုတ်ဖော်ဝန်ခံနေသော်လည်း သူ့အသံတွေမှာ တုန်ယင်မှုလှိုင်းကလေးတွေ အဖျားခတ်နေသည်။ ကြောက်နေတာလား၊ ဝမ်းနည်းကြေကွဲနေတာလား။ ပြီးတော့ သူ့မျက်ဝန်းများက ရီဝေစိုစွတ်နေသည်လေ။

"ကျွန်တော်ချစ်သူကို ကျွန်တော့်လက်ထဲကနေ ငွေနဲ့ အနိုင်ကျင့်ပြီး လုယူဖို့ ကြိုးစားလို့ ကျွန်တော် သူ့ကို သတ်လိုက်တာပါ"

ရဲသူက ဆက်လက်ဖြောင့်ချက်ပေးသည်။

"ဟုတ်ပါတယ် ဆရာ၊ သူသတ်တာပါ၊ ရုတ်ရုတ်သဲသဲ အသံတွေကြားလို့ ကျွန်မ မီးဖိုထဲကနေ ထွက်လာတော့ ဆရာဦးလူလှက အခုအတိုင်း သေနေပြီ ဆရာ၊ သူက ဦးလူလှနားမှာ ရပ်နေတယ်"

အိမ်ဖော်ဖြစ်သူ မမြင့်မြင့်က အစစ်ခံသည်။

"ကျွန်တော်က ခြံထဲမှာ မြက်ရှင်းပြီး ရေသွားချိုးနေချိန် ဖြစ်လို့အဖြစ်အပျက်အကုန်လုံးကို မတွေ့လိုက်ရပေမယ့် ကျွန်တော် ရောက်လာတော့ ဆရာ ဦးလူလှကို ဒီကောင် သတ်ပြီးနေပါပြီ၊ ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မမြင့်မြင့် ဒီကို ရောက်လာတာ ရှေ့ဆင့် နောက်ဆင့်ပါပဲ၊ သူက 'ကျုပ် သတ်လိုက်တာ… ခင်ဗျားတို့ စုံစမ်းကို ဖုန်းဆက်အကြောင်းကြား ပေးပါ၊ ကျုပ် အဖမ်းခံမယ်' လို့ ပြောပါတယ်"

ခြံစောင့် မောင်ဝင်းက ဤသို့ ထွက်ဆိုသည်။

ဦးလှုလှ၏ ဒရိုင်ဘာဖြစ်သူ ကိုတင်သန်းက…

"ကျွန်တော့်ကား ပြန်ရောက်တော့ ဒီအခန်းထဲမှာ အဲဒီ ကောင် လေးရယ်၊ အိမ်ဖော်မြင့်မြင့်ရယ်၊ မောင်ဝင်းရယ်ကို တွေ့ပါတယ်၊ အဲဒီကောင်လေးက အခုထိုင်ခုံမှာ ထိုင်နေပါတယ်၊ ဦးလှုလှကတော့ အသက်မရှိတော့ပါဘူး၊ သူက 'ကျုပ် အဖမ်းခံဖို့ စောင့်နေတာပါ၊ ခင်ဗျားတို့ မပူပါနဲ့၊ ကျုပ် ထွက်မပြေးပါဘူး' လို့ ပြောပါတယ်" ဟု ခင်ရောက်ဖြည့်စွက်သည်။

ဦးလှုလှ၏ အဒေါ်ဖြစ်သူ ဒေါ်နန်းလှက…

"အဘွားကတော့ အပေါ်ထပ်မှာ နေတာဆိုတော့ အဖြစ်အပျက် ကို ဘာမှ မသိလိုက်ပါဘူး၊ ဆူညံ ဆူညံသံတွေကြားလို့ ဆင်းလာတော့ အဘွားတူ လှုလှ ခုလိုအဖြစ်ဆိုးနဲ့ သေနေတာ တွေ့ရပြီး ဒီသူငယ်က သူ သတ်တာပါလို့ ပြောနေတာကို ကြားပါတယ်" ဟု ထပ်ဆင့်ပြော ဆိုသည်။

ဦးလှုလှ၏ အလုပ်ရုံမှ စာရင်းကိုင်ဖြစ်သူ ကိုတင့်ထူးအောင်က–

"ကျွန်တော်က ဆရာ့ဆီကို စာရင်းဇယားတွေ လာပြီး ရှင်းတာပါ၊ ရောက်တော့ မမျှော်လင့်ဘဲ ခုလိုအဖြစ်ဆိုးကို တွေ့ရတာပါပဲ၊ ကျွန်တော့်ဆရာကို သတ်တာ အဲဒီ သူငယ်ပါ၊ သူ့နှုတ်က 'ကျုပ်သတ် တာ၊ ရဲကို ခေါ်လေဗျာ' လို့ ပြောတာကို ကျွန်တော် နားနဲ့ သတ်သတ်



www.burmeseclassic.com

www.burmeseclassic.com



ကြားရပါတယ်” ဟု သက်သေပြသည်။

ကြည့်။ ရှင်းပါသည်။ အမှန်ပင်စာရှင်းရှင်းကလေး ဖြစ်ပါသည်။ ဓားထိုးခံရပြီး ဦးလူလှ သေသည်။ ဦးလူလှကို ဓားဖြင့် ထိုးသတ်သူက ဝန်ခံ ဖြောင့်ချက် ပေးသည်။ သက်သေခံဓားကိုလည်း ရသည်။ သတ်ရခြင်းအကြောင်းကလည်း ချစ်သူကို မတရားလုယူသိမ်းပိုက်ရန် ကြံသောကြောင့်ဟုဆိုတော့ ယုတ္တိတန်သည်။ လူသက်သေတွေကလည်း တညီတညွတ်တည်း ထွက်ဆိုသည်။ သက်သေတွေ၏ ထွက်ဆိုချက်တွေနှင့် တရားခံ ဝန်ခံထွက်ဆိုချက်မှာလည်း ဆီလျော်မှု ရှိသည်။ ရှင်းပါသည်။

ရဲအုပ် ဝင်းမောင်ထွန်းသည် စစ်ချက်များ ယူ၊ သက်သေခံ ဖြစ်သောဓားကို သိမ်း၊ ပုံစံများ ဖြည့်စွက်၊ ရပ်ကွက်လူကြီးများက သက်သေအဖြစ် လက်မှတ်ထိုး စသည့်လုပ်ဆောင်ဖွယ်ရာများကို ဆက်တိုက် ဆောင်ရွက်သည်။

ဦးလူလှကို ဆေးရုံပို့ရန် ရဲသားများက စီစဉ်ကာ ဆေးရုံကားဖြင့် တင်ရန် ပြင်ဆင်နေစဉ် ရဲအရာရှိ ရဲအုပ် ဝင်းမောင်ထွန်းက အခန်းထဲမှာ လိုက်လံကြည့်ရှု စစ်ဆေးနေသည်။

ဆက်တီပေါ်မှ မိုက်ကရိုဖုန်းလေးကို ကောက်ကိုင်ရင်း–

“ဒါ ဦးလူလှ သုံးတာလား”ဟု မေးလိုက်သည်။

“ဟုတ်ပါတယ် ဆရာ၊ ဒါ ဦးလူလှ သုံးတာပါ၊ ဆရာက ကာရာအိုကေ ဆိုတာ ဝါသနာပါတယ်၊ ခုလို အလုပ်နားရက် နေ့လည်ပိုင်းနဲ့ ညနေပိုင်းတွေမှာ ဘီယာလေးသောက်ရင်း ကာရာအိုကေ ဆိုနေတတ်ပါတယ်၊ သူ့အသံကို သူ့ဘာသာ အသံသွင်းတာမျိုးတွေလည်း ရှိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကြိုးမဲ့ မိုက်ကရိုဖုန်းလေးကိုကြည့်ပြီး မောင်ဝင်းက ဝင်၍ ရှင်းပြသည်။

မမြင့်မြင့်ကလည်း...

"ဒီနေ့လည်းလည်း ကာရာအိုကေဆိုနေတာပါ ဆရာ၊ ကျွန်မကို ဘီယာနဲ့ မြည်းဖို့ စားစရာတွေ လုပ်ပေးဆိုလို့ လုပ်ပြီး လာပို့တုန်းက သူ သီချင်းဆိုနေပါတယ်၊ အဲဒီ သီချင်းသံ၊ တီးလုံးသံတွေကြောင့် စောစောပိုင်းက ဖြစ်တာတွေကို ကျွန်မတို့ မကြားတာပါ" ဟု ဖြည့်စွက်ဖြေဆိုသည်။ ဘီယာဗူးများ၊ အမြည်းပန်းကန်များ၊ စီးကရက်တိုများ ဆက်တီစားပွဲပေါ်တွင် ပြန့်ကျဲလျက် ရှိသည်ကို ရဲအုပ် ဝင်းမောင်ထွန်း တွေ့သည်။ သူတို့၏ အဖြေစကားများက အခြေအနေနှင့် ဆက်စပ်လျက် ရှိသဖြင့် ရဲအုပ် ဝင်းမောင်ထွန်း ခေါင်းညိတ်သည်။

"ကဲ ဦးလှုလှကို ဆေးရုံကားပေါ် တင်ကြဟေ့၊ ပြီးရင် သွားကြမယ်၊ ဆရာဝန်ရဲ့ ဆေးစစ်ချက်နဲ့ တို့တွေ့ထားတဲ့ သက်သေခံနဲ့ တိုက်ဆိုင်ကြည့်ပြီးရင် အမှုက ရုံးတင်လို့တောင် ရလောက်ပါပြီ"

ရဲအရာရှိ အမိန့်ရသည်နှင့် ဦးလှုလှကို ဆေးရုံကားပေါ် တင်ကြသည်။ မောင်ဝင်း၊ မမြင့်မြင့်၊ ကိုတင်သန်း၊ ဒေါ်နန်းလုနှင့် ကိုတင့်ထူးအောင်တို့ကို ကြည့်၍ ရဲအုပ် ဝင်းမောင်ထွန်းက–

"ရုံးက ဆင့်ခေါ်တဲ့အခါ သက်သေအဖြစ် ခင်ဗျားတို့ လာရမယ် နော်" ဟု မှာသည်။

"ဟုတ်ကဲ့ပါ"

"ကဲ မောင်ရဲသူ... တို့ သွားကြစို့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



လက်ထိတ်ခတ်လျက် ရဲမျှားခေါ်ဆောင်ရာသို့ မငြင်းမဆန် ပါသွားသောမောင်ရဲသူကိုကြည့်လျက် အင်း... ဆံတစ်ပင်တင်း ချစ်ခြင်း မယား'၊ 'မယားထိ ဓားကြည့်' ဆိုတဲ့စကားတွေ တယ်မှန်ပါလားနော်။ ချစ်သူကို့ လုတာနဲ့ ဓားနဲ့ကို ထိုးသတ်လိုက်တော့တာပဲ။ အချစ်ဆိုတာ အင်အားကြီးမားပြင်းထန်လွန်းလှပါကလား'ဟု ရဲအုပ်ဝင်းမောင်ထွန်း အတွေးတွေ ဖြန့်ကျက်သွားသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ရဲ့အုပ်ဝင်းမောင်ထွန်း၏ ပြောပြချက်များကို နားထောင်ပြီး ပြန်လာကြသောအခါ ရှားနှင့် ကျွန်တော့်ရင်မှာ ဝေဒနာကိုယ်စီဖြင့်။

"ကိုကို ဘယ်လိုမြင်လဲ"

လမ်းလျှောက်ပြန်လာကြရင်း ရှားက မေးသည်။

"အမှုကတော့ စင်းနေတာပဲ၊ စင်းနေသလို ရှင်းလည်း ရှင်းနေတယ်လေ"

ရှားက ခေါင်းတဆတ်ဆတ် ညိတ်လျက်–

"အဲဒီလောက် အမှုက စင်းနေ ရှင်းနေ ပြည့်စုံနေတာကိုပဲ ရှား သံသယဝင်နေတာ ကိုကို၊ ကိုကို စဉ်းစားကြည့်၊ သူခိုးဟာ ခိုးပါတယ်လို့ ဆော်ရုံနဲ့ ဝန်မခံတတ်ဘူး၊ ဒီ့အတူပဲ လူသတ်တရားခံတွေဟာလည်း ဆော်ရုံနဲ့ ဝန်မခံတတ်ကြဘူး၊ သက်သေအထောက်အထားတွေ နိုင်လုံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ငြင်းမရတော့မှ လက်လျှော့ပြီး ဝန်ခံ ဖြောင့်ချက်ပေးကြတာ၊ အခု တော့ လူသတ်တရားခံက သွေးရူးသွေးတမ်းနဲ့ ထွက်ပြေးရမယ့်အစား အဖမ်းခံဖို့ အေးအေးဆေးဆေး ထိုင်စောင့်နေတယ်ဆိုတာ ရှားတော့ မယုံနိုင်ဘူး"

"ရှားမယုံပေမယ့် အဖြစ်က တကယ်ပဲလေ"

ရှား သက်ပြင်းရှိုက်လျက် ခေါင်းယမ်းသည်။

"ရှားသိနေတယ် ကိုကို၊ ဒီအမှုမှာ လျှို့ဝှက်ချက်တစ်ခု အသေ အချာ ရှိနေတယ်"

"ရှား စိတ်ဝင်စားသွားပြီ ဆိုပါတော့"

"ဟုတ်တယ်၊ ရှားစိတ်ထဲမှာ ရဲသူဟာ လူသတ်တရားခံအစစ် မဟုတ်ဘူး၊ အတုပါ၊ ရဲသူ မျက်လုံးတွေကို မြင်ကတည်းက ရှား အဲဒီ လိုခံစားရတာ၊ ကိုဝင်းမောင်ထွန်း စကားကြားလိုက်တော့ ရှားစိတ်ထဲက အသိဟာ ပိုပြီး ခိုင်မာသွားတယ်"

"ဒါဆို ရှား ဘာလုပ်မလဲ"

"မနက်ဖြန် ရှား ရဲသူနဲ့ တွေ့ဖို့ကြိုးစားမယ်၊ သူ့အမှုကို ရှား လိုက်မယ်"

"သူတို့က ရှေ့နေ မငှားနိုင်ရင်ကော"

"ရှားက လိုက်ပါရစေလို့ ခွင့်တောင်းမှာ၊ ငွေကြေးတစ်ပြားမှ မယူဘူး"

"ဩော်... ရှားရယ်"

❑

www.burmeseclassic.com

www.burmeseclassic.com

# ၃

စခန်းမှူး၏ ခွင့်ပြုချက်ဖြင့် ကျွန်တော်နှင့် ရှားတို့ ရဲသူကို တွေ့ခွင့်ရခဲ့သည်။ သို့သော် ကျွန်တော်တို့ အချုပ်ခန်းရှိရာသို့ ရောက်သွားတော့ အချုပ်ထဲမှ ရဲသူနှင့် စကားပြောနေသော ညှော့သည်နှစ်ဦးကို တွေ့ရ၏။

တစ်ဦးမှာ အသက် ငါးဆယ်ကျော်ရှိ လူကြီးတစ်ဦး ဖြစ်သည်။ ဆံပင်ဖြူတွေ ကျိုးတိုးကျဲတဲ ဖွာလန်ကျဲနှင့်။ မျက်နှာ ဖောင်းအစ်အစ်နှင့်။ မျက်လုံးတွေ နီရဲလျက်။ အရက်သမားကြီးတစ်ဦးမှန်း ကြည့်ရုံနှင့် သိသာနိုင်သည်။ ရုပ်ရည်မှာ ရဲသူနှင့် ဆင်သောကြောင့် ရဲသူ၏ ဖခင်ဖြစ်မည်ဟု ခန့်မှန်းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့ရင်ထဲမှာ မချိဘူး သားရယ်" ဟူသော ငိုညည်းစကားသံကြောင့် ကျွန်တော်တို့ ခပ်လှမ်းလှမ်းမှာပင် ရပ်ကာ သူတို့ကို စောင့်ကြည့်နေမိကြသည်။ သူတို့ကို အနှောင့်အယှက်ဖြစ်မှာစိုးသောကြောင့်ပါ။

"အဖေ ဘာမှ မပူပါနဲ့၊ ကျွန်တော် အားလုံး အဆင်ပြေပါတယ်"

သံတိုင်နောက်မှ ရဲသူ၏စကား။ မျက်နှာမှာ တုန်လှုပ်စိုးရိမ်ဟန် မပါအောင် ကြိုးစားလျက် အမှုမထားသည့်အသွင်ကို သူ ဆောင်ထားသည်။ ကျွန်တော်ယူဆသလို သူတို့နှစ်ယောက်သည် သားအဖပင်။

"ရဲရယ် ..."

နောက်တစ်ဦးမှာ သံတိုင်ကို ခေါင်းနှင့်ထိလျက်၊ သံတိုင်ကို ဆုပ်ကိုင်ထားသော ရဲသူ၏လက်ကို အုပ်မိုးဆုပ်ကိုင်လျက်၊ ရဲသူ၏ မျက်နှာကို ယူကျုံးမရစွာကြည့်လျက် ငိုကြွေးနေသောမိန်းကလေး။ ရဲသူနှင့် ရွယ်တူ၊ သက်တူ၊ ဖြူဖြူချောချောကလေးဖြစ်သည်။ ဆံပင်ရှည်ကြီးက ခါးကိုကျော်၍ ပေါင်လယ်ထိ ရောက်သည်။ နက်နက်မှောင်မှောင် စိမ်းစိမ်းညိုညို။ မျက်ခုံးကွေးကွေး၊ နှာတံစင်းစင်း၊ နှုတ်ခမ်းပါးပါး၊ မျက်လုံးဝိုင်းဝိုင်းကလေးဖြင့် ကြည်လင်သန့်စင်သော မျက်နှာအနေအထား။ ပရိယာယ်တွေ၊ မာယာတွေ အရိပ်မထင်သော ငယ်နုသူတို့၏ အပြစ်ကင်းရုပ်လွှာကို ကျွန်တော်တွေ့ရသည်။

ကြေကွဲဝမ်းနည်းစွာ ငိုရှိုက်နေသောကြောင့် မိန်းကလေး၏ကိုယ်ကလေးက သိမ့်သိမ့်ခါနေသည်။

"မငိုပါနဲ့ မွေးရယ်၊ မွေး ငိုနေရင် ငါ ဘယ်လိုနေရမှာလဲ"

"မငိုဘဲ နေနိုင်မှာလား ရဲရဲ့၊ ရဲအဖြစ်က ..."

"မွေးရယ် ... ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ ငါပြောခဲ့သလို ငါ့ကို ချစ်ရင် ငါ့အဖေကိုပဲ စောင့်ရှောက်ပေးပါဟာ၊ ငါ တောင်းပန်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်၊ ငါမရှိရင် အဖေ ဒုက္ခရောက်မှာ စိုးလို့ပါ”

“အဖေက ဘာမှ မဖြစ်ဘူးကွ၊ မင်းမှာသာ...”

ဖခင်ဖြစ်သူက ငိုသံနှင့် ဝင်ပြောသည်။

“အဖေရယ် ဝမ်းမနည်းပါနဲ့၊ ကျွန်တော် ကျေနပ်ပါတယ်၊ အပြစ်ကို ကျွန်တော် မကြောက်ပါဘူး”

“ဒါပေမယ့်...”

“အဖေ တော်တော့၊ ဘာမှ မပြောနဲ့တော့လေ၊ ကဲ... မွေး... အဖေ့ကိုခေါ်သွားတော့၊ ဟိုမှာ အချိန်စေ့လို့ ထင်တယ်၊ ရဲတွေ လာနေပြီ”

ရဲသူက စကားပြောနေသည်ကို ဖြတ်ချလိုက်သည်။ ရဲသူ၏ ဖခင်က အံကိုကြိတ်ထားသည်ကို မြင်ရ၏။ သားဖြစ်သူ၏ အဖြစ်ကို မကြည့်ရက်ဘဲ မချိတင်ကဲ ဖြစ်နေပုံမှာ မိဘမေတ္တာ၏ နိမိတ်ပုံပင် ဖြစ်ပါ၏။

“မွေး အဖေ့ကို စောင့်ရှောက်ပေးပါနော်၊ ဒေါ်ဒေါ့ကိုလည်း အဖေ့ကို ကြည့်ရှုပေးဖို့ ငါ တောင်းပန်လိုက်ကြောင်း ပြောပြပါ”

ရဲသူ တဖွဖွ မှာနေသည့် စကား။

မွေး ခေါင်းညိတ်သည်။

“စိတ်ချပါ ရဲရယ်၊ ဒါပေမယ့် မွေးရင်ထဲမှာ မီးတောက်နေတယ်၊ မွေး ဘယ်လို ဖြေလို့မှ မရဘူး၊ ရဲသာ တစ်ခုခု ဖြစ်ရင် မွေး သေမှာပဲ”

ရှိုက်သံနှင့် ဗလုံးဗထွေးရောလျက် ခပ်တိုးတိုး ပြောလိုက်သော မွေး၏စကားကြောင့် ကျွန်တော့်ရင်ထဲ နင့်သွားသည်။ ရှားကို လှည့်ကြည့်တော့ ရှား မျက်ရည်ဝဲနေသည်ကို တွေ့ရ၏။ ခံစားတတ်လွန်းသော နှလုံးသားနုလွန်းသည့် ရှားရင်မှာ ရဲသူတို့၏ ဝေဒနာ ကူးစက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ထားသော လက်များကို မလွှတ်ချင် လွှတ်ချင်နှင့် လူချင်း ခွဲရမည်ကို လက်မခံချင်ဘဲ လက်ခံရကာ ရဲသူ၏ ဖခင်နှင့် မွေးတို့ အချုပ်ခန်းမှ လှည့်ကြည့် လှည့်ကြည့်ဖြင့် ထွက်ခွာသွားကြသည်။ သံတိုင်များကြားမှ မျက်ရည်ဝိုင်းလျက် နှုတ်ခမ်းကို တင်းတင်းစေ့ကာ အံကြိတ်ထားဟန်ဖြင့် ဖခင်နှင့် ချစ်သူ ထွက်သွားရာကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရှာသူ ရဲသူ၏ အဖြစ်ကလည်း ကျွန်တော့်နှလုံးသည်းညာကို ဖျစ်ညှစ်နေသကဲ့သို့ပင်။

ရှားက ကျွန်တော့်လက်ကို ဆွဲကာ ရဲသူ ရှိရာသို့ ချဉ်းကပ်သွားသည်။

"မောင်လေး မောင်ရဲသူ"

ရဲသူက ကျွန်တော်တို့ကို သူ့အား လာတွေ့သူများဟု မထင်ထားသဖြင့် ရှားခေါ်သံကြားမှ ကျွန်တော်တို့ကို ဖျတ်ခနဲ မော့ကြည့်သည်။ အံ့သြဟန်ကလေးတွေ၊ နားမလည်ဟန်ကလေးတွေနှင့်ပါ။

ရှားက အားပေးပြုံးဖြင့် ...

"မမက ရှေ့နေပါ၊ နာမည်က မေစံရှားပါ" ဟု နူးညံ့ပျော့ပျောင်းစွာ မိတ်ဆက်သည်။ ယခုထိ ရဲသူ ငေးကြောင်ကြောင် ကြည့်နေဆဲပင်။ မေစံရှားကို သိပုံမရ။ နာမည်ကြားဖူးပုံ မရ။ ကျွန်တော်တို့ သူ့ကို လာတွေ့ရခြင်းကို တွေးတောစဉ်းစားမိပုံ မရ။

"မမ မောင်လေးရဲ့အမှုကို လိုက်ပါဆောင်ရွက်ပေးချင်တယ် မောင်လေး ခွင့်ပြုပါ"

ရဲသူ မျက်ဝန်းတွေ အရောင်လက်သွားသည်။ သို့သော် ချက်ချင်းပင် ပြန်လည် ညှိုးမှိန်သွားသည်။

"ကျွန်တော်တို့က ဆင်းရဲပါတယ်၊ ရှေ့နေ မငှားနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေကို လွှဲပစ်လိုက်ရင်း ရဲသူ ပြောသည်။

"မမက မင်းဆီက ငွေကြေးလိုချင်လို့ အမှုလာစပ်တာ မဟုတ်ပါဘူး ငါ့မောင်၊ မမကို ငွေကြေး တစ်ပြားတစ်ချပ်မှ ပေးစရာ မလိုဘူး၊ မင်းကို မမရဲ့ မောင်လေးတစ်ယောက်လို စာနာခံစားမိလို့ပါ၊ ပြီးတော့ အမှန်တရားလည်း ဖြစ်စေချင်လို့ပါ"

ဆတ်ခနဲ ရှားကိုကြည့်လိုက်သော သူ့မျက်လုံးတွေမှာ အထိတ်တလန့် အမူအရာနှင့် အံ့သြခြင်းတွေ ရောထွေးပေါင်းယှက်နေကြောင်း ကျွန်တော်သတိပြုလိုက်မိသည်။ ရှားက ကျွန်တော့်ကို အဓိပ္ပာယ်ရှိစွာ တစ်ချက် ငဲ့ကြည့်သည်။ ရဲသူက–

"အမှုက ရှင်းနေပါပြီ မမ၊ ဦးလှူလှကို ကျွန်တော်သတ်တယ်၊ ဒါကို ဒီမနက်ပဲ တရားသူကြီးရှေ့မှာ ကျွန်တော် ဖြောင့်ချက်ပေးပြီးပါပြီ၊ ရှေ့နေ မလိုတော့ပါဘူး၊ မမကို ကျေးဇူးတင်ပါတယ်၊ လေးလဲလေးစားပါတယ်၊ ဒါပေမယ့် မမကြိုးစားလည်း အလကားပဲ၊ တရားသူကြီးက မြန်မြန်စစ်မေးပြီး အမိန့်ချတာကိုပဲ ကျွန်တော် လိုလားပါတယ်"

ရဲသူ စကားသံတွေက မတင်းမာသော်လည်း တိကျပြတ်သားသည်။ ရှားက ပရိယာယ်တစ်ခုကို ထုတ်သုံးသည်။

"မင်း သတ်တာ မဟုတ်ဘူးလို့ မမ သိနေတယ်"

"ခင်ဗျာ..."

ရဲသူ၏ မျက်လုံးများ ဝိုင်းစက်သွားကာ နှုတ်ခမ်းတွေ ဟသွားသည်။ 'ခင်ဗျာ' ဟူသော အာမေဋိတ်သံ ခုန်ထွက်လာပုံက အလန့်တကြား။ စိုးရိမ်ကြောင့်ကြမှုတွေ၊ မလုံမလဲမှုတွေ ရိပ်ခနဲ ရိပ်ခနဲ သူ့အကြည့်ထဲမှာ ဖြတ်ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ကျွန်တော် သတ်ခဲ့လို့ သတ်တယ် ဝန်ခံတာပါ၊ မသတ်ဘဲ ဘယ်ဝန်ခံပါ့မလဲ"

တုံ့ပြန်စကားသံလည်း ချက်ချင်း ထွက်လာသည်။

"မင်း အဲဒီလို ဝန်ခံလေ မင်း သတ်တာ မဟုတ်ဘူးဆိုတာ ထင်ရှားလေပဲ မောင်ရဲသူ..."

"မဟုတ်တာဗျာ..."

"လူသတ်မှု တစ်ခုဟာ သေဒဏ်ထိ အပြစ်ကျခံရနိုင်တယ်ဆိုတာ မင်း သိရဲ့လား"

"သိပါတယ်"

အဖြေ မဆိုင်းမတွ။ ရဲရဲဝံ့ဝံ့။

"အဲဒါဆို မမကို အမှန်အတိုင်း ပြောပြပါ"

"ကျွန်တော်သတ်တာ အမှန်ပါပဲ မမ"

"မမ လူသတ်တရားခံ တော်တော်များများကို တွေ့ဖူးတယ်၊ သူတို့ သတ်ပါတယ်လို့ ဘယ်လိုမှ လွယ်လွယ်နဲ့ ဝန်မခံဘူးကွ"

"သူတို့ သတ္တိကြောင်လို့ပါ၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ ကျွန်တော်ကတော့ ထွက်လည်း မပြေးဘူး၊ သတ်တာကို သတ်တယ်လို့ ဝန်ခံဖြောင့်ချက်ပေးတယ်"

"မင်းပါးစပ်က သတ်တယ် သတ်တယ်လို့ ထပ်ခါတလဲလဲ ပြောနေတာဟာ ကျွန်တော် မသတ်ဘူးဆိုတဲ့ အဖြေကို ပေးနေတယ်လို့ မမ သိနေတယ်၊ ပြီးတော့ မင်းနှုတ်ကသာ လိမ်ညာစကားထွက်တော့ မင်းမျက်လုံးတွေက အမှန်ကို ပြောနေတယ်"

'ခင်ဗျာ' ဟူသော ဒုတိယအကြိမ်မြောက် အာမေဋိတ်သံနှင့် အတူ ရဲသူ မလုံမလဲ ခေါင်းကို ငုံ့ပစ်လိုက်သည်။ အတန်ကြာမှ သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်လျက်–

"ကျွန်တော့်အတွက် စိတ်ပင်ပန်း လူပင်ပန်းခံပြီး မကြိုးစား ပေးပါနဲ့တော့ မမရယ်၊ ကျွန်တော့်အပြစ် ကျွန်တော် ခံပါရစေ၊ ကျွန်တော် ကျေနပ်ပါတယ်" ဟု လေးတွဲ့စွာ ပြောသည်။

ရှားက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ဘာပဲ ဖြစ်ဖြစ် မင်းအမှုကို မမ လိုက်ပါရစေ၊ ဒါကိုတော့ ခွင့်ပြုပါ၊ ဟုတ်ပြီလား၊ မင်းအဖေနဲ့ မင်းချစ်သူကိုလည်း မမ သွားတွေ့ပြီး ခွင့်တောင်းဦးမှာပါ"

စကားကို အပြီးသတ်ပြောလျက် ပြန်ဟန်ပြုလိုက်သော ရှားကို ရဲသူက ပြူးပြူးပျာပျာဖြင့်–

"ဟာ... မမ အဖေ့ဆီနဲ့ မွေးဆီကို မသွားပါနဲ့"

"ဘာဖြစ်လို့လဲကွယ်"

"သူတို့ သိပ်ခံစားနေရတယ်၊ သူတို့ရဲ့ အပူတွေကို သွားမဆွပါနဲ့ မမရယ်"

"မမက သူတို့အပူကို မဆွပါဘူး၊ ငြိမ်းပေးချင်တာပါ၊ နှစ်သိမ့်ပေးချင်တာပါ၊ ကဲ မမ သွားမယ်၊ နောက်မှ မမ လာတွေ့ပါဦးမယ်"

"မမ..."

ရဲသူ၏ခေါ်သံကို နောက်တွင် ထားလျက် ရှားက ကျွန်တော့်လက်ကို ဆွဲကာ ထိုနေရာမှ ထွက်လာခဲ့သည်။ ရှားမျက်နှာမှာ ကြည်လင်နေသည်။ ကျေနပ်မှု ရခဲ့သည်ဟု ကျွန်တော် သိ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

# ၄

"ရှေ့နေခ တစ်ပြားမှ မယူဘဲ အမှုလိုက်ပေးမယ် ဟုတ်လား"

မွှေခေါင်ခေါင် မိုးကြိုးပစ်သည်ဟူသော စကားကို ကြားလိုက်ရ၍ မယုံနိုင်သည့်ပမာ မွှေးမိခင်က တအံ့တသြ မေးလေသည်။

ထိုနေ့က ရဲသူနှင့် ကျွန်တော်တို့ တွေ့ပြီးနောက် ရဲအုပ်ဝင်းမောင်ထွန်းနှင့် တွေ့ဆုံရန် ဆန္ဒရှိခဲ့ကြသော်လည်း ရဲအုပ်ဝင်းမောင်ထွန်းမှာ ဘာဝန်တစ်ခုဖြင့် စခန်းမှ အပြင်သို့သွားနေသဖြင့် ကျွန်တော်တို့ တွေ့ခွင့်မရခဲ့ကြ။ ထို့ကြောင့် ရဲသူ၏ ချစ်သူ ဖြစ်သော မွှေး၏အိမ်နှင့် ရဲသူ၏အိမ်ကို စုံစမ်းပြီး ရောက်လာခဲ့ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးတို့အိမ်တွင် မွေးတို့သားအမိကို အဆင်သင့်တွေ့ရသည်။ အိမ်ရှေ့တွင် ကုန်စုံဆိုင်ကလေးဖွင့်ထားသော ခနိမိုး၊ ထရံကာ သုံးပင်အိမ်ကလေးမှာ သပ်သပ်ရပ်ရပ် ချစ်စရာလေး ဖြစ်သည်။ သီးပင်စားပင်အချို့နှင့် ပန်းပင်အချို့ကို စိုက်ပျိုးထားသောကြောင့် အိမ်ကလေးကလည်း စိတ်ချမ်းမြေ့စရာဖြစ်သည်။ ရပ်ကွက်က ဆင်းရဲသားရပ်ကွက် ဖြစ်၍ ဈေးဆိုင်ကလေးမှာ ဝယ်သူတွေက မပြတ်လှ။ သူတို့ ဤဆိုင်ကလေးကိုပဲ အားကိုးပြီး နေထိုင်ရကြောင်း အကဲခတ်မိသည်။

ရဲသူတို့အိမ်က မွေးတို့အိမ်နှင့် ကပ်လျက် ခေါင်းရင်းအိမ်ဟုလည်း သိရ၏။

မွေးတို့အိမ်မှာ မွေးတို့သားအမိနှင့် ကျွန်တော်တို့ ဦးစွာစကားပြောဖြစ်ကြသည်။ ထုံးစံအတိုင်း ရှားက အလျင်ဦးစွာ မိမိကိုယ်ကို မိတ်ဆက်ပြီးနောက် ရဲသူကို ပြောသလိုပင် အမှုကိစ္စကို လိုက်ပေးရန်ဖြစ်ကြောင်း ပြောသည်။ ထို့ကြောင့် မွေးမိခင်က အထက်ပါအတိုင်း မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ မနေ့က စခန်းမှာ မောင်ရဲသူကို တွေ့ပြီးတော့ ကျွန်မစိတ်ထဲမှာ မောင်ငယ်လေးတစ်ယောက်လိုပဲ ခံစားရလို့ စိတ်မကောင်းဖြစ်နေမိတယ်။ ကျွန်မကို အကျိုးဆောင်အနေနဲ့ လိုက်ခွင့်ပြုပါ၊ ရုံးမှာလိုအပ်တဲ့ ကုန်ကျစရိတ်ကိုလည်း ကျွန်မကပဲ တာဝန်ယူပါ့မယ်"

ရှားက ကျွန်တော့်ကိုပါ မိတ်ဆက်ပေးရင်း လိုရင်းကို တိုတိုကျဉ်းကျဉ်း ပြောသည်။ မွေးတို့သားအမိ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြသည်။

"အဲ အဲဒါက မွေးတို့က ဘာပြောရမလဲ၊ အဲဒါကို ပြောရမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

"ပြောမှာပါ၊ ရဲသူကိုလည်း ပြောခဲ့ပြီးသားပါ၊ ရဲသူရဲ့ဖခင်ကိုလည်း ခွင့်တောင်းမှာပါ"

မွေးမိခင်က...

"ဒီသူငယ့်အဖြစ်ကို မြင်ရတွေ့ရတာ ဒေါ်ဒေါ်အနေနဲ့လည်း ရင်ကျိုးရပါတယ်၊ ဒေါ်ဒေါ့်သား မဟုတ်ပေမယ့် ဒေါ်ဒေါ့်သားလေးလိုပါပဲ၊ ဒေါ်ဒေါ်က သူ့ကို သိပ်ချစ်ပါတယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ ဒေါ်ဒေါ်၊ ပြောပါ"

သက်ပြင်းချသည်ကို တွေ့ရ၏။

"အပြစ်က ဘယ်လိုလွတ်နိုင်မှာလဲကွယ်"

မျက်ရည်များပြည့်လျှံနေသော မျက်ဝန်းများဖြင့် ကလေးလေး တစ်ယောက်ပမာ ငေးကြည့်နေသော မွေးကလည်း–

"မမရယ်... မွေးလည်း ရဲကို အပြစ်က လွတ်စေချင်ပါတယ်၊ ဒါပေမယ့်..."

ရှိုက်သံဖြင့် ဝင်ပြောသည်။ ဝင်ပြောသည့်စကားမှာလည်း 'ဒါပေမယ့်' နှင့် ရပ်သွားပြန်သည်။ ရှားက ကျွန်တော့်ကို လှမ်းကြည့်သည်။ ထိုအကြည့်မှာ အဓိပ္ပာယ်ပါသည်။

"ညီမလေး မွေး အားမငယ်ပါနဲ့၊ မမ တတ်နိုင်သလောက် ကြိုးစားပြီး ရဲသူကို အပြစ်က လွတ်အောင်လုပ်မှာပါ"

ရှားစကားက ရဲရဲဝံ့ဝံ့ရှိလှ၏။

"ဟင်... ရဲကို အပြစ်က လွတ်အောင် ဟုတ်လား"

မွေး မျက်ဝန်းဝိုင်းဝိုင်း။ စကားက မယုံကြည်နိုင်ဖွယ်ရာကို ကြားသည်သို့။ ရှားက ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒါဖြင့် မမက ဦးလူလှကို ရဲသတ်တာ မဟုတ်ဘူးလို့ ယူဆထားလို့လား"

"ဆိုပါတော့"

မွှေးက မိခင်ဖြစ်သူကို လှည့်ကြည့်သည်။ မွှေးမိခင်လည်း မွှေးကိုကြည့်သည်။ အကြည့်ချင်း ဆုံကြသည်။

တစ်ခဏတာ ကျော်လွန်သွားမှ-

"မောင်ရဲသူက သူကိုယ်တိုင် သတ်တာလို့ ဝန်ခံထားတာဆိုတော့ လွတ်နိုင်ပါ့မလားကွယ်၊ မဖြစ်နိုင်တာ" ဟု မွှေးမိခင်က စကားပြန်သည်။ ထိုစကားမှာ အဖုံးအဖိတွေပါသလားဟု ကျွန်တော်က ဖြန့်တွေးမိ၏။

"ကဲပါလေ... အဲဒါတွေက ကျွန်မအပိုင်းပါ၊ စိတ်မပူကြပါနဲ့၊ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားမှာပါ၊ အခု ဖြစ်စေချင်တာက ကျွန်မကို အကူအညီပေးဖို့ပါ"

ရှားက စကားလမ်းကြောင်း လွှဲလိုက်သည်။

"မွှေးတို့က ဘာကူညီရမလဲ မမ"

ရှားက မွှေးလက်ကလေးကို လှမ်းဆုပ်ပြီး-

"ညီမလေးကိုလည်း မမက မြင်မြင်ချင်း ညီမလေးအရင်းလို ချစ်မိတယ်၊ ဝမ်းမနည်းပါနဲ့ ညီမလေးရယ်၊ မမ ကူညီမှာပါ၊ ညီမလေး ကူညီစေချင်တာက..."

"ပြောပါ မမ"

"ညီမလေးနဲ့ မောင်ရဲသူတို့ဟာ ရည်ငံနေတဲ့ချစ်သူတွေ မမတို့ သိထားပါတယ်၊ ဒီတော့ ညီမလေးနဲ့ မောင်ရဲသူတို့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မောင်ရဲသူရဲ့ အကြောင်းပေါ့၊ သိသင့်သိထိုက်သမျှ မမကို ပြောပြပါ၊ ဒီအချက်ဟာ အမှုသွားအမှုလာကို မမ စဉ်းစားဖြေရှင်းရာမှာ အဓိကကျတယ်လို့ မမ ထင်လို့ပါ"

လိမ္မာပါးနပ်စွာ ပြောလိုက်သော ရှားစကားကို မွေး ငြင်းဆန်လိုပုံမရှိပါ။ သို့သော် မိခင်ဖြစ်သူကို လှည့်ကြည့်ပြန်ပါသည်။ ချစ်သူ၏အကြောင်းကို မိခင်ရှေ့မှာ မပြောရဲ၍လား။ ရှက်ရွံ့၍လား မသိ။

မွေးမိခင်က ခွင့်ပြုဟန် ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် သမီးရယ်၊ သမီးနဲ့ မောင်ရဲသူ အကြောင်းတွေ ပြောပြလိုက်ပါ"

မွေး၏ ကြေကြေကွဲကွဲ မျက်နှာလေးက နေလောင်ပန်းကလေးနှင့် မခြား။ မွေး၏ ဆွေးဆွေးမြည့်မြည့်အသံလေးက ဥသြ၏ ချစ်သူတမ်းချင်းလေးနှင့် ထပ်တူထပ်မျှ။

မွေးနှင့် ရဲသူတို့၏ အချစ်ဇာတ်လမ်းလေးမှာ သိမ်မွေ့နူးညံ့ခြင်းတို့ဖြင့် ထုံမွှမ်းသင်းပျံ့စွာ အစပျိုးခဲ့ခြင်း ဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ရက်စက်ခြင်းသုရဖူကို ဆောင်းထားသည့်နွေ။ နေက မီးပွားတွေကို ကျဲချနေသည်။ လောင်မြိုက်ခြင်းက ပြိုင်ဘက်ကင်း မင်းမူနေ၏။ ကတ္တရာလမ်းပေါ်မှာ တံလှပ်တွေ တရိပ်ရိပ်။ လေက ဝေ့ခနဲ တိုက်လာပြန်တော့လည်း လေပူလေပွေ။

သည်နေရာက သစ်ပင်ကြီးကြီးမားမားလည်း မရှိ။

သည်လမ်းဘေးတစ်နေရာမှာ ကတ္တရာလမ်းအစပ်မှာ မြေပြင်ဖုံသဲသဲပေါ်မှာ အသက်လေးဆယ်ကျော် လူကြီးတစ်ဦး လဲနေသည်။ ဖုံအလိမ်းလိမ်း သဲအလူးလူးနှင့်။ ခေါင်းစုတ်ဖွားနှင့်။ အဝတ်အစား နွမ်း



www.burmeseclassic.com

www.burmeseclassic.com



ညစ်ညစ်မှာ ပေပေကျံကျံနှင့်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ဗရဗျစ်နှင့်။ အရက်မူး၍ လဲနေခြင်းဖြစ်သည်။

သူ့ဘေးမှာ ကိုးနှစ်ရွယ် ချာတိတ်လေးတစ်ယောက် ရှိနေသည်။ အသားညိုညိုလေးနှင့်။ မျက်လုံးမျက်ဖန် ကောင်းကောင်း ကိုယ်လုံးကိုယ်ထည် ကျစ်ကျစ်လျစ်လျစ်နှင့်။ အင်္ကျီလုံချည်က မသားနားသော်လည်း သပ်သပ်ရပ်ရပ်ကလေးနှင့်။

သူက အရက်မူးလဲနေသူ လူကြီးကို လက်နှစ်ဖက်ဖြင့် ချိုင်းမှ မ,ယူကာ ဆွဲထူနေသည်။ လူကြီး၏ လေးလံသော ခန္ဓာကိုယ်၊ မူးနေသော အရှိန်တို့ကြောင့် ကြိုးပမ်းမှုမှာ အရာမရောက်။ ဆွဲထူလိုက် ပြန်လဲကျလိုက်။

"ထပါ အဖေရာ၊ လမ်းဘေးကြီးမှာ မကောင်းပါဘူး၊ အိမ်ကျမှ အိပ်ပါ နော်... အဖေ"

"မထနိုင်ဘူးကွ သားရ"

"သားကို တွဲပေါ့"

"မင်း ဘယ်နိုင်မလဲကွ ဝေါ့..."

ပြောရင်းနှင့် ဖခင်က ထိုးအန်သည်။ သားငယ်က ဖခင်၏ကျောကို နှိပ်ပေးသည်။

"ငါ ဒီမှာပဲ အိပ်တော့မယ်ကွာ"

"ဟာ... အဲဒီလို မလုပ်ပါနဲ့ အဖေရယ်၊ သူများတွေ ကြည့်နေတာ ရှက်စရာကြီး၊ နေကလည်း တအားပူတာဗျ၊ သားစကား နားထောင်ပါ အဖေရာ"

"မင်းက ဆရာတယ်လုပ်တာပဲ၊ ငါက ဘယ်သူ့ကိုမှ ငရုစိုက်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သားလည်း ဂရုမစိုက်ပါဘူး အဖေရာ၊ ဒါပေမယ့် နေပူလို့ အဖေ တစ်ခုခု ဖြစ်မှာစိုးလို့ ပြောတာ"

"အံမာ... ငါ့သားက အဖေ့ကို စိတ်ပူတယ်ပေါ့"

"ဟုတ်..."

"ကဲ ဒါဆို သားစကားနားထောင်မယ်ကွာ၊ အဖေ ထမယ်"

သို့ဖြင့် ဆွဲထူ၊ ပြန်လဲကျ၊ ထပ်မံဆွဲထူ၊ ပြန်ထနှင့် နောက်ဆုံးမှာ အောင်မြင်သွားသည်။ ဖခင်ကို သူ့ကိုယ်ကလေးဖြင့် ထိန်း၍ မလဲအောင်ကြိုးစားရင်း နေရာမှ သူတို့ ယိုင်တိယိုင်ထိုးဖြင့် တရွေ့ရွေ့ ထွက်ခွာသွားကြသည်။

သည်မြင်ကွင်းကို လမ်းပေါ်မှ လူများ၊ ဖြတ်သန်းသွားသော ကားပေါ်မှ လူများနှင့် အနီးရှိကဖီးနှင့် အအေးဆိုင်ထဲမှ လူများက လှမ်းကြည့်နေကြသည်။

သည်ထဲမှာ...

ကဖီးနှင့် အအေးဆိုင်ထောင့်တစ်နေရာမှာ မွေးနှင့် မွေးဖခင်လည်း ပါဝင်သည်။ ဝေဖန်ခြင်းမဟုတ်သော မွေးရင်ထဲက ပြောလိုက်သော စကားမှာ–

"အဲဒီကောင်လေးသာ သမီး သူငယ်ချင်းဖြစ်ရင် သိပ်ကောင်းမှာပဲ နော်" တဲ့။

*

www.burmeseclassic.com

www.burmeseclassic.com

"သူငယ်ချင်း ဖြစ်ရင် သိပ်ကောင်းမှာပဲနော်လို့ ပြောခဲ့တဲ့ မွေးနဲ့ ရဲနဲ့ တကယ် သူငယ်ချင်း ဖြစ်ခဲ့ပြီနော်၊ လောကကြီးက သိပ်ဆန်းကြယ်ဘာပဲ"

ဟို လွန်ခဲ့သည့် ခြောက်နှစ် ခုနှစ်နှစ်ဆီမှ ပထမဆုံး ရဲသူတို့ကို ဒတင် တွေ့ရှိခဲ့ရသည့်အဖြစ်ကလေးကို မျက်ဝန်းမှာ မြင်ယောင်ရင်း မှတ်မှတ်ရရ မွေး ပြောလိုက်ခြင်း ဖြစ်၏။

ကျောင်းအသွားလမ်းမှာပင် ဖြစ်သည်။

ရဲသူက စလွယ်သိုင်းထားသော လွယ်အိတ်ကို အနေအထားပြင်၍ လွယ်ရင်း အတူယှဉ်လျှောက်လာသူ မွေးကို တစ်ချက် စောင်းငဲ့ကြည့်သည်။ နေမြဲတိုင်း မျက်နှာတည်တည်ကလေးနှင့်–

"ဘာဖြစ်လို့ ငါနဲ့ သူငယ်ချင်း ဖြစ်ချင်ရတာလဲဟင် မွေး…"



www.burmeseclassic.com

www.burmeseclassic.com



ဟို့စဉ်က မွေး၏အတွေးဆန္ဒကို သူက တစူးတစမ်းမေးသည်။

"ဘာကြောင့်မှန်းတော့ မွေးလည်း အတိအကျ မပြောတတ်ဘူး၊ အဲဒီတုန်းက ရဲက ရဲဖေဖေကို ဆွဲထူပြီး ခေါ်သွားတာမြင်တော့ မွေး ရင်ထဲမှာ ကျေနပ်လည်း ကျေနပ်တယ်၊ ကြည်နူးလည်း ကြည်နူးတယ်၊ လေးစားလည်း လေးစားတယ်၊ သနားလည်း သနားတယ်၊ အဲဒီတုန်း က မွေးက ဖေဖေ မေမေတို့ အစစအရာရာအလိုလိုက်ခံထားရတဲ့ တစ်ဦးတည်းသော သမီး။ ခက်ခဲတာ ကြမ်းရှတာ ဘာမှ မရှိဘူး၊ စိတ် ညစ်ညူးတာ ဘာမှ မရှိဘူး၊ ဒီတော့ ရဲကို အထင်ကြီးသွားတာလည်း ပါတယ်ပေါ့။ ရဲကို အစ်ကိုဖြစ်ချင်မိပေမယ့် ဖြစ်ခွင့်မရတော့ သူငယ် ချင်း ဖြစ်ချင်သွားတာ နေမှာပေါ့"

ဆွေးဆွေးမြည့်မြည့် ပြန်ပြောရသော ကြည်ကြည်နူးနူး အကြောင်း အရာလေးပါ။

"ဒါဆို အဲဒီကတည်းက မွေးက ငါ့ကို ခင်သွားတာပေါ့ ဟုတ် လား"

"အင်းပေါ့"

"အဲဒီတုန်းက ငါကလည်း မွေးကို မတွေ့မိလိုက်လို့ပါ၊ တွေ့ မိရင် ငါလည်း အဲဒီကတည်းက မွေးကို ခင်မိသွားမှာပါ"

မွေးရင်မှာ သိမ်သိမ့်ကလေး လှုပ်သွားသည်။

"ငါ့မှာလည်း ညီအစ်ကိုမောင်နှမ မရှိပါဘူးဟာ၊ မွေးလိုပဲ သဘောကောင်းတဲ့ညီမလေးတစ်ယောက် လိုချင်တာပေါ့၊ ဘာပဲဖြစ်ဖြစ် တိုင်ပင်လို့ရတာပေါ့၊ တကယ်တော့ မွေးနဲ့ ငါနဲ့က ဘဝတူတွေပါပဲ"

"ဟုတ်တယ်နော်... ရဲ၊ ရဲနဲ့ မွေးက တကယ့်ဘဝတူတွေပါ၊ အခုဆို ရဲမှာလည်း ရဲဖေဖေနဲ့ ရဲနဲ့ နှစ်ယောက်တည်း၊ မွေးမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



မွှေးမေမေနဲ့ မွှေးနဲ့ နှစ်ယောက်တည်း…”

ပြောရင်းနှင့်ပင် မွှေးရင်မှာ ဆွေးဆွေးလေး ဖြစ်သွားရပြန်၏။ ကွယ်လွန်သွားပြီ ဖြစ်သော မွှေးဖေဖေကိုလည်း ဖျတ်ခနဲ သတိရသည်။ စိတ်သဘောထား နူးညံ့ပျော့ပျောင်းသော၊ ဇနီးနှင့် သမီးကို ယုယကြင်နာသော၊ အလုပ်ကို ကြိုးစားသော ဖေဖေ၏ ရုပ်ပုံလွှာများကို မှတ်မှတ်ရရ ရှိလှသည်။ ဖေဖေ မရှိမှ ချို့ချို့ငဲ့ငဲ့ ဖြစ်ရသော၊ မျက်နှာငယ်ခဲ့ရသော ဘဝအဆစ်အချိုးကလေးများကိုလည်း မြင်ယောင်သည်။ ဖေဖေ၏အရိပ် အာဝါသကို မွှေး ပို၍နားလည်လာသည်ဟုဆိုလျှင် မှန်ပါလိမ့်မည်။

“ငါ အဲဒါကြောင့် မွှေးကို သနားတာ”

ရဲသူ့ အပြော။ မွှေးက ခေါင်းကလေးကို ယမ်းခါပစ်လိုက်သည်။ ဆံပင်လေးတွေ လေမှာ လွင့်ဝဲကာ ပါးနှစ်ဖက်ကို ပွတ်သပ်ရိုက်ခတ် သွားသည်။

“ဟင့်အင်း… မွှေးကို မသနားနဲ့၊ မွှေးမှာ ဖေဖေ မရှိပေမယ့် မေမေရှိတယ်၊ မေမေက ဖေဖေ မရှိတော့လို့ အဖေလိုရော အမေလိုပါ မွှေးကို ချစ်တယ်၊ ဂရုစိုက်တယ်၊ ကြင်နာတယ်၊ ယုယတယ်၊ မွှေးတို့ ဆင်းရဲသွားတာ မှန်ပေမယ့် မေတ္တာတော့ မွဲမသွားဘူး ရဲရဲ့။ မွှေးကသာ ရဲကို သနားတာ”

“ဘာဖြစ်လို့လဲဟ၊ ငါက ယောကျ်ားလေးလေ”

ရဲသူ၏ မျက်နှာက ဘယ်အခါမှ အားငယ်နွမ်းလျဟန် မရှိ။ အရာရာကို ရင်ဆိုင်ရဲသောသတ္တိများဖြင့် အစဉ် လန်းဆန်း တက်ကြွ နေသည်ကို မွှေး သိပါသည်။

“ရဲက ယောကျ်ားလေးမို့ မွှေးထက် ရဲရင့်တာ မှန်ပါတယ်၊ ဒါပေမယ့်…”



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မွေး စကား ရှေ့မဆက်နိုင်။

"ဒါပေမယ့် ဘာဖြစ်လဲ"

မွေး ပြောမထွက်။

"ငါ့အဖေက အရက်သမားကြီး ဖြစ်နေလို့ မဟုတ်လား မွေး"

ရဲသူကပင် စကားကိုဖြည့်စွက်သည်။ မွေး မချိပြုံးဖြင့် ခေါင်း ညိတ်ပြလိုက်ရ၏။ ရဲသူကလည်း ပြုံးပါသည်။

" ငါ့အဖို့တော့ အဖေ အရက်သမားကြီး ဖြစ်နေတာ ဘာမှ အနှောင့်အယှက် မဖြစ်ဘူး၊ စိတ်မကောင်းလည်း မဖြစ်ဘူး၊ ရှက်လည်း မရှက်ဘူး၊ အဖေက သူ့အကြောင်းနဲ့သူ အရက်သမားကြီး ဖြစ်တာ၊ မှန်တယ် မပြောလိုပေမယ့် အပြစ်တော့ မတင်ချင်ဘူး၊ ပြီးတော့ ငါက ယောကျ်ားလေးဆိုတော့ အဖေ အရက်သောက်တာ ပြဿနာ မရှိလှဘူး"

"ဒါပေမယ့် ရဲရယ်၊ ရဲဘဝကို ရဲရုန်းကန်နေရတာကို ကြည့်ပြီး မွေး ရင်မောတယ်၊ စိတ်လည်း မကောင်းဘူး"

ဘဝပေးအခြေအနေအရ ရဲသူမှာ ကျောင်းချိန်ပြင်ပတွင် အလုပ် လုပ်ရသည်။ ရဲသူတို့ကျောင်းက နှစ်ချိန်ကျောင်း။ ရဲသူတို့က မနက် ပိုင်း တက်ရသည်။ ကျောင်းဆင်းပြီး အိမ်ပြန်ရောက်သည်နှင့် ရဲသူ သံနန်းဆွဲ အလုပ်ရုံသို့ ပြေးရသည်။ ကျူရှင် တက်ချိန် မရ။ မိုးချုပ်မှ အလုပ်က ပြန် ရေမိုးချိုး။ ပြီးတော့ ချက်ပြုတ်စရာရှိတာ ချက်ပြုတ် စားသောက်။ ဂျင်ဂျင်လည်နေသောဘဝမှာ စာဖတ်ချိန် သိပ်မရသော် လည်း အတန်းထဲမှာကျတော့ ရဲသူက ပထမစွဲသည်။ ကျောင်းက ဆရာ၊ ဆရာမတွေကလည်း ရဲသူကို ချစ်ကြ၊ ခင်ကြ၊ အားပေးကြ၊ ချီးကျူး ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးတို့ သည်ရပ်ကွက်သို့ ပြောင်းလာပြီးမှ ငယ်စဉ်က တစ်ကြိမ် တွေ့ခဲ့ဖူးသော ရဲကို မမျှော်လင့်ဘဲ ပြန်ဆုံရခြင်း ဖြစ်သည်။ ဆုံပြန်တော့လည်း အိမ်ချင်းကပ်လျက်။ ခြေရင်း ခေါင်းရင်း။ မွေးတို့ သားအမိမှာ မိန်းမသားချည်းဖြစ်သဖြင့် ရဲတို့ သားအဖက အစစ ကူညီပေးသည်။ အချိန်တိုအတွင်းမှာပင် နှစ်အိမ်တစ်အိမ် ညီအစ်ကို မောင်နှမရင်းများ မခြား ခင်မင်သွားကြသည်။

ရဲသူနှင့် အတူ ကျောင်းတက် ကျောင်းပြန်။ တစ်ခါတရံမှာ စာအတူကျက်၊ သင်္ချာအတူ တွက်။ တစ်ခါတရံ မုန့်အတူစား။ သည်သံယောဇဉ်လေးက အဖြူရောင်သက်သက်ပါ။ သို့သော် သူငယ်ချင်းတွေက စ,ကြ နောက်ကြတော့လည်း ရင်မှာ ဖိုတိုတို ရှိန်းမြမြ။

ရဲသူ့ ရင်မှာလည်း ထိုသို့ပင် ရှိမည် ထင်၏။

"ငါ့ကို စတွေ့တော့ မွေးမှာ ဖေဖေ ရှိသေးတယ်နော်"

မွေး ခေါင်းညိတ်သည်။

ရဲသူ ပြောမှ မွေး အတိတ်က တူးဆွလိုက်သလို ပေါ်လာပြန်၏။ ထိုစဉ်က ဖေဖေ ရှိပါသေးသည်။ အိမ်နှင့် ဝန်းနှင့် ခြံနှင့်။ သင့်သင့်တင့်တင့်၊ အဆင့်မြင့်မြင့်နေနိုင် စားသောက်နိုင်သောဘဝကို မွေး ပိုင်ဆိုင်ခဲ့သည်။ ဖေဖေက အရောင်းအဝယ် လုပ်ပါသည်။ ဖေဖေ၏ရိုးသားမှု၊ ကြိုးစားမှုကြောင့် မိတ်ဆွေ ပေါကာ လုပ်ငန်းလည်း အောင်မြင်လှ၏။ စီးပွားတို့ တရိပ်ရိပ်တက်လာသော ကာလပါ။ မေမေကမူ အိမ်မှုကိစ္စနှင့် မွေးကိစ္စတွေမှာသာ အချိန်ကုန်ပါသည်။ အပြင်အလုပ် မလုပ်နိုင်။

တစ်ဦးတည်းသော သမီးဖြစ်သည့် မွေးသည် ဖေဖေ့ အသည်းစွဲ ဖြစ်၏။ မေမေ့ထက်ပို၍ ဖေဖေက မွေးကိုပိုချစ်သည်ဟု မွေး ထင်သည်။ တစ်ခါမျှ ဆူဖူး၊ ရိုက်ဖူးသည် မရှိ။ မွေးကို မျက်နှာ အညိုးမခံ။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



အငယ်မခံ။ ဘာလိုချင်သလဲ ချက်ချင်းရောက်စေ၊ ချက်ချင်းဖြစ်စေ သတည်းပဲ။ သည်တုန်းက မွေးတို့လက်ညှိုးညွှန်ရာ ရေဖြစ်ခဲ့သည်သာ။ စေတစ်လုံးပိုင်ခဲ့သည်သာ။ မေမေကတော့ မွေးကိုချစ်သော်လည်း စည်းနှင့်ကမ်းနှင့်ချစ်သည်။ နေရာတကာ အလိုမလိုက်၊ သည်တော့လည်း မွေးက ဖေဖေ့ကို ပိုကပ်သည်။ ပိုချွဲသည်ပေါ့။

အလျှံပယ်ချမ်းသာကြွယ်ဝခြင်းမဟုတ်သော်လည်း မွေးတွင် လိုအပ်ချက်မရှိ။ ပြည့်စုံနေခဲ့သည့် ပန်းခင်းလမ်းပေါ်မှ မမျှော်လင့်ဘဲ ဆူးခင်းလမ်းပေါ်သို့ ရုတ်တရက် ပြောင်းလဲကျရောက်သွားခဲ့ရသည်မှာ မွေး ဆယ့်နှစ်နှစ်ရွယ်၊ ခုနစ်တန်းတက်နေစဉ်ကာလမှာ ဖြစ်သည်။

မွေး၏ချစ်သောဖေဖေသည် ငယ်ရွယ်နုပျို တက်ကြွနေဆဲအချိန်မှာပင် မရဏမင်းခေါ်ရာသို့ ပါသွားခဲ့ရသည်။ ခရီးထွက်ရာတွင် ကားတိမ်းမှောက်ကာ ဖေဖေသည် လူ့လောကကို စွန့်ခွာသွားခဲ့ရင်း မွေးတို့ကို ကျောခိုင်းသွားခဲ့၏။ လောကဓံ၏ နေ့ပူဒဏ်ကို မွေးတို့ သားအမိ အကာအကွယ်မဲ့ ရုတ်ချည်း ရင်ဆိုင်လိုက်ရတော့သည်။

ထိုကာလကား ယိမ်းယိမ်းယိုင်ယိုင် လှုပ်လှုပ်ခါခါ။ မေမေက အလွန်တရာအေးဆေးသူ။ ရိုးသားသူ။ မိဘများနှင့် နေခဲ့ရစဉ်ကလည်း မေမေသည် ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင်ဘဝ။ ဖေဖေနှင့် အိမ်ထောင်ကျတော့လည်း အပူအပင် ဝေလာဝေး။ ဖေဖေ၏ အရာရာ ဖြည့်စွမ်းပေးခြင်း ခံရသည်။ သည်တော့လည်း ဖေဖေ ရုတ်တရက်ကျော ခိုင်းသွားသောအခါ မေမေ့မှာ ခြေမကိုင်မိ၊ လက်မကိုင်မိ၊ စမ်းတဝါး ဝါးဖြစ်ရသည်။

စီးပွားရေးကို နားမလည်ခဲ့သော မေမေသည် ဘယ်ကစ၍ ဘယ်လမ်းကို လျှောက်ရမည်မသိ။ ဖေဖေ၏ လုပ်လက်စ အလုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မေမေက နားမလည်သည့်မို့ ဆက်လက် မထိန်းသိမ်းနိုင်ရုံမက အဆုံးအရှုံး အပျက်အစီးတွေနှင့် ကြုံရသည်။ အပေါင်းအသင်းတစ်ချို့ကိုအားကိုးပြီး စီးပွားရေး လုပ်ဖို့ ကြိုးစားတော့လည်း လည်ဝယ်သူတို့က ပညာပြ လိမ်လည်ကာ မေမေ့ကို အပြုတ် ဖြုတ်သွားခဲ့ကြသည်။

သို့ဖြင့် ရှိနေပြီးသော လက်ဝတ်လက်စားလေးတွေ ထုခွဲရောင်းချ စားသောက်ရင်း မွေးတို့သားအမိ ဘဝကို ဆက်လက် ရုန်းကန်လာခဲ့ရသည်။ အဆင်မပြေမှုများ၊ ကြပ်တည်းဆင်းရဲမှုများ၊ နှိမ့်ချ ပြစ်တင်မှုများ၊ ကဲ့ရဲ့ ရှုတ်ချမှုများကြားမှာ တဝဲလည်လည်နှင့်။

လောကဓံတရားသည် နိမ့်လိုက်မြင့်လိုက် ငှက်ခါးပျံသလိုဟု ဆိုကြသော်လည်း ဖေဖေ မရှိတော့သည့်နောက် မွေးတို့ သားအမိဘဝမှာ အနိမ့်ပိုင်းချည်းသာ။ နောက်ဆုံးတွင် မွေးတို့နေသော အိမ်နှင့်ခြံကို ရောင်းပစ်လိုက်ရသည်။ ကြွေးတစ်ချို့ ဆပ်ပြီး ကျန်ငွေဖြင့် မြို့သစ်မှာ အိမ်ကလေးပြန်ဝယ်ရသည်။

သည်မှာ ရဲသူနှင့် ပြန်ဆုံရခြင်းဖြစ်ပါ၏။

ကုန်စုံဆိုင်ကလေး တစ်ဆိုင် တည်ကာ မွေးတို့ သားအမိ ဘဝ ရှေ့ရေးကို ဖန်တီးခဲ့ကြရသည်။ ယခုတော့လည်း နေသားကျ အနည်ထိုင်စ ပြုခဲ့ပြီ။

အိမ်ချင်းကပ်၊ ခြေရင်း ခေါင်းရင်း နေရတော့မှ ရဲသူနှင့် မွေး သူငယ်ချင်း ဖြစ်ခဲ့ရသလို ရဲသူတို့ သားအဖ၏ စောင့်ရှောက်မှုကလည်း မိန်းမသားချည်းဖြစ်သော မွေးတို့အဖို့ လုံခြုံမှု ရှိစေခဲ့ပါ၏။

ရဲသူ၏ ဖခင် ဦးတိုးမြမှာ အရက်သောက်သည်မှ တစ်ပါး စိတ်နှလုံးကောင်းကြောင်း၊ အကျင့်စရိုက်ကောင်းကြောင်း မွေး သတိပြုမိ၏။ မွေး၏ မိခင် ဒေါ်မြတ်မွန်ကိုလည်း နှမရင်းသဖွယ် ဆက်ဆံသကဲ့

www.burmeseclassic.com



သို့ မွေးကိုလည်း သမီးသဖွယ် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံသည်။

"အဖေက ငါငယ်ငယ် အမေမကွယ်လွန်မီကဆိုရင် အလုပ်ကြိုးစားပြီး အင်မတန် လူချစ် လူခင် များခဲ့တာ၊ အမေနဲ့ အကြောင်းပါကြတော့ အမေ့ဘက်က သဘောမတူကြဘူး၊ အဖေက ဆင်းရဲတာကိုး။ အမေတို့ဘက်က ချမ်းသာတယ်လေ၊ အမေက အဖေ့ကို ချစ်လို့ အမွေပြတ် အစွန့်လွှတ်ခံပြီး အဖေ့နောက် လိုက်လာခဲ့တာ။ ဒါကို နားလည်လို့ အဖေက အမေ့ကို အရမ်းဂရုစိုက်တယ်၊ ဘာမဆို အမေ့စိတ်တိုင်းကျပဲ၊ အမေ ကျန်းမာရေးမကောင်းဖြစ်လာတော့ အဖေ အတတ်နိုင်ဆုံးပြုစုတာပါပဲ၊ ဒါပေမယ့် မရတော့ဘူး၊ အမေ ငါတို့ကို စွန့်ခွာသွားရတော့တယ်၊ အဲဒီကတည်းက အဖေ စိတ်ထိခိုက်ပြီး အရက်သောက်တာပဲ၊ သူသာ ချမ်းသာရင် အမေ့ကို ငွေကြေးပြည့်ပြည့်စုံစုံနဲ့ ရောဂါပျောက်အောင် ဆေးကုပေးနိုင်မှာ၊ ခုတော့ အဖေက မချမ်းသာလို့ အမေ့ကို မကုနိုင်ဘဲ လက်လွှတ်ရတာလို့ အဖေ့စိတ်ထဲမှာ စွဲနေတယ်၊ ဒါဟာ အဖေ အရက်စွဲရခြင်းအကြောင်းရင်းပါပဲ"

ရဲသူက သူ့ဘဝအကြောင်း ရင်ဖွင့်ခဲ့သည်။ မွေး စာနာမိရသည်။

"ဒါပေမယ့် မွေးရာ... အဖေက အရက်ရဲ့ ကျေးကျွန်ကြီးသာ ဖြစ်နေတာပါ၊ ကံငါးပါးမှာ ကျန်ကံလေးပါးကို လုံပါတယ်၊ အဖေ နေတာထိုင်တာ ပြောဆိုဆက်ဆံတာကို မွေးမြင်မှာပါ၊ ငါကတော့ အဖေ့ကို အပြစ်မမြင်ပါဘူး၊ သနားတာပဲ ရှိတယ်၊ ငါ့အပေါ်မှာလည်း ကောင်းတယ်၊ ချစ်တယ်၊ စောင့်ရှောက်တယ်။ အခုလို အဖေက အရက်သမားကြီးလုံးလုံးဖြစ်နေတော့ အဖေ့ကို ငါ ပြန်ပြီး ဂရုစိုက် ပြုစုရမှာပေါ့၊ ဆိုးဆိုးကောင်းကောင်း အဖေဟာ အဖေပဲလေ၊ အဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ချစ်တယ်လေ"

ရဲသူ အပြောနှင့် အလုပ် ညီပါပေသည်။

တစ်ဖက်က ဘဝအတွက် ကျောင်းတက်၊ တစ်ဖက်က ဝမ်းစာအတွက် အလုပ်လုပ်။ အလုပ်က ပြန်လာတော့ ချက်ပြုတ်၊ လျှော်ဖွပ်။ ဖခင်ကို ခူးခပ်ကျွေးမွေး ပြုစု။ မူးနေလျှင် အိပ်ရာထဲ တွဲပို့။ နှိပ်နယ်ပေး။ ဖခင်ဖြစ်သူ အန်ထားသော အန်ဖတ်များကို ဆေးကြောသုတ်သင်။ ဖခင် အိပ်ပျော်မှ စာဖတ်။ နံနက်စောစောထ ချက်ပြုတ်။ ဖခင်အတွက် ပြင်ဆင်ပေး။ ပြီးမှ ကျောင်းသွား။

မိန်းကလေးဖြစ်သော မွှေးပင်လျှင် ရဲလောက် မညည်းမညူ စိတ်ရှည်လက်ရှည် ဖခင်ကို ပြုစုနိုင်မည် မထင်။

မေမေက–

"မေမေတွေ့ဖူးသမျှ သားယောကျ်ားလေးတွေထဲမှာတော့ မောင်ရဲဟာ အတော်ဆုံးပဲ၊ မျက်မမြင် မိဘနှစ်ပါးကို ပြုစုတဲ့ သုဝဏ္ဏသာမလို သားမျိုးပဲ၊ မေမေ့သားလေးသာ ဖြစ်ရင် သိပ်ကောင်းမှာပဲ" ဟု ပြောသည်။ မွှေးက "ဘာလဲ မေမေက ရဲကို သမီးထက် ပိုချစ်တာလား" ဟု ရယ်၍ မေးတော့ "သမီးက သမီးပဲလေ၊ သမီးကလွဲရင် မောင်ရဲဟာ မေမေ့အချစ်ဆုံးပဲ" ဟု ပြောလေသည်။

"ငါကတော့ ဖိနပ်မရှိလို့ စိတ်မပျက်ဘူး၊ ခြေထောက်ရှိတာကို ဝမ်းသာတယ်"

ရဲသူ၏ ပြောမြဲ လက်သုံးစကား။ ယခုလည်း ပြောပြန်ပါလေ၏။

"ရဲစကားက အဓိပ္ပာယ် ရှိတယ်၊ မွှေး အားတက်သွားပြီ"

"မွှေးနဲ့ ငါက ဘဝတူပါဟာ၊ အခက်အခဲ ရှိလာတဲ့အခါ ဘို့နှစ်ယောက် အပြန်အလှန် ကူညီကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ရဲ…"

အကြည့်ချင်းအဆုံမှာ ရင်တစ်ချက် ခုန်သွားသည်ကို မွေး သတိပြုမိ၏။ ရှက်စိတ်ဖြင့် မျက်လွှာကိုပြန်ပိတ်ရ၏။ မငြိမ်သောရင်ကြောင့် ခြေလှမ်းတွေ မဖြောင့်တန်းချင်။

ရှေ့တွင်ရှိသော ကျောင်းမှ ခေါင်းလောင်းသံသည် မွေးတို့ကို ဆီးကြိုနေလေပြီ။

*

www.burmeseclassic.com

www.burmeseclassic.com

နလုံးသား၌ ခိုတွယ်နေသော ကြိုးမျှင်တို့ကို ယယ်ရှယ်သူမို့ ရဲသူလည်း အလုံးကုန်စဉ်နားလည်မည် မဟုတ်သလို မွေးလည်း နားလည်ခဲ့ခြင်း ရှိပါ။ ကြည်နူးခြင်း၊ ပြုံးပျော်ခြင်းတို့သာ အလေးကဲနေသော မွေးနှင့် သူဘာဝအတွင်းသို့ ဝင်ရောက်မွေနှောက်ရန် ရောက်လာသူကား ဦးလူလု ဖြစ်သည်။

ထိုနေ့က နေ့လည်ဘက် မေမေ နားပါစေဟု ဆိုင်မှာ မွေးက ထိုင်ပေးရင်း စာကျက်သည်။ မေမေက အိမ်ထဲမှာ လှဲရင်း တရားစာ ဖတ်နေသည်။

ထိုအခိုက်မှာ ရဲသူနှင့်အတူ ဦးလူလု ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှုလှမှာ အသက်လေးဆယ်ကျော်ခန့်။ သားသားနားနား စတိုင်လ်ကျကျ ဝတ်စားသော်လည်း မျက်နှာအစ်အစ်၊ မျက်ပေါက်ကျဉ်းကျဉ်း၊ ဗိုက်ပူပူနှင့်။ ထိုသူ၏အင်္ဂါရုပ်မှာ လှူကောင်း သူကောင်း ရုပ်ဖမ်းထားသော်လည်း တည်ကြည်ခန့်ငြားမှု ကင်းမဲ့နေသည်ဟု မွှေးထင်မိ၏။

"မွှေးရေ... မွှေးတို့ရဲ့ဧည့်သည်၊ ငါ့အလုပ်က ထမင်းစား အပြန်လမ်းမှာ မွှေးတို့အိမ်မေးနေလို့ ခေါ်လာခဲ့တာ"

ရဲသူက ပြောသည်။ မွှေး မှတ်မိပါ၏။ ဖေဖေ၏ မိတ်ဆွေထဲက တစ်ဦးပါ။

"ဪ ဦးလေး လာ၊ အိမ်ပေါ်ကြွပါ၊ မေမေရေ ဧည့်သည်လာတယ်"

မွှေးက အိမ်ရှင်ဝတ်အရ ကြိုဆိုကာ တစ်ဆက်တည်း မေမေ့ကိုပါ လှမ်းပြောလိုက်သည်။ ဦးလှုလှ ဆိုက်ကားပေါ်မှ ဆင်းလာသည်။ မေမေက အိမ်ဝမှ ပေါ်လာပြီး–

"ကိုလှုလှပါလား... လာ လာ အိမ်ပေါ်တက်"ဟု ဖိတ်ခေါ်သည်။ မွှေးက ဧည့်သည်အတွက် ရေနွေးကြမ်းနှင့် လက်ဖက်ကို ပြင်ဆင်ပေးသည်။ မေမေတို့စကားပြောနေစဉ် အိမ်ပေါ်မှ ဆိုင်ကို ပြန်ထွက်လာတော့ ရဲသူကို ဆိုင်ပေါ်တွင်ထိုင်လျက်တွေ့ရသည်။ ဦးထုပ်နှင့် ယပ်ခတ်နေရာမှ–

"အဲဒီလူကြီးက မွှေးတို့အမျိုးလား"

မေးသည်။ မွှေးက အိမ်ပေါ်သို့ တစ်ချက်ဝေ့ကြည့်ကာ လေသံနှိမ့်၍–

"အမျိုး မဟုတ်ပါဘူး။ ဖေဖေ့မိတ်ဆွေတစ်ဦးပါ၊ အိမ်ကို ဖေဖေရှိတုန်းက သုံးလေးခေါက် လာဖူးပါတယ်၊ ဒီရောက်ပြီးမှတော့ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး လာတာပါပဲ”ဟု ပြောလိုက်သည်။

“ချမ်းသာလား”

“အင်း...”

“ဟုတ်မှာပေါ့၊ စကားပြောတာ တော်တော့်ကို အထက်စီးလေသံ ပါတယ်...”

“မွေးနဲ့လည်း သိပ်အကြောမတည့်ပါဘူး”

“စောစောက သူ မွေးကို ကြည့်တာ တစ်မျိုးကြီးပဲလို့ ငါ သတိ ထားမိတယ်”

ရဲသူ၏ မျက်နှာကို မွေး ဖျတ်ခနဲ ကြည့်မိ၏။ ရဲသူ၏ မျက်နှာ မဖြစ်စဖူး ညိုမှိုင်းနေသည်ဟု မွေး ထင်သည်။

အိမ်ထဲသို့ မွေး ရေနွေးကြမ်းနှင့် လက်ဖက်သွားပို့စဉ်က ဦးလူ လှ၏အကြည့်ရိုင်းရိုင်းတွေကို မွေးလည်း သတိပြုမိခဲ့သည်ပဲ။ ‘ကြည့်စမ်း ပါဦး အပျိုကြီးဖားဖားဖြစ်ပြီး လှလာလိုက်တာ’ ဟူသော စကားက ရင်းနှီးမှု ဟန်ဆောင်ထားသော်လည်း မရိုးသားမှုတွေ နောက်ပါးမှာ ကပ်ငြိနေသည်ဟု မွေး ထင်၏။ ဒါကိုတော့ ရဲသူကို မွေး ပြန်မပြော ဖြစ်ပါ။

ဒါတောင်မှ–

“အဲဒီလူကြီးကို ကြည့်ရတာ ငါ့အဖို့တော့ မီးကို ကြည့်ရသလိုပဲ” ဟု ရဲသူက ပြောနေသေးသည်။

ညကျတော့ မေမေ့ကို ထိုလူကြီးအကြောင်း မွေး အနည်းငယ် နှုးစမ်းကြည့်သည်။ မေမေ့မျက်နှာ အနည်းငယ်ဖျော့တော့သွားသည်။

“သူက သမီး ဖေဖေရဲ့ မိတ်ဆွေလေ၊ သမီး သိပါတယ်၊ အရင်က သမီးဖေဖေနဲ့ အလုပ်တွဲလုပ်ဖူးတယ်၊ အိမ်ကိုလည်း လာဖူးပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုလာတာကလည်း အဆင်ပြေရဲ့လား၊ အကူအညီ လိုသလားပေါ့ ကွယ်၊ အဲဒါပါ…”

မေမေ့စကားတွေက ရှည်လျားသော်လည်း မပြည့်စုံသေးဟု မွေး ခံစားရသည်။

“သူ့ဆီက အကူအညီတော့ မယူပါနဲ့ မေမေရယ်၊ သမီးတို့ဘာ သာ ရပ်တည်လို့ ရပါတယ်၊ ပြီးတော့ အဲဒီလူကြီးကို ကြည့်ရတာ မရိုး သားဘူးလို့ သမီး ထင်နေတယ်”

“ဩော် သမီးရယ်”

ဦးလူလုသည် မွေးတို့ ဘဝအတွင်းသို့ နတ်ဆိုးကြီးတစ်ကောင် လို ဝင်လာလိမ့်မည်ဟု ထိုစဉ်ကတည်းက မွေး ထင်ခဲ့သည်မှာ မမှားပေ။

*

www.burmeseclassic.com

www.burmeseclassic.com

"စာမေးပွဲ ဖြေနိုင်ပါစေ၊ အမှတ်ကောင်းကောင်းနဲ့ အောင်ပါစေ၊ ခိုးမချဘဲနဲ့ အားလုံး ရပါစေ"

စာမေးပွဲဖြေရန် မသွားမီ ရဲသူက ဦးတိုးမြကို ထိုင်ကန်တော့သောအခါ ဦးတိုးမြက အရက်မူးမူးနှင့် ဆုတွေ ကပေါက်တိကပေါက်ချာ ဆုံးသည်။ ဒါကိုကြည့်ပြီး ရဲသူကို စောင့်နေသည့် မွေးတစ်ယောက် ကြိတ်ပြုံးမိသေးသည်။

"ဘောလ်ပင်တွေ ခဲတံတွေ အားလုံးပါပြီလား"

"ဟုတ်ကဲ့"

"နာရီလည်း ယူသွားနော်"



www.burmeseclassic.com

www.burmeseclassic.com



"ယူပြီးပြီ အဖေ"

"ဟိုလေ စာမေးပွဲဖြေတဲ့ ကတ်ပြား၊ အဲဒါလည်း မေ့သွားဦးမယ်"

"ညကတည်းက လွယ်အိတ်ထဲမှာ အားလုံး ထည့်ထားပါတယ်၊ မမေ့ပါဘူး အဖေရာ"

"အေး အေး... သွား သွား... စိတ်အေးအေးထားပြီး ဖြေ၊ မလောနဲ့၊ အဖေ ဒီကနေ မေတ္တာပို့ပေးနေမယ်"

သည်တစ်ခါတော့ မူးမူးနှင့် မှာနေသည့်ဆိုသော်ငြား ဦးတိုးမြ၏ ရင်ထဲက စေတနာ မေတ္တာကတော့ ပေါ်လွင်လွန်းလှသည်မို့ မွေးရင်ထဲသို့ စိမ့်ဝင်သွားသည်ဟု ဆိုချင်ပါသည်။

ရဲသူ့ မျက်နှာမှာလည်း ပီတိပြုံးနှင့်ပါ။

ဦးတိုးမြ၏ မေတ္တာကြောင့်ပင် ထင်ပါ၏။ ရဲသူရော မွေးပါ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ကြသည်။

နောက်ဆုံးနေ့အထိ အထစ်အငေါ့ မရှိ။

"ဘယ်လိုလဲ"

မွေးအမေကို ရဲသူက လက်မထောင်ပြသည်။

"ကျိန်းသေပါတယ်၊ မွေးကော..."

"ရဲလိုပဲပေါ့..."

မွေးသူငယ်ချင်းတွေ ရောက်လာပြီး စ,ကြ နောက်ကြနှင့် စာမေးပွဲ နောက်ဆုံးနေ့မှာ ပျော်စရာအလွန်ကောင်းခဲ့သည်။ ပို၍ပျော်စရာကောင်း သည့်အကြောင်းကို ပြောပါဆိုလျှင်တော့ ထိုနေ့က ရဲသူက မွေးကို သကြိန်အကြို ရေလောင်းခဲ့ခြင်းကိုပါ။

အောင်စာရင်းတွေ ထွက်လာတော့ မျှော်လင့်ထားခဲ့သည့်အတိုင်း

www.burmeseclassic.com



ရဲသူရော မွေးပါ အောင်ကြသည်။ အောင်ကြသည်မှ ထူးထူးချွန်ချွန်ပါ။ ရဲသူရော မွေးပါ ဂုဏ်ထူးနှစ်ခုစီနှင့်…။

"ရဲကို မွေး အရမ်းချီးကျူးတယ်"

"ဘာဖြစ်လို့လဲ"

"ဂုဏ်ထူးတွေ ပါလို့"

"မွေးလည်း ပါတာပဲလေ"

"ဟင့်အင်း၊ မွေးက ကျောင်းကို စိတ်ချမ်းမြေ့စွာ တက်နိုင်တယ်၊ ကျူရှင် တက်နိုင်တယ်၊ စာအုပ်တွေ ဝယ်နိုင်တယ်၊ ရဲမှာတော့ ကျူရှင် တက်ချိန်မရဘဲ အလုပ် လုပ်နေရတာလေ၊ ရဲက မွေးလိုသာ အခွင့်အရေး ရရင် ဂုဏ်ထူးလေးငါးခုတောင် ထွက်နိုင်တယ်"

"မွေးက မြှောက်ပြောနေတာပါ"

"ဒါနဲ့ မွေး မေးရဦးမယ်၊ အခု ရဲ ဘယ်လိုဆက်လုပ်မလဲ၊ တက္ကသိုလ်တက်မှာလား"

"မွေးကော…"

မွေးအမေးကို မဖြေသေးဘဲ ရဲသူက ပြန်မေးသည်။ မွေးက 'တက်မှာပေါ့' ဟု ဖြေတော့–

"ငါ ဝမ်းသာပါတယ် မွေးရယ်၊ မွေး အမှတ်လည်း ကောင်းမှာပါ၊ မွေးရည်မှန်းထားတာတွေ အောင်မြင်မှာပါ" ဟု ရဲသူ ပြန်ဖြေသည်။

"ရဲကော တက္ကသိုလ်တက်မှာလား၊ မွေးမေးတာ ဖြေဦးလေ၊ အမှတ်ချင်းတူရင် ရဲနဲ့ မွေး တက္ကသိုလ်တစ်ခုတည်း တက်ရမှာ"

ရဲသူ ပြုံးသည်။ အပြုံးမှာ ခွန်အားမပါ။ အားယူပြုံးခြင်းသည်။

"ငါ ဘယ်လိုတက်နိုင်မှာလဲ မွေးရယ်၊ ငါ အလုပ်မလုပ်ရင်



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ ငါ ဘယ်လိုရပ်တည်မှာလဲ၊ ငါ အလုပ်လုပ်မှ ဖြစ်မှာ၊ ဒီတော့ အဝေးသင်ပဲ တက်ရမှာပေါ့"

မွေးရင်ထဲမှာ နင့်နင့်သည်းသည်း ကြေကွဲ ရှုရှုလေး ဖြစ်သွားသည်။ ရဲသူကို ကြင်နာကရုဏာသက်စွာ ကြည့်မိ၏။ အားပေးစကားတွေ ပြောချင်သော်လည်း ဘယ်က ဘယ်လိုစ၍ ပြောရမည် မသိ။

"မွေး စိတ်မကောင်းဖြစ်သွားလား၊ ငါ့အတွက် စိတ်မကောင်း မဖြစ်ပါနဲ့ဟာ၊ ဘဝဆိုတာ ဆန္ဒနဲ့ တစ်ထပ်တည်း မကျတတ်တာ သဘာဝပဲ၊ ဒါကြောင့် ဖြစ်သင့်တာကို ဦးစားပေးရမယ်"

"ရဲရယ်..."

*

www.burmeseclassic.com

www.burmeseclassic.com

မွေးက တက္ကသိုလ်တက်၍ ရဲသူက အလုပ်လုပ်နေတော့ အမြဲတမ်း နီးနီးကပ်ကပ် တတွဲတွဲနေခွင့် မရတော့။ စနေ တနင်္ဂနွေ ကျောင်းအားရက်တွေမှာပဲ ဖြစ်ဖြစ်၊ ရဲသူ အလုပ်က ပြန်လာပြီး ညဘက် အချိန်ရ၍ လာရောက်လည်လျှင်ပဲ ဖြစ်ဖြစ် ခဏတစ်ဖြုတ် တွေ့ကြရသည်။ စကားပြောကြရသည်။

"အဘက သားကို တက္ကသိုလ် ဆက်တက်ပါ၊ အဘ အလုပ် ပြန်လုပ်မယ်ဆိုတော့ သားက လက်မခံဘူးလေ"

ရဲ့ဖခင် ဦးစိုးမြက ပြောဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင်။ ရဲသူက သူ့ရှေ့ရေးထက် ဖခင်ကို ဦးစားပေးခဲ့ခြင်းပါ။ ဒါကို ဦးတိုးမြကလည်း နားလည်ပုံရပါသည်။

စင်စစ်တော့ ဦးတိုးမြကလည်း သားကိုချစ်သူပါ။ မှတ်မှတ်ရရပြောရလျှင် ဦးတိုးမြနှင့် ပတ်သက်သောအဖြစ်ကလေးတစ်ခု ရှိပါသည်။

ထိုနေ့ညနေက မွေးက တက္ကသိုလ်မှပြန်လာခြင်းဖြစ်သည်။ ကားပေါ်မှဆင်းလာတော့ ရပ်ကွက်ထဲ အဝင် လမ်းမပေါ်၌ ဦးတိုးမြနှင့် ဆုံသည်။

"ဟော... သမီး ကျောင်းက ပြန်လာပြီလား"

ဦးတိုးမြက စတင်နှုတ်ဆက်သည်။

"ဟုတ်ကဲ့၊ အဘကရော"

"ဒီလိုပါပဲကွယ်"

ထုံးစံအတိုင်း ဦးတိုးမြ မူးနေသည်။ ခြေလှမ်းတွေက လေးကွက်သိုင်းနင်းနေသည်။ စကားပြောသံက လျှာလေး အာလေး ဖြစ်နေသည်။

"အဘ အိမ်ပြန်မှာမဟုတ်လား၊ သမီးနဲ့ အတူပြန်မယ်လေ"

"အင်း ပြန်မှာ၊ ဒါပေမယ့် သမီး ပြန်နှင့်...ပြန်နှင့်..."

ဦးတိုးမြ၏စကားကို မွေး နားလည်လိုက်ပါသည်။ သူက အရက်မူးနေသူဖြစ်သောကြောင့် မိန်းကလေးဖြစ်သော မွေးကို သိက္ခာကျမှာစိုးသဖြင့် ခွဲသွားစေချင်သည့်သဘော။

"ချက္ကာ... ချ..."

"ရိုက်ဟေ့... ကွဲအောင်ရိုက်"

ရတ်တရက် ရှေ့တွင် ရန်ပွဲတစ်ခုကို မွေးတို့ တွေ့လိုက်ရသည်။ လမ်းဆုံမှာ လူငယ်သုံးဦးက တစ်စုံတစ်ယောက်ကို ဝိုင်းထိုး ဝိုင်းရိုက်



www.burmeseclassic.com

www.burmeseclassic.com



နေကြခြင်း ဖြစ်သည်။ သုံးယောက်နှင့် တစ်ယောက် ဖြစ်သည်။ မွေး ရင်တုန်သွားသလို မွှေးနည်းတူ ဦးတိုးမြကလည်း ရန်ပွဲကို လှမ်းကြည့် သည်။

"ဟာ... ငါ့သား... ငါ့သားကို ဝိုင်းရိုက်နေတာ..."

ဦးတိုးမြ နှုတ်မှ ထွက်လာသော စကား။ ဦးတိုးမြ စကားကြောင့် မွှေး မျက်လုံးပြူးသွားသည်။ ရဲသူကို ဝိုင်းရိုက်နေသတဲ့။ ဝိုင်းထိုးခံရသူကို မွှေး သေသေချာချာ မမြင်ရ။ ရှုပ်ယှက်ခတ်နေသဖြင့် ရဲသူ ဟုတ်မဟုတ် မပြောနိုင်။

"မဖြစ်နိုင်ပါဘူး အဘ"

"ဟုတ်တယ်... ဟုတ်တယ်၊ ငါ့သားကို ဝိုင်းထိုးနေတာ"

ဦးတိုးမြ၏ ယိုင်နေသော ခန္ဓာကိုယ် တောင့်သွားသည်။ ရီဝေနေ သော မျက်လုံးများ စူးရဲတောက်ပြောင်လာသည်။

"ငါ့သားကို နည်းနည်းမှ မထိနဲ့ကွ"

ကျားရဲတစ်ကောင်လို အော်ဟစ်လိုက်သော ဦးတိုးမြအသံက ဟိန်းထွက်လာသည်။ ထို့နောက် ရန်ပွဲရှိရာသို့ တဟုန်ထိုး ပြေးသွား သည်။ အရက်မူးနေသူတစ်ယောက်အသွင် မဟုတ်တော့။ ကြမ်းရမ်း ခက်ထန်နေသော လူဆိုးကြီး တစ်ဦးပမာ။ သို့မဟုတ် ဒဏ်ရာရ ကျားနာ တစ်ကောင်၏ ဒေါသမာန်မျိုးဖြင့်။

မွှေးပါ စိုးရိမ်ကြောင့်ကြစိတ်၊ တုန်လှုပ်သောရင်ဖြင့် ဦးတိုးမြ နောက်မှ ပြေးလိုက်သွားမိ၏။ တကယ်ပဲ ရဲသူကို ဝိုင်းရိုက်နေကြတာ လား။ မဟုတ်ပါစေနှင့်။ ဟုတ်လျှင်လည်း ဘာမှ မဖြစ်ပါစေနှင့်။

ဦးတိုးမြသည် ရန်ပွဲရှိရာသို့ လေအလျင်ဖြင့် ရောက်သွားပြီး လဲကျနေသူကို ဝိုင်းဝန်းထိုးကြိတ် ကန်ကျောက်နေသူများအနက်မှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဦးစွာဆွဲဖယ်ဆောင့်တွန်းပစ်လိုက်သည်။ ထိုသူ ယိုင်၍ အဝေးသို့ လွင့်သွားသည်။ ဒုတိယတစ်ယောက်၏ လည်ကုပ်ကို အရှိန်ပြင်းစွာ လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်သည်။ ထိုသူ လဲကျသွားသည်။ အံ့အားသင့်နေသော တတိယလူရွယ်ကို ခြေထောက်နှင့် နှစ်ချက် သုံးချက် ဆင့်ကန်လိုက်သည်။ ထိုသူ နောက်သို့လန်သွားသည်။

လူငယ်သုံးယောက်စလုံးမှာ မမျှော်လင့်ဘဲ တိုက်ခိုက်ခံရပြီး လဲသူ လဲ၊ ရှဲသူ ရှဲသွားစဉ် ဦးတိုးမြက လဲကျနေသူကို ကုန်း၍ ဆွဲထူသည်။

မွေးလည်း အပြေးတစ်ပိုင်း အနားရောက်သွားပြီး ဦးတိုးမြဘေးတွင် ရပ်လိုက်သည်။

အထိုးခံရသူ လူရွယ်က နှုတ်ခမ်းမှ သွေးစတို့ကို သုတ်ရင်း–

"ကျေးဇူးပါပဲ ဦးရယ်" ဟု ပြောသည်။ လဲနေရာမှ အားယူပြီး ထ,ရပ်သည်။

ရဲသူ မဟုတ်။ ရဲသူ မဟုတ်ပါတကား။ မွေး ရင်မောပြေသွားသည်။ သက်မကို မောလျစွာချလိုက်ရင်း 'တော်ပါသေးရဲ့' ဟု ရေရွတ်မိသည်။

"ဟာ... ငါ့သားမဟုတ်ဘူး၊ ဆောရီး... ဆောရီး..."

ဦးတိုးမြက ရယ်၍ စောစောက သူ ထိုးကြိတ် ကန်ကျောက်လိုက်သော လူငယ်သုံးဦးကို လက်ကလေးထောင် တောင်းပန်ကာ လှည့်ထွက်သွားသည်။ လူငယ်သုံးဦးမှာလည်း ယောင်တိယောင်ချာဖြင့် ကျန်ရစ်ခဲ့ကြသည်။

ယခုတော့လည်း ဦးတိုးမြမှာ စောစောကလို ကျားရဲမာန်တွေ မရှိတော့ပြန်။ လေးကွက်ကျားနင်းလျက် ယိုင်ထိုးယိုင်ထိုး ပြန်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးတိုးမြ၏ ကျောပြင်ကို မွေး လှမ်းကြည့်ရင်း ဖခင်မေတ္တာဆိုသည်ကို နားလည်သွားရသည်။

ထိုအကြောင်းကို ရဲသူအား ပြောပြတော့...

"အရက်မရောတဲ့ မေတ္တာတရား ဟုတ်လား၊ မွေးပေးတဲ့နာမည်သိပ်ကောင်းတာပဲ" ဟု ရယ်၍ ရဲသူ ပြောသည်။

"အဖေ ငါ့ကိုချစ်တယ်ဆိုတာ ငါက နားလည်ပြီး သိပြီးသားပါမွေးရယ်၊ ဒါပေမယ့် အဖေ ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတဲ့ သက်သေတစ်ခုတော့ ထပ်ရလိုက်တာပေါ့၊ ငါ့အဖေကို ငါ လုပ်ကျွေးတာမှန်ပါတယ်နော်"

မွေး ခွင်းချက်မရှိ ထောက်ခံသည့်အနေဖြင့် အမြန်ဆုံး ခေါင်းညိတ်ပြလိုက်ပါ၏။

*

www.burmeseclassic.com

www.burmeseclassic.com

ထိတ်ခနဲ ဖြစ်သွားသည်။ အပ္ပရှိန်တစ်ခု ရင်ဝကို လာဟပ်၏။ နှုတ်မှ 'ဘာ...ဘာဖြစ်တာလဲ...' ဟူသော စကားတို့ တားဆီးမရ၊ ခုန်ထွက်သွားသည်။ ဆိုင်ပေါ်မှ ကသောကမျော ပြေးဆင်းကာ ရဲရှိရာသို့ ရောက်သွားသည်။

ရဲသူက ဆိုက်ကားပေါ်မှ ဆင်းသည်။

ရဲသူ၏ ဘယ်လက်ကို မွေးလှမ်းကိုင်လိုက်သည်။ လက်ကောက်ဝတ်အထက်နားမှာ ကွဲနေသော ဒဏ်ရာတစ်ခု။ ဒဏ်ရာမှ စီးကျနေသော သွေးများ။ ဘယ်လက်ခုံပေါ်မှာ သွေးတို့ ချင်းချင်းနီလျက်။

ရဲသူကမူ အမှုမထားသလို မျက်နှာ တစ်ချက် မပျက်။

"ဘာမှ မဖြစ်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ဘဲနဲ့ ဒီဒဏ်ရာက ဘယ်လို ရမှာလဲ၊ ခိုက်မိတာလား ရန်ဖြစ်လာတာလား၊ ဘယ်မှာ ဖြစ်လာတာလဲ"

မေးခွန်းတွေ တသီကြီးကို တုန်တုန်ယင်ယင် ကသောကမျော မေးနေသော မွှေးကို ရဲသူက ပြုံးကြည့်နေသည်။

"ငါ ဘယ်တုန်းက ရန်ဖြစ်ဖူးလို့လဲ မွှေးရယ်"

သူ့အဖြေက ခပ်အေးအေးပင်။

"ဒါဖြင့် အလုပ်ထဲမှာ ခိုက်မိလာတာပေါ့ ဟုတ်လား၊ ပြစမ်းတော်တော်များသွားလား၊ သိပ်ရောနာနေလား၊ ဆေးဆိုင်သွားမလား"

ပျာလောင်ခတ်နေမိသည်ကို ထိုအချိန်က မွှေးကိုယ် မွှေးလည်း သတိမထားမိနိုင်ခဲ့ပါ။ စိုးရိမ်စိတ်က စောနေသည်လေ။ ရဲသူ၏ လက်ကို ကိုင်ကာ အနာကို ကြည့်မိ၏။ ကွဲရှဒဏ်ရာဖြစ်၍ သွေးတွေနှင့်မို့ မည်မျှနက်သည်ကို ခန့်မှန်း ၊မရ။

"ဆေးခန်းသွားပြီး ချုပ်လိုက်ရင် ကောင်းမယ် ထင်တယ်"

မွှေး ကယောင်ချောက်ချားဖြစ်နေသော်လည်း ရဲသူက အေးအေးဆေးဆေးပင်။

"အဲဒီလောက် အရေးမကြီးပါဘူးဟာ၊ ဆေးထည့်လိုက်ရင် ပြီးပါတယ်"

"ကဲ… ဒါဆို လာ၊ စကားကြောရှည်မနေနဲ့၊ မွှေး ဆေးထည့်ပေးမယ်၊ မွှေးမှာ ဆေးတွေ အဆင်သင့်ရှိတယ်"

"ဟာ… ရပါတယ်ဟာ၊ ငါ့ဘာသာ အိမ်မှာ ထည့်ပါ့မယ်"

ရဲသူ ငြင်းသည်။

"အို မရဘူး၊ မွှေး ထည့်ပေးမယ်၊ ဆိုင်ပေါ် လိုက်ခဲ့"

ပြောပြောဆိုဆို ရဲသူ၏ လက်ကို ဆွဲကာ ဆိုင်ပေါ်သို့ ခေါ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်တစ်ခါ မွေးစိတ်ထဲက ပူပန်နေမှုကြောင့် လက်ချင်းအထိ မှာ နွေးနေသလား၊ အေးနေသလား မဝေခွဲမိ။ ရင်ခုန် မခုန်လည်း မသိ။

ဆိုင်ပေါ်ရောက်တော့ ရဲသူကို ထိုင်၍နေစေပြီး ရေနွေးတွေ၊ ဂွမ်းတွေ၊ ပါတ်တီးတွေ၊ ဆေးတွေ အိမ်ထဲ ပြေးဝင်ယူရသည်။ မေမေ က "ဘာဖြစ်လို့လဲ" ဟု မေးသဖြင့် "ရဲလက်မှာ ဒဏ်ရာရလာလို့" ဟု ဖြေခဲ့ရသည်။ "ဟုတ်လား၊ သွေးထွက်များလား" ဟု မေမေကပါ စိတ်ပူစွာဖြင့် အိမ်ရှေ့လိုက်လာသည်။

"သမီး မြန်မြန်လုပ်၊ သွေးတွေကို ရေနွေးနဲ့ အရင်ဆေး"

မေမေကပါ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။

"ရပါတယ် ဒေါ်ဒေါ်၊ မစိုးရိမ်ပါနဲ့၊ နည်းနည်းပါ၊ အလုပ်ထဲ မှာက သံနဲ့ အလုပ်လုပ်ရတာ မဟုတ်လား၊ တစ်ခါ တစ်ခါ ဒီလိုပဲ ဖြစ် တတ်ပါတယ်"

ရဲသူကတော့ ဣန္ဒြေမပျက်၊ တည်တည်ငြိမ်ငြိမ်။

မွေးက ရဲသူ၏အနာကို ရေနွေးဖြင့် ဦးစွာဆေးကြောသည်။ ဆေးထည့်ပြီး ဂွမ်းစဖြင့်အုပ်သည်။ အပေါ်က ပါတ်တီးစည်းသည်။ မွေးလုပ်သမျှကို ရဲသူက ကလေးတစ်ယောက်လို ငြိမ်ငြိမ်ကလေး ခံ နေရှာသည်။

"ကဲ သမီးက မောင်ရဲအတွက် သောက်ဆေးပါ ဆေးခန်းမှာ သွားဝယ်ပေးလိုက်"

မေမေက မှာပြီး အိမ်ဘက်ပြန်ကူးသွားသည်။

"ဆေးထည့်လို့တော့ ပြီးပြီ၊ ညကျရင် အနာမနာအောင်ရယ်၊ အနာကျက်မြန်ဖို့ရယ်၊ မွေး ဆေးသွားဝယ်ပြီး လာပိုက်မယ်" ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မော့ကြည့်တော့ မွေးကို စိုက်ကြည့်နေသော ရဲသူ၏ မျက်ဝန်းများကို ရင်ဆိုင်လိုက်ရသည်။ အကြည့်ချင်းဆုံစဉ် မွေးရင်မှာ တဝုန်းဝုန်း မြည်ဟိန်းသွားသည်ဟု ထင်မိ၏။

မွေး ရှက်ရွံ့စွာ မျက်လွှာတံခါးကို ကပျာကယာ ပိတ်လိုက်ရသည်။ ခေါင်းကိုငုံ့၍ သူ့အနားမှ ထရန် ကြိုးစားသော်လည်း မရခဲ့။ ရဲသူက မွေး၏လက်နှစ်ဖက်စလုံးကို သူ့လက်များဖြင့် ဖမ်းဆုပ်ထားသည်လေ။ မွေး ရုန်းသော်လည်း ရဲသူက မလွှတ်။ တိုး၍ပင် တင်းတင်း ဆုပ်လိုက်ပြန်သည်။ မေမေ အနားမှာ မရှိ၍ တော်ပေသေးသည်။

"ငါ့လက် ဒဏ်ရာရတာကို ငါ သိပ်ဝမ်းသာတယ် သိလား မွေး"

"ဘာဖြစ်လို့လဲ"

ရဲသူ အမေးကို မော့မကြည့်ဘဲ တုံ့ပြန်လိုက်သည်။

"ငါ့အတွက် မွေး စိတ်ပူပြီး ပျာယာခတ်နေတာကို တွေ့ရလို့လေ၊ ပြီးတော့ တယုတယ ပါတ်တီးစည်းပေးလို့လေ"

မွေး ဘာမျှ ပြန်မပြောမိ။ ပြန်ပြောစရာလည်း မလိုပါ။ ထိုစဉ်က အျုနပ်ကြည်နူး ပြုံးကလေး ပြုံးမိသလားလည်း မဆိုနိုင်။

ရဲသူ တိုးတိုးရယ်၍–

"ငါ့အတွက် မွေး ဘာကြောင့် ဒီလောက် စိတ်ပူတာလဲ ဟင်"

မေးပြန်သည်။ သိလျက်နှင့် မေးသည် ထင်ပါ၏။ မွေး မဖြေပါ။ ခေါင်းကိုသာ တိုး၍ ငုံ့လိုက်မိ၏။ မွေးလက်ကလေးတွေကလည်း သူ့လက်ထဲမှာပါ။

"လွှတ်တော့၊ မေမေ လာလိမ့်မယ်"

ရုန်းကြည့်ရင်း ပြောတော့–



www.burmeseclassic.com

www.burmeseclassic.com



"လာပါစေလို့ ဆုတောင်းတယ်၊ ဒါမှ တစ်ခါတည်း ကိစ္စက ပြီးမှာ"

"ဘာရယ်..."

"မေမေ့သမီးကို လက်ထပ်ခွင့်ပေးပါလို့ တစ်ခါတည်း ပြောလိုက်ရုံပေါ့"

"အိုး... ဘာဆိုင်လဲ... ဘာဆိုင်လို့လဲ"

"ဆိုင်မဆိုင်တော့ မသိဘူး၊ လက်ကလေးတွေကတော့ တုန်နေတာပဲ၊ ရင်တွေလည်း ခုန်နေမှာ သေချာတယ်"

"မဟုတ်ပါဘူး၊ လက်ကို လွှတ်ပါ"

"ချစ်တယ်လို့ ပြောမှ လွှတ်မယ်"

လိုက်ခနဲ ဖြစ်သွားသည်။ ဖိုခနဲ ရှိန်းမြမြရသက ရင်ပြင်အနှံ့ ဖြတ်၍ ပြေးသည်။

မွေး ခစ်ခနဲ ရယ်ပြီး မော့ကြည့်လိုက်တော့ ရဲသူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ သည်အခိုက်အတန့်ကလေးမှာ မွေးက လက်ကို ရုန်းလိုက်သဖြင့် လွတ်သွားသည်။ ရဲသူရှေ့မှ နောက်သို့ ဆုတ်လိုက်ရင်း–

"ပြောမှ လွှတ်မယ်လို့ ပြောရအောင် ရဲကရော ဘာပြောထားလို့လဲ ကြောင်လိုက်တာ"

အပျော်ဖြင့် လျှာကလေးကိုပင် တစ်လစ်ထုတ် ပြောင်ပြမိ၏။ သည်တော့မှ "ဟာ... ဟုတ်ပါရဲ့၊ ငါက ဘာမှမှ မပြောရသေးတာ" ဟု ပြောရင်း ရဲသူ အိမ်ဘက်သို့ လှည့်ကြည့်သည်။ မေမေ့အရိပ်အယောင် မမြင်ရ။ ဆိုင်ရှေ့ကို ကြည့်သည်။ ဈေးဝယ်သူ မလာ။

ရဲသူ မွေးရှေ့ကို တိုးလာသည်။

မွေးရင်တွေ ပိုခုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရင်တွေ အရမ်းခုန်နေလို့ပါ မွေးရယ်၊ ဘာပြောလို့ ပြောရမှန်းတောင် မသိပါဘူး၊ ဒါပေမယ့် မွေး သိပါတယ်နော်၊ မွေး ငါ့ရင်ကို စမ်းကြည့်ပါလား ဟင်... မွေးလည်း ငါ့လိုပဲ နေမှာပါ၊ ဟုတ်တယ် မဟုတ်လား၊ အဲဒါလေ... အဲဒါ... မွေးကို ငါ... ငါ... သိပ်... သိပ်ချစ်..."

"အို..."

လေဟာနယ်ထဲသို့ ခုန်ချလိုက်သည့်ပမာ။ တလှပ်လှပ် ရင်မှာ။ ဝေဒနာ မပြည့်သော ဝေဒနာလား။ ချိုမြိန်သော ဝေဒနာလား။ မွေး နားမလည်သော ခံစားမှုတွေ နှလုံးသားရှိသည့် ဘယ်ဘက်ရင်အုံအတွင်းမှာ။

*

www.burmeseclassic.com

www.burmeseclassic.com

ချိုမြိန်သော ဝေဒနာဝိုင်ကို မြည်းစမ်းခွင့်ရရုံ ရှိပါသေးသည်။ ခါးသီးသော၊ ရက်စက်သော၊ ကံကြမ္မာလက်ကြမ်းကြီးက မွေးတို့ကို အညှာတာမဲ့ ရိုက်ပုတ်ညှဉ်းပမ်းလာခဲ့သည်။ လောကသည် ရုတ်ချည်းပင် အကြည်းတန် အရုပ်ဆိုးသွားခဲ့ရလေတော့၏။

ကြုံလာရသောစကား၊ ကြုံလာရသောအဖြစ်အပျက်တို့သည် အံ့သြဖွယ် အတိ။

"ကိုလူလှက သမီးကို လက်ထပ်ချင်တယ်တဲ့ကွယ်"

မေမေ့စကားကို ဟုတ်မှဟုတ်ရဲ့လား...အကြားမှားလေသလားဟု ထင်လိုက်မိသေးသည်။ သို့သော် မေမေ ပြောနေသည်က အမှန်တကယ် ပင်။

"မဖြစ်နိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



မွေးနှုတ်မှ ချက်ချင်းထွက်ပေါ်လာသော တုံ့ပြန်မှု။

"မဖြစ်နိုင်ဘူး၊ မဖြစ်သင့်ဘူးဆိုတာ မေမေ သိပါတယ်၊ မေမေ နားလည်ပါတယ် သမီးရယ်"

မေမေ့စကားသံမှာ တိုးတိတ်လွန်းလှပါ၏။

"အဲဒါ တစ်ခါတည်းနဲ့ မဖြစ်နိုင်ဘူးလို့ မေမေ အပြတ် ပြောပစ်လိုက်ဖို့ ကောင်းတာ၊ သမီးကိုတောင် မေမေ လာပြောဖို့ မလိုတော့ဘူး"

ဆတ်ဆတ်ကျဲ ခါးခါးသီးသီး ဖြစ်နေသော မွေးကို မေမေက ကြင်နာစွာကြည့်ပါသည်။ မေမေ မျက်နှာမကောင်းပါ။ မွေးပခုံးကို ဖက် မွေးခေါင်းကလေးကို ပွတ်ရင်း မေမေ သက်ပြင်းရှိုက်နေသည်ကို မွေး နားမလည်စွာ ငေးကြည့်နေမိ၏။

"မေမေက ဘာမှ ပြန်မပြောလိုက်ရသေးဘူးလား"

မွေးအမေးကို မေမေက ခေါင်းယမ်းပြသည်။

"မေမေရယ်... သမီးမှာ ချစ်သူရှိတာ မေမေ သိသားနဲ့၊ သမီး သ... ရဲက လွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ လက်မထပ်နိုင်ဘူး"

"သမီးလေးရယ်... မေမေ သိပါတယ်၊ မေမေလည်း သမီးလိုပါပဲ၊ သမီးကို မောင်ရဲနဲ့ပဲ သဘောတူတာပါ"

"အဲဒါနဲ့များ မေမေက ဘာဖြစ်လို့..."

"သမီးရယ်" ဟု မေမေ ညည်းပြန်ပါသည်။ မေမေ့ မျက်လုံးများ ... နူကြကွဲဆွေးမြည့်ရိပ်များ ယှက်သန်းနေသည်ဟုသာ သတိပြုမိပါ၏။ ...ဝဲနေသော မျက်ရည်တို့ကို ကျမလာအောင် မေမေ ထိန်းနေပုံ ရပါ ...သည်။

တစ်ခဏမျှ စကားမဆိုနိုင်ကြဘဲ မွေးရော မေမေပါ ငြိမ်သက် ...ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ ပြန်လည်လှုပ်ရှားလာသူမှာ မေမေသာ။

"မပြောမပြီးလို့ သမီးကို ဒီအချိန်မှာ မေမေ အသိပေးသင့်တာ တစ်ခုကို အသိပေးချင်တယ်၊ ဒါပေမယ့် ဒါဟာ သမီးဘဝကို အဆုံးအဖြတ်ပေးမယ့် အကြောင်းအရာဖြစ်စေရမယ်လို့ မေမေ ပြောချင်တာ မဟုတ်ဘူးဆိုတာကိုတော့ သမီး ကြိုတင်ယုံကြည်ထားပါ၊ နောက်ပြီး ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် သမီးရဲ့ ခံစားချက်၊ သမီးရဲ့ အသည်းနှလုံး၊ သမီးရဲ့ ဘဝကို ဒီအကြောင်းပေါ်မှာ မှီပြီး ဆုံးဖြတ်ခွင့်လည်း မေမေ မပေးချင်ဘူး သမီး၊ ဒါ သမီးကို သမီး သိထိုက်တာ သိစေချင်ရုံသက်သက်ပါ"

မေမေ့ ခြေဆင်းစကားတွေ ရှည်လျားလှသည်ကို ထောက်၍ ပြဿနာ၏အနေအထားကို မွေး ခန့်မှန်းမိပါ၏။ ရင်ထဲမှာ ယောက်ယက်ခတ်နေသလို ခေါင်းထဲမှာ ပူလာသည်။

"ဘာလဲ မေမေ... ပြောပါ"

မေမေ၏ သက်ပြင်းချသံက ပြင်းလွန်းလှ၏။

"သမီး ဖေဖေ ရှိစဉ်ကတည်းက ကိုလူလှ ဆီက ငွေကြေးတစ်ချို့ ယူခဲ့တယ်၊ သမီးဖေဖေ အလုပ်လုပ်တာပေါ့ကွယ်၊ အဲဒီငွေတွေအတွက် မေမေတို့အိမ်ကို အပေါင်ထားခဲ့တယ်၊ ဒီအချိန်မှာ သမီးဖေဖေက မမျှော်လင့်ဘဲ ကားမှောက်ပြီး ဆုံးပါးသွားခဲ့တော့ သမီးဖေဖေလုပ်တဲ့ အလုပ်ထဲက ငွေကြေးတွေ၊ အရင်းအနှီးတွေဟာလည်း ဆုံးရှုံးသွားတယ်၊ သမီးဖေဖေ မရှိတော့တဲ့နောက် အကြွေးကို မဆပ်နိုင်လို့ ကိုလူလှ ကို တောင်းပန်ပြီး မေမေတို့ အဲဒီအိမ်မှာ ဆက်နေခဲ့တယ်၊ မေမေ လည်း စီးပွားရေးကို နားမလည်တော့ လူလိမ်ခံရ၊ စီးပွားက မဖြစ်နဲ့ တော့ကာ မေမေလုပ်သမျှမှာလည်း အရှုံးချည်း ဖြစ်ပြန်တယ်၊ ဒီငွေတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုလူလှဆီက ယူခဲ့တာ၊ နောက်ဆုံးတော့ အိမ်ကို ကြွေးနဲ့ ထိုးဆပ်လိုက်ရတယ် ဆိုပါတော့၊ ဒါပေမယ့် ဟန်မပျက် မေမေတို့ ဆက်နေနိုင်အောင် ကိုလူလှကိုတောင်းပန်ပြီး ဒီအိမ်လေးဝယ်ပြီး နေခွင့်ရခဲ့တယ်၊ ဒီအိမ်ကလည်း တကယ်တော့ ကိုလူလှ ငွေနဲ့ပဲ ဝယ်ခဲ့ရတာ"

မွေး ပါးစပ်အဟောင်းသားနှင့် နားထောင်နေခဲ့ရသည်။ မယုံချင်စရာပုံပြင်များဟု ဆိုနိုင်ပါ၏။ မွေး မသိရှိခဲ့သော အကြောင်းရင်း ဇစ်မြစ်များပါ။ မေမေက မွေး စိတ်ဆင်းရဲမှာ စိုး၍ ဉာဏ်တာစွာ ဖုံးဖိထားခဲ့ခြင်းများပါ။

"မေမေတို့ ဒီအိမ်ဆိုင်ကလေးကလည်း ကိုလူလှ ထူထောင်ပေးထားတာပါ၊ စာဝတ်နေရေး ပြေလည်လာပေမယ့် ကိုလူလှ အကြွေးကို ပြန်မဆပ်နိုင်ခဲ့ဘူး၊ ဒီကြားမှာ သမီးရဲ့ ဆယ်တန်းကျောင်းစရိတ်၊ ဆယ်တန်းအောင်ပြန်တော့ တက္ကသိုလ်တက်တဲ့ စရိတ်၊ ဒါတွေအတွက်လည်း လိုရင် ကိုလူလှဆီကပဲ ဆွဲခဲ့ရတာ၊ ကိုလူလှဟာ မေမေတို့ ကျေးဇူးရှင်ဖြစ်တာတော့ အမှန်ပဲ သမီး"

မေမေ့စကားကို မွေး မငြင်းပါ။ မေမေ ရှင်းပြသည့်အတိုင်းဆိုလျှင် ဦးလူလှ ကျေးဇူးတွေက များလှပါသည်။ သို့သော် ကျေးဇူးအတွက် မွေး၏နှလုံးသားကို ရင်းနှီး စတေးကာ တုံ့ပြန်ပေးဆပ်ရမည်ဆိုသည်ကတော့...။

"ကိုလူလှ ပွေတာ ရှုပ်တာ အကျင့်စရိုက်မကောင်းတာတွေ မေမေ သိပါတယ်၊ သမီးလို ဖြူစင်နုနယ်တဲ့သူနဲ့ မတန်ပါဘူး၊ မေမေ့သမီးကို သူ့လက်ထဲကို ဘယ်လိုနည်းနဲ့မှ မထည့်ရက်ဘူး၊ မထည့်နိုင်ဘူး၊ ဒါပေမယ့် သမီးကို သူ့လက်ထပ်ဖို့ တောင်းဆိုတာကျတော့ မေမေက ခါးခါးသီးသီးငြင်းဖို့ ခက်နေတယ်၊ မေမေ ငြင်းမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ငွေကြေးတွေ မေမေဆပ်နိုင်မှ…”

မေမေ့အသံများ တုန်ယင်နေရာမှ တိမ်ဝင်သွားပါတော့သည်။ နှုတ်မှ စကားလုံးများအစား မျက်ရည်စကားများသာ မေမေ ဆက်ပြောသည်ဟု ဆိုရပါတော့မည်။

မေမေ့အကြပ်အတည်း၊ မေမေ့အခက်အခဲ၊ မေမေ့စိတ်ဆင်းရဲမှု၊ ထွက်ပေါက်မဲ့နေသော မေမေ့အနေအထား။ ဒါကို မွှေးနားလည်လိုက်သည်နှင့် အမျှ…။

*

www.burmeseclassic.com

www.burmeseclassic.com

"ဒါကို မောင်ရဲသူ သိသွားတယ်ဆိုပါတော့"

ရှားက စကားကို ထောက်ပေးလိုက်သည်။

"ဟုတ်ပါတယ် မမ၊ ရဲကို အစပိုင်းမှာ မွေး ဖွင့်မပြောရက်လို့ မပြောဘဲ နေခဲ့ပါသေးတယ်၊ ဒါပေမယ့် မွေးတို့ ကြိတ်ပြီးခံစားနေရတာကို ရဲက ရိပ်မိတာကလည်းတစ်ကြောင်း၊ ဦးလူလှကလည်း ဖိအားပေးလာတာ တစ်ကြောင်းမို့ ရဲကိုဖွင့်ပြောပြီး အသိပေးလိုက်ပါတယ်"

"သူ သိပ်ခံစားသွားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် မမရယ်၊ သူ မွေးကို သိပ်ချစ်တာ၊ ဘယ်စွန့်လွှတ်ချင်ပါ့မလဲ၊ ဘယ်စွန့်လွှတ်နိုင်ပါ့မလဲ၊ ဒါပေမယ့် ခက်တာက မွေးတို့ရဲ့ အခက်အခဲကို ဝင်ပြီး ဖြေရှင်းပေးနိုင်လောက်အောင်လည်း သူ့မှာက ငွေကြေး မရှိပြန်ဘူး၊ တကယ့်ထွက်ပေါက်ပိတ်နေတဲ့ အနေအထားပါ မမရယ်"

"မောင်ရဲသူနဲ့ မွေးတို့ ထွက်ပြေးရင်ကော..."

ကျွန်တော်က တစ်ခွန်းဝင်ထောက်သည်။ မွေးက ကျွန်တော့်ကို မော့ကြည့်ပြီး–

"အဲဒါလည်း မွေးတို့ စဉ်းစားဖူးပါတယ်၊ ဒါပေမယ့် မွေးက အဲဒီလို အလွတ်ရုန်းသွားရင် ဆိုးကျိုးမှန်သမျှကို မေမေတစ်ယောက်တည်း နောက်မှာ ခါးစည်းပြီး ခံခဲ့ရမှာ၊ ဒါကို မွေးရော ရဲပါ လက်မခံနိုင်ကြပါဘူး၊ ဒီအခြေအနေကြောင့် မွေးတို့ စိတ်ဆင်းရဲနေရတာကို ရဲဖခင် ဦးတိုးမြလည်း သိသွားပါတယ်၊ ဒါပေမယ့် သူလည်း ဘာမှ မတတ်နိုင်ဘူးပေါ့..."

ဒေါ်မြတ်မွန်က ဝင်၍–

"အဲဒီ အခြေအနေမှာပဲ မမျှော်လင့်ဘဲ ခုလိုဖြစ်သွားတာပါပဲ ကွယ်၊ မောင်ရဲသူက ကိုလူလှကို သွားပြီး တောင်းပန်ရာက မရလို့ ဓားနဲ့ ထိုးသတ်တဲ့အထိ ဖြစ်သွားရတာလို့ ဒေါ်ဒေါ် ထင်တာပါပဲ" ဟု ပြောသည်။ မွေးကမူ ခေါင်းငုံ့၍ ငိုရှိုက်နေသည်။ ထင်မြင်ချက် မပေး။

"ကျွန်မလည်း ကြားရတာ အတော်စိတ်မကောင်း ဖြစ်မိပါတယ်၊ ကိုယ်ချင်းလည်း စာပါတယ်၊ ဒါကြောင့် ကျွန်မကို ဒီအမှုကို လိုက်ခွင့်ပြုပါနော်၊ ကျွန်မ ကြိုးစားကြည့်ချင်ပါတယ်၊ အဖြေကောင်းတစ်ခု ရလာဒ်ကောင်းတစ်ခု ရလာနိုင်ပါတယ်၊ ပြီးတော့ ကျွန်မတို့ မောင်ရဲသူ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဖခင် ဦးတိုးမြနဲ့လည်း တွေ့ချင်ပါတယ်"

"ဒါဆို သမီးက သမီးရဲ့အဘဆီ လိုက်ပို့လိုက်ပါ"

"ဟုတ်ကဲ့"

မွှေးက ဦးဆောင်ခေါ်ငင်၍ မောင်ရဲသူတို့ အိမ်သို့ ကျွန်တော်နှင့် ရှား ရောက်ခဲ့ရသည်။ မွှေးက ကျွန်တော်တို့ကို ထိုင်ရန် နေရာချပေးသည်။

ဦးတိုးမြသည် အိမ်ကလေး၏ခေါင်းရင်းနံရံကို မှီထားသော ပက်လက်ကုလားထိုင်၌ ထိုင်နေ၏။ သူ့ရှေ့မှာ အရက်ပုလင်းတစ်ပုလင်းနှင့် ရေခွက်၊ အရက်ခွက်များ ရှိနေသည်။ အရက်က ပုလင်းထဲမှာ အနည်းငယ်သာ ကျန်တော့သည်။ လူကတော့ မူးနေပြီ။ မျက်နှာမှာ အဆီတွေပြန်လျက်။

မွှေးက မိတ်ဆက်ပေးသည်။

"အဘ ဒါ ရွှေနေ ဒေါ်မေစံရှားပါ၊ သူတို့က ရဲရဲ့ အမှုကို ကူညီပြီး လိုက်ပေးချင်လို့ပါတဲ့၊ အဲဒါ အဘဆီမှာ ခွင့်လာတောင်းတာ"

မွှေးစကားနှင့် ဆက်၍–

"ဟုတ်ပါတယ် ဦးလေး၊ မောင်ရဲသူနဲ့လည်း တွေ့ပြီးပါပြီ" ဟု ရှားကလည်း ဖြည့်စွက်ပြောလိုက်သည်။

ပက်လက်ကုလားထိုင် နောက်မှီကို မှီ၍ ခပ်လျော့လျော့ ထိုင်နေရာမှ ဦးတိုးမြ ရှေ့သို့ ကုန်းထလာသည်။

"ဘယ်လိုကွယ့်၊ ငါ့တူမတို့က သားရဲ့အမှုကို လိုက်ပေးမှာ ဟုတ်လား"

အာလေးလျှာလေးဖြင့် မေးလိုက်သော စကားသံ။ အရက်နံ့ ချဉ်စူးစူးက ကျွန်တော့်နှာခေါင်းတွင်း တိုးဝင်လာ၏။ ဦးတိုးမြ၏

www.burmeseclassic.com



ရှုးစမ်းအကြည့်ကို ရှားက အပြုံးဖြင့် ရင်ဆိုင်လျက်–

"ဟုတ်ပါတယ်၊ မောင်ရဲသူကို မြင်မြင်ချင်း မောင်လေးတစ်ယောက်လို ခင်မင်မိလို့ သူ့ဘက်က ရှေ့နေ လိုက်ပေးချင်မိတာပါ၊ ငွေကြေး မလိုပါဘူး၊ မေတ္တာနဲ့ပါ"

အံ့အားသင့်ဟန်ဖြင့် ဦးတိုးမြ ကြည့်သည်။

"ဒီလို ရှေ့နေမျိုး ဦးလေး တစ်ခါမှ မကြားဖူးပါဘူး"

မွေးက ဘာမျှ ဝင်မပြော။

"အဲဒါ ဦးလေးက ခွင့်ပြုဖို့ပါ"

ဦးတိုးမြ ခေါင်းညိတ်သည်။ 'အော့' ခနဲ လေချဉ် တစ်ချက် တက်လိုက်ပြီးနောက်–

"လိုက်ပါ... ရပါတယ်၊ ဦးလေး သဘောတူပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒါပေမယ့်..."

စကားသံ ရပ်သွားပြီး ပြတင်းပေါက်မှ အဝေးကို ငေးကြည့်သည်၊ နီရဲရဲ အရက်မျက်လုံးများမှာ မျက်ရည်စတွေ စို့စွတ်လာသည်ကို ကျွန်တော် တွေ့လိုက်ရသည်။ ရှားက ဦးတိုးမြကို အကဲခတ်ကြည့်နေရင်းမှ–

"ဒါဆိုရင် မောင်ရဲသူရဲ့ အကြောင်း ကျွန်မကို နည်းနည်းလောက် ပြောပြပါလား၊ သူ့စိတ် သူ့သဘော၊ သူ့စရိုက်ပေါ့လေ၊ ဒီလူသတ်မှုကို သူ ကျူးလွန်တာ ဖြစ်နိုင် မဖြစ်နိုင်..."

ခပ်လေးလေး တစ်လုံးချင်းပီသအောင် ပြောလိုက်သော ရှား စကားအဆုံးမှာ ဦးတိုးမြ ဆတ်ခနဲ ပြန်လှည့်လာသည်။

"ကျုပ်သားက လူလိမ္မာ၊ လူ သူတော်ကောင်းလေးပါ ဘယ်လို လုပ် လူသတ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကျယ်လောင်စွာ အော်ဟစ်လိုက်သော ဦးတိုးမြ စကားကြောင့် မွှေး မျက်လုံး ပြူးသွားသည်။ ရှားကတော့ မျှော်လင့်ထား သည်ကို ကြုံရသလိုမျိုး အပြောင်းအလဲ မရှိ။

"အဘ စိတ်ထိန်းပါ"

မွှေး၏ သတိပေးစကား။ မွှေးစကားကြောင့် ဦးတိုးမြ အသိဝင် လာသလို တင်းမာနေသော မျက်နှာ ပြန်လည် လျော့ကျသွားပြီး–

"ဦးလေးကို ခွင့်လွှတ်ပါ တူမတို့ရယ်၊ ဦးလေးစိတ်ထဲမှာ အရမ်းခံစားနေရလို့ပါ၊ ကျုပ်သား သူတော်ကောင်းလေး အဖေကို သိပ်ချစ်တဲ့ ကလေး၊ အဖေကို ပြုစုစောင့်ရှောက်တဲ့ ကလေး" ဟု ပြော သည်။ ပြောရင်း အသံများ ဆို့နင့်တိမ်ဝင်သွားပြီးနောက် တအီးအီး ငိုချလိုက်တော့သည်။

ကျွန်တော်တို့မှာ လူကြီးတစ်ယောက်က ကလေးလေး တစ် ယောက်လို ငိုရှိုက်နေသော ဦးတိုးမြကို ကြည့်ပြီး ဘာပြောရမှန်း မသိ ဖြစ်သွားကြသည်။

"မမရယ် အဘကို ဘာမှ မေးမနေပါနဲ့တော့၊ အဘ ဘာမှ ပြောတတ်မှာလည်း မဟုတ်ဘူး၊ ပြောနိုင်မှာလည်း မဟုတ်ဘူး၊ မွှေး ပြောခဲ့တာ အကြောင်းစုံပါပဲ"

မွှေးက အခြေအနေကို ကြည့်ပြီး ရှားကို တောင်းပန်စကားဆို သည်။ ရှား လက်လျှော့ချင်ပုံ မရှိ။ သို့သော်...

"သမီးလေးမွှေးက ပြောပြလိုက်ပါ၊ ဦးလေးကတော့ ဘာမှ ပြောစရာမရှိပါဘူး" ဟုလည်း ဦးတိုးမြက ငိုသံကြီးနှင့် ထပ်ပြောသည်။

"ကဲ ထားပါလေ၊ ဒါဆို တစ်ခုပဲ ကျွန်မကို ပြောပြပါ၊ ဦးလေး ရဲ့ ထင်မြင်ချက်ပေါ့၊ စောစောက ဦးလေးစကားထဲမှာလည်း ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလိမ္မာတဲ့ကလေးက ဘယ်လိုလူသတ်မှာလဲဆိုတာ၊ ကျွန်မတို့က လည်း မောင်ရဲသူ လူသတ်တာမဟုတ်ဘူးလို့ ယုံကြည်တယ်လေ၊ အဲဒါ ဦးလေး ဘယ်လိုထင်လဲ"

ဦးတိုးမြက ရှားအမေးကို မျက်လုံးပြူးကြီးနှင့်ကြည့်ပြီး

"ဦးလေးသား သတ်တာ မဟုတ်ပါဘူးကွယ်၊ သားလေးကို အပြစ်ကလွတ်အောင် လုပ်ပေးကြပါ၊ ဦးလေးရင်ထဲမှာ မီးပုံကြီး မြို ထားရသလိုပါပဲ၊ သူ့အတွက် စိတ်ပူလွန်းလို့ပါ၊ ဦးလေး မျှော်လင့်ထား တာက တခြား၊ အခုဖြစ်လာတာက တခြား" ဟု ပြောလိုက် ရှိုက်လိုက် ရှိနေရာ မွေးက ဦးတိုးမြလက်ကို ဆုပ်လျက်-

"အဘ တော်ပါပြီ၊ မပြောနဲ့တော့၊ အဘ စိတ်ချမ်းချမ်းသာ သာနေတော့၊ ဒီက မမတွေက ရဲကို လွတ်အောင် ကူညီပေးကြမှာပါ" ဟု ဝင်၍ပြောသည်။ ဦးတိုးမြကို နှစ်သိမ့်ပေးခြင်းဟု ဆိုနိုင်သော်လည်း မွေးအမူအရာမှာ အနည်းငယ်ထူးခြားနေသည်ဟု ကျွန်တော် ထင်လိုက် သည်။

မွေးက ဆက်၍-

"အဘက အရမ်းခံစားနေရလို့ပါ မမရယ်၊ ညကလည်း အဘ မအိပ်ဘူး၊ ဒီမနက် ထမင်းလည်း မစားဘူး၊ အရက်ချည်း ဖိသောက်နေ တော့တာပဲ၊ ဒါကြောင့် မမတို့ မေးချင်တာရှိရင် မွေးကို မေးပါ၊ အဘ ကို သူ့ဘာသာနေပါစေတော့ မမရယ်"

တောင်းပန်စကား ဆိုပြန်သည်။

ရှားက ခေါင်းညိတ်လိုက်သည်။

"ဦးလေး စိတ်ကို ဖြေပါ၊ ဦးလေးသားအတွက် အကောင်းဆုံး ဖြစ်အောင် ကျွန်မတို့ ကြိုးစားပါ့မယ်၊ ကဲ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရဲသူ အိမ်ပေါ်မှ ပြန်ဆင်းလာပြီး အိမ်ရှေ့အရောက် အိမ်ပေါ်မှ 'ခွမ်း' ခနဲ ကွဲသံ ပေါ်လာသည်။ "သွား...သွား ဒီအရက်ကြောင့် ငါ့သား ဒုက္ခရောက်တာ" ဟူသောအသံလည်း ကြားရ၏။ မွေး အိမ်ပေါ်သို့ ပြန်ပြေးတက်သွားသည်။ ဦးတိုးမြကို ခပ်တိုးတိုး ချော့မော့နှစ်သိမ့်နေသံကို ကြားရ၏။ စကားလုံးတော့ မသဲကွဲ။ ကျွန်တော်တို့က အိမ်ရှေ့မှ ရပ်၍ စောင့်နေကြရာ ခဏအကြာတွင် မွေး ပြန်ဆင်းလာသည်။

"သူ့အရက်ပုလင်းကို သူ့ဘာသာ ရိုက်ခွဲလိုက်တာ မမ၊ ငါ အရက်မသောက်တော့ဘူးတဲ့၊ ငါ အရက်သောက်လို့ ငါ့သားကလေး ဒီလိုဖြစ်ရတာလို့ ပြောတယ်"

မွေးက ရှင်းပြသည်။

"အရက်မသောက်တော့တာ ကောင်းတာပေါ့ကွယ်၊ ဒီစကားကို ကြားရင် မောင်ရဲသူလည်း ဝမ်းသာမှာပါ"

"မမတို့ကို မွေး ကျေးဇူးတင်ပါတယ်"

"ကဲ မမတို့ ပြန်မယ်၊ မွေးက မောင်ရဲသူ အမှုနဲ့ ပတ်သက်ပြီး တစ်ခုခု ထူးခြားတာရှိရင် မမကို လာပြောပါ၊ ဒီမှာ မမရဲ့ ရုံးခန်းလိပ်စာကတ်၊ မမကလည်း လိုအပ်တာရှိရင် မွေးနဲ့ ဆက်သွယ်မယ်"

"ကောင်းပါပြီ မမ"

မွေးကို နှုတ်ဆက်ပြီး ရှားနှင့် ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ လမ်းတွင် စကားမပြောဘဲ အေးဆေးစွာ လမ်းလျှောက်ရင်း နဖူးကလေး ရှုံ့၍ စဉ်းစားနေသော ရှားကို ကျွန်တော်က တစ်စုံတစ်ခု မေးချင်သော်လည်း အလိုက်သိစွာဖြင့် ငြိမ်နေလိုက်ရသည်။ ရှားက သူ ရသောအကြောင်းအချက်များကို ယထာဘူတကျစွာ မြင်နေလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်တတ်ကြောင်း၊ နေရာတကျထားသို ကောက်ချက် ပြုတတ်ကြောင်း ကျွန်တော် သိထားသည်လေ။

ကျွန်တော်အဖို့မှာမူ ဥပဒေ သမား မဟုတ်၊ ရသ စာရေးဆရာသာဖြစ်သောကြောင့် မွေးနှင့် ရဲသူတို့၏ ဆွတ်ပျံ့ဖွယ်ဇာတ်လမ်းမှာ ရင်နင့်ကြေကွဲမှုဖြင့် အဆုံးသတ်ရမလိုဖြစ်နေသည်ကို စာနာ ခံစားနေမိသည်။

ကံကြမ္မာဆိုတာ ရက်စက်သော သခင်ကြီးပေပဲ။

❑

www.burmeseclassic.com

www.burmeseclassic.com

# ၅

"ဒီနေ့ ရှား ဦးလူလှ အသုဘကို လိုက်ပို့တယ်"

"ဟုတ်လား ... ရှားတစ်ယောက်တည်း သွားတာလား၊ ကိုကို့ကို ခေါ်ရောပေါ့"

"နေ့လည်ဘက် ကိုကို အလုပ်များနေမယ်ထင်လို့ မခေါ်တာ"

"အသုဘ လိုက်ပို့တဲ့ ရည်ရွယ်ချက်က ..."

"အသုဘပို့တဲ့ လူတွေကြားထဲမှာ တိုးဝင်ကြည့်ရင် သေဆုံးသူရဲ့ အကြောင်းကို သိနိုင်တယ်လေ၊ အသုဘပို့တဲ့လူတွေက သေတဲ့လူ့ အကြောင်း ကောင်းတာရော မကောင်းတာရော ပြောကြမှာပဲ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့၊ ရှား ဘာတွေသိခဲ့ရသလဲ"

"ဦးလူလှ အကြောင်းက မကောင်းတာ များတယ်၊ အထူးသဖြင့် မိန်းမကိစ္စ..."

"မိန်းမ ရှုပ်တာလား"

"ဟုတ်တယ်၊ ဇနီး သေသွားပြီးနောက်ပိုင်း မိန်းမ အတည်တကျ ထပ်မယူဘဲ အပျော်တွေပဲ ထားတာ..."

"ဒါ ဖြစ်နိုင်တယ်၊ ကြည့်ပါလား၊ မွေးကိုတောင် အရသိမ်းဖို့ ကြိုးစားနေတာလေ"

"အမှုအတွက် စဉ်းစားရမယ့် သဲလွန်စတစ်ခု ရလာတယ် ကိုကို"

"ဟုတ်လား ဘာလဲ"

"အသုဘလိုက်ပို့သူတွေကြားထဲမှာ ကြိတ်ပြီး ငိုနေတဲ့ မိန်းကလေး တစ်ယောက်ပဲ၊ ကိုယ်ဝန်ကြီးနဲ့"

"သူက ဘယ်သူမို့ ငိုတာလဲ၊ အမျိုးလား"

"အမျိုးမဟုတ်ဘူး၊ ဇနီး..."

"ဘာ..."

"ဟုတ်တယ်၊ ဦးလူလှက တိတ်တိတ်ပုန်းယူထားတဲ့ ကော[illegible] မလေးတဲ့"

"ဟင် သနားစရာပဲ၊ သူ့ခမျာ..."

"ဒါပေါ့၊ အဲဒီမှာ ရှားတို့မိတ်ဆွေ မြသီတာနဲ့လည်း ပြန်တွေ့ တယ်"

"ဘယ် မြသီတာလဲ၊ မဟိဒ္ဓိဆရာအောင် မြွေနဲ့ သတ်ခဲ့တဲ့ကော [illegible] လေးရဲ့ ချစ်သူလား"

"ဟုတ်တယ်၊ တိုက်တိုက်ဆိုင်ဆိုင် သူက ဦးလူလှရဲ့ စက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



စာရင်းအင်းဌာနမှာ စာရေးမ လုပ်နေတာတဲ့"

"ဒါဆို သူ့ဆီက ရှား သိချင်တာတွေ မေးလို့ ရမှာပေါ့"

"အင်းပေါ့၊ မြသီတာဆီက အရေးကြီးတယ်လို့ ထင်ရတာတွေ ရှား သိခဲ့ရတယ် ဆိုပါတော့၊ စောစောက ရှားပြောတဲ့ ဗိုက်ကြီးနဲ့ မိန်းကလေးဟာ အရင်က စက်ရုံမှာ လုပ်သွားတဲ့ ကောင်မလေးတဲ့၊ သူ့ကို ဦးလူလှက တိတ်တိတ်ပုန်းယူထားပြီး အိမ်ငှားပေးထားသတဲ့၊ နောင် အတည်တကျ လက်ထပ်ယူ ပါ့မယ်ဆိုပြီး ညာထားတာတဲ့"

"ဖြစ်ရမယ်၊ ဒီလူက လူယုတ်မာပဲ"

"ဟော... ကားဆရာ... အဲဒီမှာ အဲဒီရှေ့မှာပဲ ရပ်ပေးပါ..."

ညနေပိုင်း ကျွန်တော် ရုံးမဆင်းမီကလေး ရှား ရောက်လာပြီး ခေါ်သဖြင့် ကျွန်တော်တို့ တက္ကစီဖြင့် ရဲစခန်းသို့ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။ လမ်းတွင် နေ့လည်က ဦးလူလှ၏ အသုဘ လိုက်ပို့ခြင်း အတွေ့အကြုံများကို ပြောပြနေခြင်း ဖြစ်သည်။

ကားက ရှားညွှန်ပြရာ ကားလမ်းဘေးတစ်နေရာတွင် ထိုးရပ်သည်။ ကားခ ပေးချေပြီး ကားပေါ်မှ ကျွန်တော်တို့ ဆင်းကာ ရဲစခန်းတွင်း ဝင်ခဲ့ကြသည်။

"အမှုက စွဲချက်တင်တော့မယ်၊ ဒါကြောင့် ရှားက အမှုစစ်ဖြစ်တဲ့ ရဲအုပ် ဝင်းမောင်ထွန်းဆီက သက်သေခံပစ္စည်းတွေ ကြည့်ချင်လို့၊ မေးချင်တာလေးတွေလည်း ရှိလို့" ဟု ရှားက ကျွန်တော့်ကို ပြောခဲ့သည်။

အဆင်သင့်ပင် ရဲအုပ် ဝင်းမောင်ထွန်းကို သူ၏ တာဝန်မှူး စားပွဲမှာ တွေ့ရသည်။

"ဆို... ကျွန်တော် ဘာကူညီရမလဲ"

စားပွဲရှေ့ ထိုင်ခုံများကို ထိုင်ရန် ညွှန်ပြရင်း ရဲအုပ် ဝင်းမောင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ လူငယ်ဖြစ်ပြီး ဖျတ်လတ်တက်ကြွသော သူ၏အနေအထား က ရဲဝတ်စုံဖြင့် ခန့်ငြားမှု ရှိနေသည်ဟု ကျွန်တော် ထင်ပါ၏။

"ကျွန်မက တရားခံ မောင်ရဲသူဘက်က လိုက်မယ့် အကျိုးဆောင် ဖြစ်လေတော့ ဟိုတစ်နေ့က ကိုဝင်းမောင်ထွန်းတို့ အချင်းဖြစ်ပွားရာမှာ ရိုက်ကူးမှတ်တမ်းတင်ခဲ့တဲ့ ဓာတ်ပုံတွေ ကြည့်ချင်လို့ပါ"

ရှား ဖြေသည်။

"ဟာ ရပါတယ်၊ ကြည့်ရပါတယ်"

ရဲအုပ် ဝင်းမောင်ထွန်းက ဖိုင်တစ်ခုကို ဆွဲယူကာ ရှားရှေ့သို့ ချပေးလိုက်သည်။

"အဲဒီမှာ ဓာတ်ပုံအားလုံး ရှိပါတယ်"

ရှားက ဖိုင်ကို ဖွင့်လိုက်သည်။ ရဲအရာရှိ၏ စစ်ချက်များ၊ ဥပဒေ အကြံပေး တောင်းခံမှုစာများကို ကျော်လှန်ပြီး နောက်ဘက်မှ ဓာတ်ပုံ များကို ကြည့်သည်။ ကျွန်တော် ရှားနားသို့ ကပ်၍ ကြည့်နေစဉ် "အေး အေးဆေးဆေး ကြည့်ကြပါ၊ ကျွန်တော် ဆေးလိပ်သောက်ချင်လို့ အပြင် ခဏ ထွက်ပါဦးမယ်၊ ပြီးရင် ပြန်လာမယ်" ဟု ပြောပြီး ရဲအုပ် ဝင်းမောင် ထွန်း ထိုင်ရာမှ ထသွားသည်။

ဓာတ်ပုံတစ်ပုံကို လက်ထောက်ပြီး ရှားက–

"ဒါ ဦးလူလု အလောင်းပုံပဲ၊ လဲကျနေတာက ဆိုဖာ ဆက်တီရဲ့ ကျောမှီပေါ်မှာ၊ ဇက်တင်ပြီး အိပ်နေတဲ့ပုံစံမျိုး၊ မသိရင် မှိန်းနေတာပဲ ထင်မှာ၊ ဒါပေမယ့် မျက်နှာက မသေခင်မှာ တစ်ခုခု ထိတ်လန့်တုန် လှုပ်တာ၊ ဒေါသဖြစ်တာကို ခံစားသွားရပုံပဲ"

"ဟုတ်တယ် ရှား"

"ဒီမှာ ဓားစိုက်ဝင်နေပုံပဲ၊ ဒီဓားက သက်သေခံပဲ၊ ဒီဓားကို



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန် စီအိုင်ဒီ သိပ္ပံစစ်ဆေးရေးဌာနကို ပို့ပြီး လက်ဗွေ စစ်ခိုင်းထား မှာပဲ၊ အဖြေရပြီလား မသိဘူး၊ ကိုကို အဲဒီပုံကို သေသေချာချာ ကြည့်ပြီး ရှားကို ထင်မြင်ချက် ပေးပါဦး"

ကျွန်တော်က ဖိုင်ကိုယူ၍ ဓာတ်ပုံကို ကြည့်ကာ–

"စားစိုက်ဝင်နေတာသာ တွေ့ရတယ်၊ အဲဒီနေရာမှာ သွေးတွေ အိုင်ထွန်းမနေဘဲ စိုရုံလောက်ပဲ ရှိပါလား၊ အင်္ကျီက အရောင်နုကလေး နော်၊ ဘာဖြစ်လို့ သွေး သိပ်မထွက်တာလဲ၊ ဒါပေမယ့် ဟောဒီဘယ် ဘက်မှာက အင်္ကျီတစ်ခြမ်းလုံး နီရဲနေတယ်"

"ဟုတ်တယ်၊ ဒီအချက်ဟာ စိတ်ဝင်စားစရာပဲ၊ ကဲ… နောက်ပုံ တွေ ကြည့်ရအောင်"

"ဆိုဖာ ဆက်တီပေါ်မှာက သွေးတွေ ပေနေတယ်၊ လဲကျနေတဲ့ ဦးလှူလှုရဲ့ ဘယ်ဘက်ခြမ်း လက်တင်ပေါ်မှာလေ၊ ပေနေပုံက သွေးစက် တွေလည်း ပါတယ်၊ ပွတ်သုတ်သွားတဲ့သဘောလည်း ပါတယ်"

ကျွန်တော့်စကားအဆုံးမှာ–

"ကိုကို မြင်တတ်တယ်၊ ဟောဒီ ပါကေးကြမ်းပြင်မှာတောင် သွေးစက်တွေ ရှိနေတယ်၊ ဓားကို ဆွဲထုတ်ရာမှာ ဓားက ကျတဲ့ သွေးစက် ဖြစ်မယ် ကိုကို၊ အစက်ကလေးတွေက ရှည်မျောမျောလေးတွေ၊ ဒါ ဟာ ရမ်းလိုက်တဲ့အခါမှာ လွင့်စင်ကျတဲ့ သွေးစက်လေးတွေရဲ့ အနေ အထားပဲ"

"ဦးလှူလှု ညာဘက်က ဆက်တီပေါ်မှာ ရီမုတ်ကွန်ထရိုးနဲ့ ဖုန်းကရိုဖုန်း ရှိနေတယ်၊ ဒါဆိုတော့ ဦးလှူလှု ကာရာအိုကေ ဆိုနေတုန်း လူသတ်သမားက ဝင်လာတာ"

"မှန်တယ် ကိုကို၊ ဦးလှူလှု ဘီယာသောက်ရင်း ကာရာအိုကေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေတာ၊ ဒီမှာ တွေ့လား ဘီယာပုလင်းနဲ့ အမြည်းပန်းကန်တွေ၊ ဟင်... ဒီမှာ ဘာလေးပါလိမ့်၊ ဆက်တီဘေး ကြမ်းပြင်ပေါ်မှာ..."

ရှားညွှန်ပြရာသို့ ကျွန်တော်က ကြည့်ပြီး ဖြေလိုက်သည်။

"ခဲတံလေးပဲ ရှား"

"ဟုတ်တယ်၊ နှစ်ဖက်ချွန် နီပြာခဲတံလေးပဲ၊ ဒါတွေကိုတော့ သက်သေခံအဖြစ် ကိုဝင်းမောင်ထွန်းတို့ သိမ်းလာမှာပါ၊ အဲဒါကိုပါ လက်ဗွေစစ်ဖို့ လိုမယ်"

ရဲအုပ် ဝင်းမောင်ထွန်းတို့ ရိုက်ကူးထားသောပုံများကို အသေအချာ ကျွန်တော်တို့ စိတ်ဝင်စားစွာ ကြည့်နေကြသည်မှာ နာရီဝက်နီးပါးခန့် ရှိပါလိမ့်မည်။ ဓာတ်ပုံကလည်း အများကြီးပါပဲ။ အခန်း၏ နေရာအနှံ့ ရိုက်ထားသောပုံများ။ သွေးကွက်စွန်းနေသော ကြမ်းပြင်ပုံများနှင့် သက်သေများ၏ ပုံများအထိ ပါဝင်သည်။

"ကဲ... ဘယ်လိုလဲ၊ ကြည့်လို့ ကျေနပ်ကြပြီလား"

ရဲအုပ် ဝင်းမောင်ထွန်း ပြန်ရောက်လာပြီး နေရာတွင် ပြန်ထိုင်ရင်း မေးသည်။

"ဟုတ်ကဲ့၊ ဒါနဲ့ ဓားပေါ်က လက်ဗွေရာ အဖြေရပြီလား"

ရှားက ပြန်မေးသည်။

"ရပါပြီ၊ လက်ဗွေရာက မောင်ရဲသူ လက်ဗွေရာပါပဲ၊ အမှုက ရှင်းသွားပါပြီ"

"မှုခင်းဆရာဝန်ကြီးရဲ့ ဆေးစာကရော"

"မှုခင်းဆရာဝန်ကြီးရဲ့ ဆေးစာမှာ ထိုးသွင်းဒဏ်ရာ နှစ်ချက်တွေ့ရကြောင်း၊ အသွား ၆ လက်မလောက်ရှိတဲ့ ဓားနဲ့ ထိုးသွင်းတဲ့ ဒဏ်ရာဖြစ်ကြောင်း၊ ဒဏ်ရာနှစ်ချက်က ဓာတ်ပုံထဲမှာ ဒေါ်မေစုရှားတို့ မြင်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဓားစိုက်ဝင်နေတဲ့ ဘယ်ဘက်ရင်အုံရယ်၊ ဘေးဘက် နံကြားကနေ ဝင်ပြီး နှလုံးထိ ဖောက်ဝင်တဲ့ တစ်ချက်ရယ် ဖြစ်တယ်၊ ဘေးဘက်က ဝင်ပြီး နှလုံးကို ဖောက်တဲ့ ဒဏ်ချက်က ပြင်းလို့ အဲဒီဒဏ်ရာနဲ့ပဲ သေဆုံးခြင်း ဖြစ်နိုင်တယ်လို့ ဆိုတယ်၊ ကြည့်လေ… အဲဒီ ဘယ်ဘက်ခြမ်း အင်္ကျီမှာ သွေးက အိုင်ထွန်းနေတာ၊ ဓားစိုက်ဝင်နေတဲ့ရင်အုံက ဒဏ်ရာကတော့ သိပ်မနက်လှဘူး၊ နံရိုးကို ဓားဦးနဲ့ တိုက်ပြီးမှ ချော်ပြီး အသားထဲဝင် သွားတာ၊ နှလုံးတွေ သရက်ရွက်တွေ အသည်းတွေနဲ့ လွတ်တယ်”

ရဲအုပ် ဝင်းမောင်ထွန်း ရှင်းပြနေသည်ကို ရှား အသေအချာ နား စိုက်ထောင်နေသည်မှာ စိတ်ဝင်စားလွန်းသဖြင့် ဘေးတွင် ကျွန်တော် ရှိနေသည်ကိုပင် သိပုံ မရတော့။ မျက်ခုံးကလေးတွေ တွန့်လျက် နဖူး ကြောတွေ တင်းနေသဖြင့် ရှားခေါင်းထဲမှာ အပြင်းအထန် အလုပ်လုပ် နေပြီဟု ကျွန်တော်သိလိုက်သည်။

“ကိုဝင်းမောင်ထွန်းတို့ ဟောဒီဓာတ်ပုံထဲမှာ တွေ့ရတဲ့ ခဲတံ နီပြာတံကိုရော လက်ဗွေစစ်ကြည့်သေးလား”

“အဲဒါတော့ မစစ်ဘူးဗျာ၊ အဲဒါက သိပ်ပြီး အရေးမပါဘူးလေ၊ အရေးကြီးတာက ဓားပဲ၊ အခုဆို ဓားက လက်ဗွေရာနဲ့ တရားခံရဲ့လက် ဗွေရာက တူနေကြောင်း သိရပြီ၊ တရားခံကလည်း ဖြောင့်ချက်ပေးပြီးပြီ၊ ဘာလိုသေးလဲ၊ အင်း… ဒီကောင်လေးတော့ သေဒဏ်ပဲ နေမှာပါ”

ရဲအုပ် ဝင်းမောင်ထွန်းစကားကြောင့် ကျွန်တော် စိတ်မကောင်း ဖြစ်သွားသည်။ ရဲသူအတွက် မျှောင်လင့်ချက်အလင်းရောင်က ချုပ်ငြိမ်း လုပြီ မဟုတ်ပါလား။

“ကိုဝင်းမောင်ထွန်းတို့ အဲဒီနေ့က အိမ်ထဲတွေ ဘာတွေများ ဝင်ရှာကြည့်ကြသေးလား”



www.burmeseclassic.com

www.burmeseclassic.com



ရှားက ထပ်မေးသည်။

"အိမ်ထဲတော့ ဘယ်ဝင်ရှာမလဲဗျာ... ဒေါ်မေစံရှားကလဲ၊ အချင်းဖြစ်တာက ညှော်ခန်းပဲဟာ..."

ရှား ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကျေးဇူးပါပဲ ကိုဝင်းမောင်ထွန်း၊ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး"

ရှားက ကျွန်တော့်ကို လှည့်ကြည့်ပြီး ထိုင်ရာမှ ထသည်။ စခန်းအပြင်သို့ ရောက်ချိန်မှာ—

"ကိုကို ဘယ်လိုမြင်လဲ" ဟု ရှားက ထင်မြင်ချက်တောင်းခံပြန်ပါသည်။

"အင်း... မောင်ရဲသူအဖို့တော့ ဘဝအမှောင်သမ်းနေပြီ ထင်ပါရဲ့"

မောလျစွာ ကျွန်တော် ပြောမိ၏။

"ရှားကတော့ အခုမှ အလင်းရောင်ကလေးကို စ,ပြီး တွေ့လိုက်ရတာလို့ ထင်တာပဲ ကိုကို"

❑

www.burmeseclassic.com

www.burmeseclassic.com

# ၆

ရဲသူကို ရုံးထုတ်ပြီး ပထမဆုံးစစ်ဆေးကာ စွဲချက် တင်သင့် မတင်သင့် ကြားနာသည့်နေ့က ကျွန်တော်သည် တရားရုံးသို့ သွားရောက်လိုပါသော်လည်း မဂ္ဂဇင်းကိစ္စများ အရေးကြီးနေသဖြင့် မသွားနိုင်ခဲ့ပါ။

ထို့ကြောင့် မဂ္ဂဇင်းတိုက်မှ အလုပ်ကိစ္စပြီး၍ ညနေ ရုံးဆင်းသည်နှင့် ရှား၏ရုံးခန်းသို့ သုတ်ခြေတင်လာခဲ့ရသည်။ ရဲသူ၏အမှုကိစ္စက ကျွန်တော့်ကို ဖမ်းစားထားခဲ့ပြီ မဟုတ်ပါလား။

ကျွန်တော် ရှားရုံးခန်းသို့ ရောက်သွားတော့ စားပွဲမှာ ထိုင်၍ တွေးနေ ငေးနေသော ရှားကို တွေ့ရသည်။ အမှုကိစ္စ အရေးနိမ့်ခဲ့လေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"ရှား ဒီနေ့ ဘယ်လိုလဲ၊ ပြောပါဦး"

ရှားကို တွေ့တွေ့ချင်း အငမ်းမရ မေးမိ၏။ ရှားက အပြုံးနွမ်းနွမ်းဖြင့် "ထိုင်ပါဦး ကိုကိုရယ်၊ လောလိုက်တာ" ဟုဆိုသည်။ ထိုင်ခုံမှာဝင်ထိုင်ပြီး လွယ်အိတ်ကို စားပွဲပေါ် တင်သည်။

ရှားက...

"ဒီနေ့တစ်နေ့လုံး ရှား စိတ်တွေ အရမ်းပင်ပန်းတယ်၊ ကိုကို လာမှာပဲဆိုတာ သေချာသိလို့ စောင့်နေတာ၊ ရှားကို တစ်ခုခု တိုက်ပါလား" ဟု ပြောသည်။

"တိုက်မယ်လေ၊ လာ... အပြင်သွားမယ်"

ဈေးဒိုးနပ်မှာ လူများလှသည်။ နေရာရဖို့ အတော်ရှာရသည်။ နေရာရသည်နှင့် ရှားကို ထိုင်ခိုင်းထားပြီး ကျွန်တော်က ကောင်တာမှာ မုန့်နှင့်ကော်ဖီ သွားယူသည်။

အိုက်စ်ကော်ဖီနှင့် မုန့်များ စားကြသောက်ကြရင်း ကျွန်တော်က ရဲသူ့အမှုကိစ္စကို ပြန်စ,ရပါသည်။

"ကဲ ပြောပါဦး၊ ရဲသူ့အမှု"

အအေးခန်းထဲမှာဖြစ်သော်လည်း ရှားက နွမ်းလျသောမျက်နှာကလေးနှင့်ပါ။

"ဒီနေ့ တရားလိုရယ်၊ တရားလိုပြသက်သေတွေရယ်၊ အမှုစစ်အရာရှိရယ်ကို စစ်တယ်၊ သူတို့ရဲ့ ထွက်ဆိုချက်၊ တင်ပြချက်တွေအရ စွဲချက်တင်ဖို့ အမိန့်ချလိုက်ပြီ၊ ဒီနေ့ ရှားအတွက် ရခဲ့တဲ့ အသက်ကယ်ခွင့်အချက်က နှစ်ချက်ပဲ ရှိတယ် ကိုကို"

"ဘာများလဲ ရှား"

"အဲဒီနှစ်ချက်ကိုပဲ ရှားက အားကိုးပြီး နောက်တစ်ရက် ရုံးချိန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ခုခံရမှာပဲ၊ ပြီးတော့ မောင်ရဲသူကိုလည်း ဝန်မခံဖို့ စည်းရုံးရမယ်”

“ဘယ်လို... ကိုကို နားလည်အောင် သေသေချာချာ ပြောပြစမ်းပါဦး ရှားရယ်”

“အမှုစစ်အရာရှိရဲ့ အစစ်ခံချက်၊ ရဲသူရဲ့ ဖြောင့်ချက်၊ ဓားပေါ်က လက်ဗွေရာ၊ သက်သေတွေရဲ့ ထွက်ချက်တွေက အားလုံး သဟဇာတ ဖြစ်ပြီး ကိုက်ညီနေတယ်၊ တစ်ထပ်တည်း ကျနေတယ်၊ ရဲသူ သတ်ကြောင်း ခိုင်မာနေတယ်၊ အဲ... စောစောက နှစ်ချက်ပဲ ရှိတယ်”

“အဲဒီနှစ်ချက်က...”

ရှား ရုတ်တရက် စကားမပြန်နိုင်သေးဘဲ ငေးနေသည်။ ရဲသူ၏ အမှုကွင်းဆက်များက ရဲသူကို ကြိုးစင်ပေါ် တွန်းပို့နေပြီမို့ ရှား စိတ်မသက်မသာ ဖြစ်နေခြင်း ဖြစ်၏။

“တစ်အချက်ကတော့ သက်ရှိသက်သေတွေ၊ သက်မဲ့သက်သေတွေအားလုံးက ရဲသူ သတ်တာပါလို့ ပြောနေပေမယ့် ရဲသူ သတ်တာကို ဘယ်သူမှ မျက်မြင်သက်သေ မရှိဘူး၊ ဒါကတော့ ရဲသူ့အတွက် သံသယအကျိုးပဲ၊ ဒီအချက်ကို ကိုင်ပြီး ရှား ခုခံရမယ်၊ နောက်တစ်ချက်ကတော့ ရဲသူရဲ့ ဖြောင့်ချက်မှာ သူ ဦးလူလှကို ဓားနဲ့ တစ်ချက်တည်း ထိုးစိုက်လိုက်တာပါတဲ့၊ ဒါပေမယ့် ဦးလူလှ အလောင်းမှာက ဓားဒဏ်ရာနှစ်ချက်လေ။ အဲဒီ ကွာဟချက်ကို ရှား အဓိက အားပြုရမယ် ကိုကို”

“အဲဒီအချက်က အရေးကြီးတယ် ရှား၊ အဲဒါ ထွက်ပေါက်ပဲ”

“ရှားလည်း အဲဒီလိုပဲ မြင်တယ်၊ အင်း... ရှားတွေ့ထားတဲ့အချက်အလက်တွေက ဟိုတစ်စ သည်တစ်စ ဖြစ်နေလေတော့ ဘာမှ ဆက်စပ်လို့ မရသေးဘူး၊ ကွင်းဆက် မမိသေးဘူး၊ ရှားက ကွင်းဆက်မမိသေးခင် နောက်ရုံးချိန်းမှာ ရဲသူက အပြစ်ကို ဝန်ခံလိုက်ရင် သွားပြီ၊ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



တန်းပြီး အမိန့်ချတော့မှာပဲ၊ ဒါကြောင့် ရှား အချိန်ဆွဲနိုင်အောင် ကြိုးစားရမယ်”

“မလွယ်ပါလား ရှားရယ်”

ကျွန်တော် မောသွားသည်။ ရှားနေရာကို ကျွန်တော်ဝင်ကြည့်မိ၏။ ခံစားကြည့်မိပါ၏။ အလွန်မလွယ်ကူသောကိစ္စ။

ရှားက ကော်ဖီကို ငုံ့ကြည့်ပြီးနောက်–

“ဒါပေမယ့် ရှား အခိုင်အမာယုံကြည်နေတာက ဦးလူလှကို ရဲသူသတ်တာ မဟုတ်ဘူးဆိုတဲ့ အချက်ပဲ၊ ခက်တာက ခုအချိန်မှာ အဲဒီယုံကြည်ချက်က လေထဲက အိမ် ဖြစ်နေတယ်” ဟု ဆိုသည်။

“ရှား လက်လျှော့ချင်ပြီလား”

ကျွန်တော်က ကျွန်တော့်ချစ်သူမို့ စိတ်ပင်ပန်း လူပင်ပန်းဖြစ်မှာစိုး၍ ကရုဏာသက်စွာ မေးခြင်း ဖြစ်ပါ၏။ ရှား ကျွန်တော့်ကို မော့ကြည့်သည်။ မျက်လုံးလေးတွေက မှိုင်းညို့နေသည့်ကြားမှပင် လင်းလက်မှုတွေ ရှိနေသည်။

“ရှား အဲဒီလိုမျိုး ဘယ်တုန်းက အလျှော့ပေးဖူးလို့လဲ ကိုကိုရယ်၊ ဒီအမှုမှာ ရှား ယုံကြည်ချက်က မမှားပါဘူး၊ ရှား ကြိုးစားရမယ်၊ တရားခွင်ပေါ်ကို အမှန်တရား ထောက်ပြမယ့် သက်သေတွေ ရောက်လာအောင် ရှား ကြိုးစားရမယ်”

ခုံပေါ်တင်ထားသော ရှား၏လက်ကို ကျွန်တော် ဆုပ်ကိုင်ကာ အားပေးနှစ်သိမ့်ရပါသည်။

“ရှား ဘာလုပ်မလဲ၊ ရှား ဘာလုပ်ချင်လဲ၊ ရှားအတွက် ကိုကို အစစအရာရာ အကူအညီပေးမယ်၊ ရှားဘေးမှာ ကိုကိုရှိတယ်”

ရှိရင်းစွဲ ရှား၏မူပိုင်အပြုံးလေး ပြန်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားလေးကြားရတာ ဒီနေ့ ပင်ပန်းနေတာတွေ ပျောက်သွားပါပြီ၊ ကိုကိုလာရင် ဒီစိတ်ခွန်အားတွေ ရမှာပဲလို့ ယုံကြည်လို့လည်း ကိုကို့ကို ရှား မျှော်နေတာ၊ ဒီတော့..."

"ဒီတော့ ဘာဖြစ်လဲ ပြော..."

"ရှား ဦးလူလှအိမ်ကို သွားကြည့်ချင်တယ်၊ အချင်းဖြစ်နေရာကို ကြည့်ချင်တယ်၊ အဲဒီမှာ ပြတ်နေတဲ့ကွင်းဆက်ကို ရှား ရနိုင်တယ်"

"ဟုတ်ပြီ၊ ဘယ်တော့သွားမလဲ"

"မနက်ဖြန်ပါ၊ ဒါပေမယ့် အချင်းဖြစ်နေရာကို သွားတာက ရှားတို့ချည်း သွားလို့ မဖြစ်ဘူး၊ တစ်စုံတစ်ခု သက်သေခံပစ္စည်းတွေ့ရင် သိမ်းဖို့ဆိုတာ ရဲအရာရှိရော၊ သက်သေ လူကြီးတွေပါမှ ဖြစ်မှာ"

"ဒီတော့ ကိုဝင်းမောင်ထွန်းကို ခေါ်ရမှာပေါ့"

"အင်း... ကိုဝင်းမောင်ထွန်းက ကူညီပါ့မလား မသိဘူး"

"ကူညီအောင်တော့ ပြောရမှာပေါ့၊ သူ့အလုပ်ကို ဝင်ရှုပ်တာ မဟုတ်ဘဲ သူ့ကို ကူညီတာပါဆိုတာ သဘောပေါက်အောင် ပြောရမှာပေါ့၊ ဒါနဲ့ ဒီနေ့ ရုံးချိန်းကို မွေးတို့ ဦးတိုးမြတို့ရော လာကြလား"

ရှား ခေါင်းညိတ်သည်။

"လာကြတယ်၊ သူတို့ ရဲသူနဲ့ တွေ့ခွင့် စကားပြောခွင့် ရကြတယ်၊ သူတို့ကိုကြည့်ရတာ ရှားရင်မှာ အရမ်းထိခိုက်ခံစားရတာပဲ၊ ဖခင်ကလည်း ဖခင်အပူ၊ ချစ်သူကလည်း ချစ်သူ အပူပေါ့၊ အဲ နောက်တစ်ခု ရှားတို့ လုပ်ရမှာက မွေးကို သွားတွေ့ဖို့ပဲ၊ သူ့ကို ပြောစရာ ရှိတယ်"

"ဒါက ပြဿနာမရှိပါဘူး"

ဂျေဒိုးနပ်မှ ထွက်လာကြပြီးနောက် ရှားကို အိမ်အထိ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့သည်။ ရှားအဒေါ် ဒေါ်လေးကြင်ကြင်က "ထမင်းစားပြီးမှ ပြန်လေကွယ်" ဟု ခေါ်သော်လည်း အိမ်ပြန်နောက်ကျမည်စိုးသဖြင့် မစားဖြစ်။ ရှားကိုနှုတ်ဆက်ပြီး ချက်ချင်းပြန်လာခဲ့သည်။

"မနက်ဖြန် မမေ့နဲ့နော် ကိုကို" ဟူသော ရှားမှာလိုက်သံကလေးကို ရင်မှာ သိမ်းထုပ်၍ ပြန်လာခြင်းဖြစ်ပါသည်။ ချစ်သူကို ကူညီရန်မှာ ချစ်သူတို့၏ မွေးရာပါတာဝန်ပင် မဟုတ်ပါလား။

❑

www.burmeseclassic.com

www.burmeseclassic.com

# ၇

ရဲသူ၏ ခနိမိုး ထရံကာ သုံးပင်အိမ်ကလေး၏ ရှေ့မှာ ကွပ်ပျစ်ကလေး ရှိသည်။ ထိုကွပ်ပျစ်ကလေးပေါ်မှာ ကျွန်တော်တို့ ထိုင်ကြသည်။ ကျွန်တော်တို့ဆိုသည်မှာ မွေးခင်ခင်၊ ရှားနှင့် ကျွန်တော်။ ရှားက အလယ်က၊ မွေးက ရှားဘယ်ဘက်မှာ။ ကျွန်တော်က ရှားညာဘက်မှာ။

သရက်ပင်ကြီး၏ အရိပ်က ကျွန်တော်တို့ကို နေပူမှ လုံလုံခြုံခြုံ ကာကွယ်ပေးထားသည်။ အိမ်ပေါ်မှ ချိုးချိုးချွတ်ချွတ် အသံ ကြားရ၏။ ရဲသူ၏ ဖခင် ဦးတိုးမြ ရှိနေကြောင်း သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှားရည်ရွယ်ချက်ကို ကျွန်တော် နားမလည်။ မွေးနှင့် စကား ပြောလိုလျှင် မွေးအိမ်မှာပြော၍ရပါလျက် သည်နေရာကို ခေါ်ထုတ်လာခဲ့သည်မှာ အဘယ်ကြောင့်နည်း။ မွေးမိခင် မသိစေချင်၍လား။ သို့မဟုတ် တခြားအကြောင်းတစ်စုံတစ်ရာ ရှိလေသလား။

"မမ ဘာပြောစရာရှိလို့လဲ၊ အကြောင်းထူး ရှိလို့လား"

မွေး မေးသည်။ မွေးအမေးမှာ သိလိုဇောတွေ ရောယှက်နေသည်။ ရှားက ခေါင်းညိတ်ပြီး မွေးပခုံးကို အသာအယာဖက်လိုက်၏။ အတူယှဉ်ထိုင်နေခြင်း ဖြစ်သောကြောင့် ရှားနှင့် တစ်ယောက်ခြားနေသော မွေးမျက်နှာကို ကျွန်တော်မမြင်ရ။

"ဆိုပါတော့ ညီမရယ်"

BURMESE CLASSIC

"ရဲနဲ့ ပတ်သက်ပြီး ဘာထူးခြားလို့လဲ မမ"

"ဒီလိုကွယ့်... ဟိုတစ်နေ့က ရုံးထုတ်တော့ မွေးတို့ လာတယ်မဟုတ်လား၊ မွေးလည်း ကြားလိုက်မှာပါ၊ တရားရုံးမှာ အမှုစစ်အရာရှိရဲ့ ထွက်ဆိုချက်တွေ၊ တရားလိုပြသက်သေတွေရဲ့ အနေအထားတွေ အားလုံးဟာ အံကျကွက်တိဖြစ်နေတယ်၊ ဆိုလိုတာက မောင်ရဲသူ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်နေတယ်၊ တကယ်လို့ နောက်ရုံးချိန်းမှာ မောင်ရဲသူကို စစ်မေးတဲ့အခါကျရင် မောင်ရဲသူက ကျွန်တော် ဦးလှုလှကိုသတ်တာပါလို့ ဝန်ခံထွက်ဆိုလိုက်ရင် အမှုက ပြီးပြတ်သွားပြီ၊ မမအနေနဲ့ မောင်ရဲသူကိုလွတ်အောင် ကြိုးစားလို့ မရနိုင်တော့ဘူး၊ တစ်ခါတည်း ပြစ်ဒဏ်ချမှတ်တဲ့အဆင့်ထိ ရောက်သွားလိမ့်မယ်"

ရှားက မွေးနားလည်အောင် ရိုးရှင်းသော စကားလုံးများဖြင့် ရှင်းပြသည်။

"အဲဒါဆို ရဲကို ဘယ်လိုပြစ်ဒဏ်ချနိုင်လဲဟင် မမ"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တုန်လှုပ်နေသော မွေး၏အမေး။ ရှားက သက်ပြင်းကို လေးတွဲ့စွာ ချရင်း–

"သေဒဏ်..."

"ရှင်... သေဒဏ်..."

မွေးနှုတ်ဖျားမှ အလန့်တကြား ခုန်ထွက်လာသော အာမေဍိတ်သံ။ သို့မဟုတ် သွေးပျက်ချောက်ချားစွာ အော်လိုက်သံ။ ရှားကိုကျော်၍ ကျွန်တော် မွေးကိုကြည့်လိုက်တော့ သွေးဆုတ်ဖြူရော်သွားသော မွေး မျက်နှာကို မြင်ရသည်။ ချာချာလည်နေသော မျက်ဝန်းတွေနှင့်။

"သေဒဏ် ဟုတ်လား မမ"

"ဟုတ်တယ် သေဒဏ်ပဲ၊ ကံကောင်းရင်တော့ တစ်သက် တစ်ကျွန်းပေါ့"

"ဘုရား... ဘုရား... မမရယ် ရဲကို ကယ်ပါဦး"

ရှိုက်သံ အင့်ခနဲ။ ငိုကြွေးသံနှင့် တောင်းပန်စကား။ ရှားပခုံးပေါ်သို့ မွေးတစ်ကိုယ်လုံး လဲပြိုကျလာသည်။ ရှားက မွေးကို ထွေးဖက်ရင်း–

"ဒါကြောင့် မွေးအိမ်မှာ မပြောဘဲနဲ့ မွေးကို ဒီခေါ်လာတာ" ဟု ပြောလိုက်သည်။ ကျွန်တော်က ရဲသူ၏ဖခင် ကြားသွားပြီလားဟု အိမ်ပေါ်သို့ လှည့်ကြည့်မိသွား၏။ အိမ်ပေါ်မှာ တိတ်ဆိတ်နေသည်။

မွေးက တသိမ့်သိမ့်ရှိုက်ငိုနေသည်။

"ဒီအတွက် လာတာပဲ ညီမလေးရယ်၊ မမယူဆထားတာ ဦးလူလှကို မောင်ရဲသူ မသတ်ဘူး၊ သတ်တာက တခြားတစ်ယောက် ဖြစ်ရမယ်၊ ဒါပေမယ့် မမမှာ ရုံးတော်ကို တင်ပြစရာ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံမရသေးဘူး၊ ရှာနေဆဲပဲ ရှိသေးတယ်၊ ဒီတော့

www.burmeseclassic.com



မမအတွက် အချိန်လိုတယ်"

"မွေး ဘာလုပ်ပေးရမလဲဟင် မမ"

စိတ်အားထက်သန်စွာ မွေးမေးသည်။ "မွေး လုပ်နိုင်တာဆိုရင် ဘာမဆို လုပ်ပေးပါ့မယ်"ဟုလည်း ဆက်ပြောသည်။ ရဲသူ့အပေါ် ထားသော မွေး၏မေတ္တာအတိုင်းအတာကို ကျွန်တော် ချင့်တွက်မိပြီး စိတ်မကောင်း ဖြစ်သွားသည်။

ရှားက စဉ်းစဉ်းစားစားဖြင့်–

"ဒီတစ်ခါ ရုံးထုတ်ရင် မောင်ရဲသူကို မွေးက ဖျောင်းဖျပေးဖို့ပါ၊ အပြစ်ကို ဝန်မခံပါနဲ့၊ အရင်တုန်းက ဖြောင့်ချက်ပေးခဲ့တာဟာ မမှန်ပါဘူး၊ တခြားတစ်ယောက်ယောက်ကို ငဲ့ပြီး လိမ်လည်ထွက်ဆိုမိတာပါလို့ ပြောခိုင်းပါ"

"ရှင်..."

သည်တစ်ခါ မွေး၏ 'ရှင်'ဟူသောအသံက စောစောက 'ရှင်' နှင့် မတူ။ အံ့အားသင့်ခြင်း မဟုတ်။ တုန်လှုပ်ခြင်းကြောင့် ဖြစ်၏။ လန့်ဖျပ်သွားခြင်းကြောင့် ဖြစ်၏။ မလုံမလဲ မျက်နှာမှာ အယွင်းယွင်း အယိုယိုနှင့် ရှားပခုံးပေါ် မှီနေသော မွေးခန္ဓာကိုယ်ကလေး ဆတ်ခနဲ တုန်ကာ တောင့်မတ်သွားသည်။

ဒါကို ရှားသတိပြုလိုက်မိပုံ ရပါ၏။ သို့သော် အမှတ်မထား သလို ရှား ထိုင်ရာမှ ထလိုက်သည်။

"ကဲ မမတို့ လုပ်စရာလေးတွေ ရှိသေးလို့ သွားတော့မယ် မွေးက မမမှာတဲ့အတိုင်း လုပ်ပေးပါ၊ မွေးက မောင်ရဲသူရဲ့ချစ်သူ မွေးစကားကို သူ လက်ခံမှာပါ၊ မဟုတ်ရင်တော့ မောင်ရဲသူဟာ သေဒဏ်..."



www.burmeseclassic.com

www.burmeseclassic.com



"ချလွှမ်..."

ရှားစကားမပြတ်မီမှာ အိမ်ပေါ်မှ တစ်စုံတစ်ခု ကျကွဲသံကို ကြားလိုက်ရ၏။ တစ်ခုခု လွတ်ကျပုံရသည်။ ရဲသူ၏ဖခင် ဦးတိုးမြ ရှားစကားသံကို ကြားပြီး စိတ်ထိခိုက် တုန်လှုပ်သွားလေသလား။

မွှေးက အိမ်ပေါ်သို့ ဆတ်ခနဲ လှည့်ကြည့်သည်။

"အဘ ဘာဖြစ်တာလဲ မသိဘူး"

"မွှေး အိမ်ပေါ် တက်ကြည့်လိုက်ဦး၊ မမတို့တော့ အိမ်ပေါ် မတက်တော့ဘူး၊ သွားတော့မယ်"

ရှားက နှုတ်ဆက်စကားဆိုသည်ကို မွှေးက ခေါင်းညိတ်ပြပြီး အိမ်ပေါ်သို့ ပြေးတက်သွားသည်။ ရှားက မွှေးပြေးတက်သွားသည်ကို တစ်ခဏမျှ ငေးကြည့်ပြီး "သွားစို့ ကိုကို"ဟု ကျွန်တော့်လက်မောင်းကို အသာဆုပ်ကိုင်ပြီး ခေါ်လာခဲ့သည်။

မွှေးတို့အိမ်နှင့် အတန်ငယ်ဝေးသောနေရာရောက်တော့–

"ဦးတိုးမြ ရှားစကားကိုကြားပြီး စိတ်ထိခိုက်သွားပုံ ရတယ် ရှား၊ ကိုင်ထားတဲ့ပန်းကန်လား ဖန်ခွက်လား တစ်ခုခု လွတ်ကျသွားတာ၊ ရှားက မွှေးကို ပြောစရာရှိလည်း တခြားမှာ ပြောဖို့ကောင်းတယ်" ဟု ကျွန်တော်က အပြစ်တင်လေသံဖြင့် ပြောလိုက်မိ၏။

ရှား ကျွန်တော့်ကို လှည့်မကြည့်ဘဲ သက်ပြင်းရှိုက်သည်။

"အဲဒီလို ဖြစ်ပါ့မလားလို့ ရှားက ပူနေတာ၊ ဒါ ရှားလိုချင်တဲ့ အနေအထားပဲ"

"ကိုကို နားမလည်ဘူး"

"နောက်တော့ ကိုကို နားလည်လာမှာပါ"

"ရှားရည်ရွယ်ချက်က ဘာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



ရှား ကျွန်တော့်ကို တစ်ချက်ငဲ့ကြည့်သည်။

"ရှားအထင်ပြောရရင် အမှုက နှစ်ဆင့်လိမ်နေတယ် ကိုကို၊ အဲဒါကြောင့် အလိမ်အလိမ်ချင်းကျေပြီး အမှုက စင်းစင်းရှင်းရှင်းကြီး ဖြစ်နေတာ၊ အနုတ်အနုတ်ချင်းမြှောက်ရင် အပေါင်းရသလိုပေါ့၊ ဒီတော့ ရှားက ရှင်းနေတာကို ရှုပ်အောင် ပြန်လုပ်ကြည့်တာ၊ ပြီးမှ ရှားပြန် ရှင်းမယ်"

ကျွန်တော် ပို၍နားရှုပ်သွားသည်။

"ကိုကို ခေါင်းခြောက်သွားပြီ"

ကျွန်တော့်လက်မောင်းကို အသာခိုတွယ်လိုက်ပြီး ရှားက

"ကိုကို ခေါင်းခြောက်မခံပါနဲ့၊ ရှေ့တစ်ပတ်ရုံးချိန်းကျရင် ကိုကို လာနားထောင်ပေါ့၊ ကံကောင်းရင် အဲဒီရုံးချိန်းမှာ အမှုက ပြီးရင်တောင် ပြီးသွားနိုင်တယ်၊ ကဲ အခုတော့ ရုံးခန်းကို ခဏပြန်မယ်၊ ပြီးရင် ကိုဝင်းမောင်ထွန်းနဲ့ ချိန်းထားတာ ရှိတယ်၊ ဦးလှလှအိမ်မှာလေ ရှားတို့က နောက်ကျလို့ မဖြစ်ဘူး၊ သူတို့မှာက ၂၄နာရီ တာဝန်တွေနဲ့"

ပေါ့ပါးနေဟန်ရှိသော ရှားအပြောကို ခေါင်းညိတ်သဘောတူ လိုက်ရပါ၏။ ကျွန်တော့်ရင်ထဲမှာကား ပဟေဠိကို အဖြေညှိမရသေး။

❑

www.burmeseclassic.com

www.burmeseclassic.com

# ၈

ရုံးခန်းထဲသို့ ကျွန်တော်တို့ရောက်လာကာစပဲ ရှိသေးသည်။ တစ်စုံတစ်ယောက် ရုံးခန်းထဲ ဝင်လာသည်။

“ဟင်… ဆရာ…”

ရှားက အံ့သြတကြီးဖြင့် နေရာမှထကာ ဝင်လာသူကို နေရာထိုင်ခင်းပေးသည်။ ဝင်လာသူမှာ အသက်ခြောက်ဆယ်ခန့်ရှိ လူကြီးတစ်ဦး။ ကော်လာလည်ကတုံးအဖြူနှင့် တိုက်ပုံအနက်နှင့်။ အိတ်အမည်းကြီးတစ်လုံး ဆွဲလျက်။ မျက်နှာမှာ တည်ကြည်ခန့်ငြားမှုအပြည့်။

“ဆရာ ဘယ်ကလှည့်လာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"သမီးဆီကိုပဲ လာတာ"

ရှားက ကျွန်တော်နှင့် ထိုသူကို မိတ်ဆက်ပေးသည်။ ထိုသူသည် ရှား၏အလုပ်သင်ဘဝက သင်ကြားပေးခဲ့သူ နာမည်ကျော်ရှေ့နေကြီး ဦးကျော်ဇေယျ ဖြစ်သည်။ သူ့စာအုပ်တွေကို ကျွန်တော်ဖတ်ဖူးလျက် သူ့သတင်းတွေကို ကြားဖူးလျက်၊ လူကိုမူ ယခုမှ ကျွန်တော်တွေ့ဖူးခြင်း ဖြစ်သည်။

"ကိစ္စရှိလို့လား ဆရာ၊ ရှိရင် သမီးဆီကို ဖုန်းဆက်လိုက်ပေါ့၊ သမီး လာမှာပေါ့၊ ဆရာက လာရတယ်လို့"

ရှားက အားနာစွာ ဆိုသည်။

"ဆရာ ဘာသုံးဆောင်မလဲ" ဟုလည်း လောကဝတ်ကိုပြုသည်။ ဦးကျော်ဇေယျက လက်ကာပြီး–

"ဘာမှ မလုပ်နဲ့၊ ဘာမှ မသောက်ချင်ဘူး၊ သမီးကို ပြောစရာ စကားနည်းနည်းရှိလို့ ဝင်လာတာ"

"ပြောပါ ဆရာ၊ သမီး နားထောင်နေပါတယ်"

"သမီး အမှုတစ်ခုလိုက်နေတယ်လို့ ကြားတယ်၊ အမှုက လူသတ်မှု၊ တရားခံလည်း မိပြီးသားဆို…"

"ဟုတ်ပါတယ် ဆရာ"

မောင်ရဲသူအမှုကို ဦးကျော်ဇေယျ ဆိုလိုကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။ ဘာအကြောင်းများလဲ ဟူသော စူးစမ်းအကြည့်နှင့် ရှိနေသော ရှားအား ဦးကျော်ဇေယျက အကဲခတ်ပြီး–

"သမီး အခုထိ လိုက်လာခဲ့တဲ့ အမှုတွေဟာ နိုင်ခဲ့တာချည်းပဲ ဒါကြောင့် သမီး အောင်မြင်မှုရခဲ့တယ်၊ အခု ဒီအမှုကို လိုက်တာ သမီး အောင်မြင်မယ် ထင်လို့လား" ဟု မေးသည်။ ဦးကျော်ဇေယျ၏



www.burmeseclassic.com

www.burmeseclassic.com



အမေးက တရားသူကြီးက တရားခံကို မေးပုံမျိုး။ ပြတ်သားသည်။ တိကျသည်။

"သမီး ယုံကြည်ပါတယ် ဆရာ"

ရှားအဖြေကလည်း မဆိုင်းမတွ။ သူ့ဆရာစကားလိုပင် တိကျ ပြတ်သားသည်။

"သမီး ဆန္ဒစောသွားပြီထင်တယ်"

"ဘာဖြစ်လို့လဲ ဆရာ"

"ဆရာက ဆရာ့တို့ ရွှေနေတွေရဲ့ လျှို့ဝှက်ချက်တစ်ခုကို ပြောပြမယ်၊ အဲဒါကတော့ အမှုတစ်ခုဟာ နိုင်ခြေမရှိရင် မလိုက်ရဘူး၊ ရှောင်သင့်တယ်၊ ကိုယ့်နာမည် ကိုယ်ဖျက်သလိုဖြစ်တတ်တယ်၊ ငွေရမယ်ဆိုပြီး အမှုတိုင်းကို လက်မခံရဘူး"

"သမီး ဒီအမှုမှာ ငွေတစ်ပြားမှ မရပါဘူး ဆရာ၊ သမီးက ရုံးစရိတ်ကို စိုက်ပြီး လိုက်မှာပါ"

ဦးကျော်ဇေယျ မျက်လုံးပြူး၍ကြည့်သည်။

"သမီးက ဒီအမှုကို လိုက်ပါရစေလို့ ခွင့်တောင်းပြီး လိုက်ခဲ့တာပါ၊ နာမည်ကောင်းရဖို့လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် အမှန်တရားတစ်ခုဟာ ဒီအမှုမှာ လျှို့ဝှက်နေတယ်၊ ပျောက်ကွယ်နေတယ်လို့ သမီး ခံစားရလို့ပါ၊ တရားခံဖြစ်နေရတဲ့ ကောင်လေးဟာ အပြစ်ကျူးလွန်သူ မဟုတ်ဘူးလို့ သမီး ခံစားယုံကြည်လို့ပါ ဆရာ"

တရားခွင်တွင် လျှောက်လဲချက် အပေးကောင်းသည်ဟု ကျော်ကြားသော ရွှေနေကြီး ဦးကျော်ဇေယျသည် နှုတ်ဆွံ့နေသလို ရှားကို ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို လိုက်ခွင့်ပြုပါ ဆရာ"

"သက်သေတွေ ခိုင်လုံနေတယ်ဆို၊ တရားခံကလည်း ဖြောင့်ချက်ပေးထားတယ်ဆို၊ နောက်ဆုံးချိန်မှာ တရားခံကိုစစ်လို့ တရားခံက ဟုတ်ပါတယ်လို့ ဝန်ခံဖြောင့်ဆိုလိုက်တာနဲ့ အမှုက စီရင်ချက်တောင် ချလိုက်နိုင်ပြီဆို၊ သမီးက ဘာတွေကြိုးစားလို့ ရတော့မှာလဲ၊ ဘာတစ်ခုမှ ကြိုးစားခွင့် မရလိုက်တဲ့ တရားခံအကျိုးဆောင်တစ်ယောက်အဖြစ်နဲ့ သမီးအောင်မြင်မှုခြေလှမ်းတွေ ထစ်ငေါ့သွားမှာစိုးလို့ ဆရာပြောတာပါ"

"ဆရာ့စေတနာကို သမီး သဘောပေါက်ပါတယ် ဆရာ၊ ကျေးဇူးလည်းတင်ပါတယ် ဆရာ၊ ဒါပေမယ့် ဆရာ့ကျေးဇူးနဲ့ ဆရာ သင်ပြဖူးခဲ့တဲ့ စကားတစ်ခွန်းကိုလည်း သမီးက ရင်ဝယ်ပိုက်ထားပါတယ်၊ တရားဥပဒေဆိုတာ မှန်သူဘက်ကပဲ ရှိနေစေရမယ်၊ အကျိုးဆောင်ရှေ့နေဟာ အပြစ်မဲ့သူတစ်ယောက် ပြစ်ဒဏ်စက်ကွင်းကနေ လွတ်အောင် ကြိုးစားပေးရမယ်လို့ ဆရာဆုံးမခဲ့တဲ့အတိုင်း သမီးက ကြိုးစားတာပါ"

ဦးကျော်ဇေယျ ပြုံးလိုက်သည်။

"သမီးက ဆရာ့စကားနဲ့ ဆရာ့ကို ချည်နေတာကိုး၊ ဆရာတောင် သမီးကို ပြိုင်မပြောနိုင်တော့ဘူး၊ ဆရာက သမီးစိတ်ဓာတ်၊ သမီးနှလုံးသားကို နားလည်ပါတယ်၊ လောကြီးပြီး အမှားတွေလုပ်မိမှာ စိုးလို့၊ ပြီးတော့ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ဖြစ်သင့်တာထက် ကျော်လွန်သွားမှာ စိုးလို့ပါ"

"စိတ်ချပါ ဆရာ၊ ဒီအမှုမှာ ဆရာ စိတ်ချမ်းသာရမယ့်အဖြေမျိုး ရလာပါစေ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာမခံရဲလှချည်လားကွယ့်"

"သမီး ယုံကြည်တာကို ပြောတာပါ"

"ဒီလောက် ယုံကြည်ချက် ပြင်းထန်နေရင်တော့ ဆရာ မတားလိုတော့ပါဘူး၊ ဒီတော့ ဆရာပြောမယ်၊ သမီးမှာ လိုအပ်တာရှိရင် ဆရာ့ဆီကို အချိန်မရွေး ဖုန်းဆက်ပါ၊ အကူအညီတောင်းပါ"

"ဟုတ်ကဲ့ပါ ဆရာ"

ဦးကျော်ဇေယျ ထိုင်ရာမှ ထသည်။

"တစ်ဖက်က တရားလိုအကျိုးဆောင် ရွှေနေကြီးကို အထင်မသေးပါနဲ့၊ သူက အတွေ့အကြုံရင့်ပြီး အင်မတန် ပါးနပ်ထက်မြက်တဲ့သူပါ၊ ဆရာနဲ့ အကြိမ်တော်တော်များများ ကြုံခဲ့ဖူးလို့ သူ့အရည်အချင်းကို ဆရာသိနေတယ်၊ ဒါကြောင့်လည်း ဆရာက သမီးကို စိုးရိမ်တာ၊ သမီးက အရှုံးဘက်က လိုက်နေရတာမို့"

ရှားကပါ ထရပ်ပြီး ရှိသေကျိုးနွံစွာဖြင့်–

"စိတ်ချပါ ဆရာ၊ သမီးက အဲဒီအကျိုးဆောင်ကြီးနဲ့ ယှဉ်ပြိုင်ပြီး လျှောက်လဲရမှာ မဟုတ်ပါဘူး၊ သမီးက အမှန်တရားကိုပဲ စိန်ခေါ်ယှဉ်ပြိုင် လျှောက်လဲရမှာပါ"ဟု ပြုံးချိုချို ပြောသည်။

"ဒါဆို ဆရာ ပြန်မယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

လက်အုပ်ကလေးချီ၍ ရှား ပြောလိုက်သည်။

ဦးကျော်ဇေယျ အခန်းပြင် ရောက်သွားချိန်တွင်–

"ဆရာက ရှားကို စိတ်ပူပြီး လာသတိပေးတာ"ဟု ရှားက ကျွန်တော့်ကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလည်းစိတ်ပူတယ် ရှားရဲ့"

ရှားကမူ အပြုံးနွဲ့နွဲ့ဖြင့် စကားဆိုလေသည်။

"ဒီလိုစိတ်ပူပေးတဲ့ဆရာသမားတွေနဲ့ ချစ်သူရှိနေမှတော့ ရှားက အမှန်တရားကို ရင်ဆိုင်ပြီး အနိုင်ထိုးဖို့ ဘာကြောင့် ကြိုးဝိုင်းထဲ မဝင်ရဲရမှာလဲ ကိုကိုရယ်၊ မဟုတ်ဘူးလား"

❑

www.burmeseclassic.com

www.burmeseclassic.com

# ၉

သေဆုံးသူ ဦးလူလှ၏ တိုက်မှာ လူကုံထံများနေထိုင်ရာ ဆိတ်ငြိမ်ရပ်ကွက်အတွင်းမှာ ရှိသည်။ တိုက်က နှစ်ထပ်တိုက်ဖြစ်သည်။ ခေတ်အမီကြီး မဟုတ်သော်လည်း သပ်ရပ်ခန့်ညားသည်။ ခြံဝန်းကလည်း အတော်ကလေး ကျယ်သည်။ သစ်ပင် ပန်းမန်တွေလည်း ရှိသည်။

ဝင်းဘုံခါးဝနှင့် တိုက်မှာ ကိုက်နှစ်ဆယ်ခန့် ကွာလိမ့်မည်။ ကားလမ်းက ကွေ့ချိုး၍ ဆင်ဝင်အောက်ကို ရောက်သည်။ တိုက်ရှေ့မှာ မြက်ခင်းစိမ်းစိမ်း ရှိသည်။ ခြေရင်းဘက်မှာ ကွန်ကရစ်ကားလမ်းရှိပြီး နောက်ပိုင်း၌ ကားဂိုဒေါင် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲကိုမဝင်မီ ရှားက တိုက်နှင့်ဝန်းကျင်ကို ရပ်၍အကဲခတ်လိုက်သည်။ ကျွန်တော်က ရှား၏လေ့လာမှုကို အနှောင့်အယှက်မပေးလိုသဖြင့် ငြိမ်၍စောင့်နေလိုက်သည်။ ဘာမျှ ဝင်မပြောမိ။

တိုက်တံခါးမှာ ပွင့်လျက် ရှိနေသည်။

အထဲကိုဝင်လိုက်သည်နှင့် ဧည့်ခန်းမှာ ရဲအုပ်ဝင်းမောင်ထွန်းကို တွေ့ရသည်။ ရဲအုပ်ဝင်းမောင်ထွန်းဘေးမှာ ရပ်ကွက်လူကြီးနှစ်ဦး၊ ရဲကြပ်ကြီးတစ်ဦးနှင့် ရဲသားနှစ်ဦးကိုလည်း တွေ့ရသည်။

"ကဲ ဒေါ်မေစံရှား စိတ်တိုင်းကျလေ့လာပါ၊ ကျွန်တော် ဒီမှာ အေးအေးဆေးဆေး ထိုင်စောင့်နေမယ်၊ သက်သေလူကြီးတွေလည်း အဆင်သင့် ခေါ်ထားပါတယ်"

ရဲအုပ်ဝင်းမောင်ထွန်းက ဆီးကြိုပြောသည်။ သူ့အပြော၊ သူ့စကား၊ သူ့အသံတွေမှာ ထေ့သံ၊ ငေါ့သံ၊ ထေ့လုံး၊ ငေါ့လုံးတွေ ပါနေသည်။ ဒါကို ရှားလည်း သိပုံရ၏။ သို့သော် ရှားက မသိဟန်ဆောင်လျက်...

"ကျေးဇူးပါပဲ ကိုဝင်းမောင်ထွန်း၊ ကျွန်မအတွက်နဲ့ ကိုဝင်းမောင်ထွန်းတို့ အလုပ်ရှုပ်ကုန်ရတာ တောင်းပန်ပါတယ်" ဟု ပြုံး၍ ပြောသည်။ ရှား၏လေးစားမှုပေးသောအပြောနှင့် အမူအရာကြောင့် ရဲအုပ်ဝင်းမောင်ထွန်း အားနာသွားပုံ ရသည်။

"ရပါတယ်ဗျာ၊ ဒါက ကျွန်တော်တို့တာဝန်ပါ၊ ဒေါ်မေစံရှားက ကျွန်တော်တို့ကို ကူညီတာပဲဗျာ" ဟု လေပြေထိုးသည်။

စင်စစ် ရဲအုပ်ဝင်းမောင်ထွန်းသည် ရှားကို အမြင်မကြည်လင်လှပါ။ သူ ဖမ်းလာခဲ့သော တရားခံ၊ သူ တွေ့ရှိလာခဲ့သော သက်သေခံပစ္စည်း၊ သူ ရှာလာခဲ့သော လူသက်သေတို့ဖြင့် အမှုက ခိုင်လုံနေပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါလျက် ရှားက အချင်းဖြစ်နေရာကို "လေ့လာချင်ပါသည်" ဟု ဆိုသောအခါ အလုပ်ရှုပ်သည်ဟု မြင်ပုံရသည်။ အနှောင့်အယှက်ပေးသည်ဟု ယူဆပုံပေါ်သည်။ သူက အမှုကို တည်ဆောက်ပြီး တရားရုံးတင်ခဲ့သည်ကို အထင်သေးစော်ကားရာ ရောက်သည်ဟုလည်း အတွေးခေါင်ပုံရောက်သည်။ အစပိုင်းတွင် လက်မခံ၊ ငြင်းဆန်သည်။

သို့သော် အမှုစစ်ရဲအရာရှိနှင့် ရပ်ကွက်လူကြီးများ မပါဝင်ဘဲ မိမိဘာသာ လေ့လာပါကလည်း တရားဝင်မည် မဟုတ်။ ထို့ကြောင့် ရှားက ရဲအုပ် ဝင်းမောင်ထွန်းအား လိမ္မာပါးနပ်စွာ စည်းရုံးသိမ်းသွင်းခဲ့ရသည်။ ရှား၏ အပြောအဆို ရည်မွန်မှု၊ အကျိုးသင့် အကြောင်းသင့် တင်ပြနိုင်မှုကြောင့် နောက်ဆုံးတွင် ရဲအုပ် ဝင်းမောင်ထွန်းက ကူညီပါမည်ဟု လိုက်လျောကတိပေးလာခဲ့တော့သည်။

သည့်အတွက် ကျေးဇူးတင်ရပါသည်။

ရဲအုပ် ဝင်းမောင်ထွန်းနှင့် သက်သေလူကြီးနှစ်ဦးသည် ဧည့်ခန်း၏ ခေါင်းရင်းဘက်ကျသော ဆက်တီတွင် ထိုင်နေကြသည်။ ရှားက ကျွန်တော့်ကို မျက်ရိပ် လှမ်းပြသည်။ ဧည့်ခန်းတွင်း လှည့်ကြည့်ရန် အချက်ပေးခြင်း ဖြစ်သည်။ ကျွန်တော်က ခေါင်းညိတ်လိုက်သည်။

အိမ်ဖော်ဖြစ်သူ မမြင့်မြင့်၊ ခြံစောင့် မောင်ဝင်းနှင့် ဒရိုင်ဘာ ကိုတင်သန်းတို့က မတ်တတ်ရပ်လျက် ရှိနေကြသည်။ ဦးလှလှ၏ အဒေါ်ဖြစ်သူ မှာမူ နေသိပ်မကောင်းသဖြင့် အပေါ်ထပ်တွင် အိပ်နေသည်ဟု ဆို၏။

ရဲအုပ် ဝင်းမောင်ထွန်းဆီမှ ယူလာသော ဓာတ်ပုံများကို ကိုင်ကြည့်လျက် ရှားက အိမ်ဖော် မမြင့်မြင့်အား–

"မမြင့်မြင့် မီးဖိုထဲက ထွက်လာတော့ ဦးလှလှ သေဆုံးနေတာဟာ ဒီဆိုဖာဆက်တီနော်" ဟု မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ရှင်"

ဧည့်ခန်းမှာ ဧည့်ခန်းကျယ်ကြီး ဖြစ်၏။ နံရံမှာ ပန်းချီကားတွေ ရှိသည်။ ကြမ်းပြင်က ပါကေး ခင်းထားသည်။ ဆိုဖာဆက်တီများကို အခန်းအလယ်တွင် ချလျက် အလယ်မှာ ကျွန်းစားပွဲရှည်ကလေး ရှိသည်။ ခေါင်းရင်းဘက်ခြမ်းမှာ ရုပ်မြင်သံကြား၊ ဗီစီဒီစက်နှင့် ကက်ဆက်များကို စတီးလ်စားပွဲပုကလေးများပေါ်တွင် တင်ထားသည်။ ဆောင်းဘောက်ကြီးနှစ်လုံးလည်း ရှိ၏။ ဓါတ်ပြားများ၊ ကက်ဆက်ခွေများထားသည့် စင်ကလေးလည်း ရှိသည်။

မမြင့်မြင့်ပြသော ဆက်တီမှာ ရုပ်မြင်သံကြားကို မျက်နှာမူထားသော နှစ်ယောက်ထိုင်ဆက်တီကြီး ဖြစ်သည်။

"ဦးလူလှ လဲကျနေတာက ဒီနေရာပဲ၊ ဆိုဖာဆက်တီရဲ့ ဘယ်ဘက်ခြမ်း လက်တင်နားမှာပဲ၊ ခေါင်းက နောက်မှီပေါ် ရောက်နေတယ်၊ မော့နေတယ်"

ရှားက ဓာတ်ပုံကို ကြည့်လိုက်၊ ဆက်တီအနေအထားကို ကြည့်လိုက်ဖြင့် တစ်ကိုယ်တည်း ပြောနေသည်။ ကျွန်တော်က ရှားဘေးတွင် ရပ်၍ ရှား၏ လှုပ်ရှားမှုများကို ကြည့်နေမိ၏။ ရဲအုပ် ဝင်းမောင်ထွန်းနှင့် သက်သေလူကြီးများ၏ အာရုံမှာလည်း ရှားထံ၌သာ။

ရှားသည် ဆက်တီမှ နေ၍ တိုက်အဝင် တံခါးပေါက်ကို လှမ်းကြည့်သည်။ တံခါးပေါက်က မှန်တံခါးတစ်ထပ်၊ သံဘာဂျာ တံခါးတစ်ထပ် ဖြစ်၏။ ဦးလူလှ လဲကျနေရာ ဆက်တီ၏ ဘယ်ဘက်တည့်တည့်မှာ ဖြစ်၏။

"မမြင့်မြင့်တို့ရဲ့ တိုက်တံခါးကို အမြဲ ပိတ်ထားလား"

"ပိတ်ထားပါတယ်၊ ဧည့်သည်လာမှ ဖွင့်ပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလှူလှ သေဆုံးတဲ့နေ့ကရော ပိတ်ထားတာပဲလား"

"ဟုတ်ကဲ့"

"ဒါဆို အဲဒီနေ့က မမြင့်မြင့်က အခုံ တရားခံအဖြစ် ဖမ်းဆီးထားတဲ့ မောင်ရဲသူကို တံခါးဖွင့်ပေးတာလား"

"မဟုတ်ပါဘူး၊ ကျွန်မက မီးဖိုထဲမှာ အလုပ်လုပ်နေပါတယ်၊ ဖွင့်ပေးတာ မသိပါဘူး"

"ဦးလှူလှ ထဖွင့်ပေးတာ ဖြစ်နိုင်တယ်ပေါ့"

"ဟုတ်ပါတယ်၊ ဆရာ ထဖွင့်ပေးတာ ဖြစ်မှာပါ"

"ဦးလှူလှက အဲဒီနေ့က ဘာလုပ်နေလဲ"

"ကာရာအိုကေ ဆိုနေတာပါ"

"အရက်ကော သောက်နေသေးလား"

"ဘီယာလည်း သောက်ပါတယ်၊ ကျွန်မတောင် အမြည်းလုပ်ပေးရပါသေးတယ်"

"အင်း ဒါဆိုရင် ဘီယာ သောက်ရင်း ကာရာအိုကေဆိုနေတဲ့ ဦးလှူလှ ကိုယ်တိုင် တံခါးထဖွင့်ပေးတဲ့သူဟာ ဦးလှူလှနဲ့ ရင်းနှီးကျွမ်းဝင်သူသာ ဖြစ်ရမယ်၊ အဲဒီလူက ဦးလှူလှကို သတ်တာပဲ"

ရှားစကားကို ရဲအုပ်ဝင်းမောင်ထွန်းအပါအဝင် အားလုံးက နားထောင်နေကြသည်။ စိတ်ဝင်စားဟန် အပြည့်။ သို့သော် ဘာမျှ ဝင်စွက်ခြင်း မရှိ။

"ဒီဧည့်ခန်းထဲက အနေအထားတွေကို မမြင့်မြင့်တို့ ရွှေ့ပြောင်းထားတာများ ရှိသေးလား"

"မရှိပါဘူး၊ ရဲအရာရှိက ဘာမှ မပြောင်းမရွှေ့ဘဲ ထားပါလို့ မှာထားလို့ အရင်အတိုင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှားက ရဲအုပ်ဝင်းမောင်ထွန်းအား ကျေးဇူးတင်သောမျက်လုံးဖြင့် လှမ်းကြည့်လိုက်သည်။

"ဒါပေမယ့် ကြမ်းပြင်ပေါ်မှာတော့ သွေးစက်တွေ မတွေ့ရတော့ဘူး"

ကြမ်းပြင်ကို ငုံ့၍ကြည့်ပြီး ရှားက ပြောသည်။ ခြံစောင့်မောင်ဝင်းက–

"အဲဒါကတော့ မေမေကြီး ဆေးခိုင်းတာနဲ့ ကျွန်တော်ဆေးလိုက်တာပါ" ဟု ဝင်ပြောသည်။

ရှားက ကျွန်တော့်ကို လက်ကုတ်ပြီး ဦးလူလှ လဲကျနေရာ ဆက်တီကို ပြသည်။

"ဒီဆက်တီမှာ ပေနေတဲ့ သွေးတွေကို ကိုကိုကြည့်စမ်းပါဦး၊ ဒါကတော့ ဓာတ်ပုံထဲကအတိုင်းပဲ၊ ဦးလူလှ လဲကျနေတာက ဘယ်ဘက်လက်တင်ပေါ်မှာနော်၊ နောက်ကျောကို ခေါင်းမှီလို့၊ တစောင်းပေါ့၊ သွေးစက်တစ်ချို့ ရှိတယ်၊ ဒါက ပွတ်သုတ်လိုက်လို့ သွေးပေနေတာမျိုး၊ ဒါဆိုတော့ ရှားပြောခဲ့သလိုပဲ လူသတ်သမားဟာ ဦးလူလှကို ဓါးနဲ့ထိုးပြီး ပြန်ဆွဲထုတ်လိုက်တဲ့သဘော ရှိတယ်၊ ပြီးတော့ ဓါးမှာ ပေနေတဲ့ သွေးကို ကပျာကယာ ဆက်တီလက်တင်မှာ ပွတ်သုတ်လိုက်တယ်၊ အကုန်တော့ စင်သွားမှာ မဟုတ်ဘူး"

မည်သူမျှ ဘာမျှဝင်မပြော။ ရှားပြောသမျှ ရှားလုပ်သမျှကိုသာ ငေးကြည့်နေကြ၏။

"ဆရာဝန်ကြီးရဲ့ ဆေးစာအရ ဒဏ်ရာက နှစ်ချက်ဖြစ်တယ်၊ ရင်ဘတ်မှာက ဓါးစိုက်ဝင်လျက်သား ရှိတယ်၊ ဒီလိုဆိုရင် ပထမဓါးချက်ဖြစ်တဲ့ ဘယ်ဘက်ချိုင်းအောက်က ဓါးချက်ကို ထိုးပြီး ပြန်ဆွဲထုတ်

www.burmeseclassic.com



တာပဲ၊ စဉ်းစားစရာရှိတာက ဒီလူဟာ ပထမဓါးချက်ကို ထိုးစဉ်က ဒီဘက်ခြမ်းမှာ ရပ်ပြီး ထိုးတာ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဘာကြောင့် ရင်ဝကဓါးက ရှေ့တည့်တည့်က စိုက်ထိုးသလိုမျိုး ရှိနေရတာလဲ၊ ပြီးတော့ နောက်ထပ်ဓါးတစ်ချက် ထပ်ပြီး ထိုးမယ်ဆိုရင် ပထမဓါးချက် အပြီး ဓါးကိုဆွဲထုတ်တဲ့အခါ ဆိုဖာဆက်တီရဲ့ လက်တင်မှာ ဘာကြောင့် ပွတ်သုတ်ရတာလဲ၊ ဒီအချက်တွေကို ကြည့်ရတာ သဟာဇာတ မဖြစ်ဘူး"

"ဒေါ်မေစံရှားပြောတာ စဉ်းစားစရာ ကောင်းတယ်ဗျို့"

ရဲအုပ် ဝင်းမောင်ထွန်းက ပို၍ စိတ်ဝင်စားလာဟန် ရှိပြီး ထိုင်ရာမှ ထလိုက်ကာ ရှားစကားကို ထောက်ခံလိုက်သည်။

"ဆက်တီရဲ့ဘေး ကြမ်းပြင်မှာ သွေးစက်တွေ ကျတယ်၊ အဲဒါတွေ ကိုသာ တွေ့ရင် ပိုပြီး စဉ်းစားရလွယ်သွားမှာ"

"ဒီနားတစ်ဝိုက်ပဲ ကျွန်တော်တို့ ဆေးကြောရှင်းလင်းတာပါ၊ ဒါကလည်း အသုဘချတဲ့နေ့က ဧည့်သည်တွေလာကြလို့လေ"

မောင်ဝင်းက ဝင်ပြောသည်။

"အလို ဒီမှာ ဘာလေးပါလိမ့်"

ရှားက ဦးလူလှ လဲကျသေဆုံးနေသော ဆိုဖာဆက်တီ၏ထိုင်ခင်း နှင့် လက်တင်၊ ဆိုဖာနှစ်ခု ဆုံရာကြားတွင် ညပ်နေသော တစ်စုံတစ်ရာကို ငုံ့ကြည့်ရင်း ပြောလိုက်သည်။ လက်နှင့် မကိုင်မထိဘဲ-

"အင်္ကျီကြယ်သီးလေး တစ်လုံးပဲ" ဟု ဆိုလိုက်သည်။

ရဲအုပ် ဝင်းမောင်ထွန်း အနားသို့ကပ်လာပြီး ကြည့်သည်။ သက် ဆိုင်သလူကြီးများလည်း ထလာပြီး ကြည့်သည်။ အားလုံး ဝိုင်းကြည့်ကြ သည်။ ရှားက ရဲအုပ် ဝင်းမောင်ထွန်းအား မော့ကြည့်ပြီး-

"ဒီကြယ်သီးလေးက အရေးကြီးတယ် ကိုဝင်းမောင်ထွန်း၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကြယ်သီးကို သိမ်းပေးပါ၊ ကြည့်... သွေးစကလေးတွေတောင် ပေနေတယ်၊ ဒါ ဦးလှုလှအင်္ကျီက ကြယ်သီးလား”ဟု မမြင့်မြင့်ကို လှည့်မေးသည်။

“မဟုတ်ဘူး၊ ဆရာ့အင်္ကျီတွေမှာ ဒီကြယ်သီးမျိုး မရှိဘူး”

“ဒါဆို ပိုအရေးကြီးတယ်၊ ဦးလှုလှကို လူသတ်သမားက ဓါးနဲ့အထိုးမှာ ဦးလှုလှက လှမ်းဆွဲလို့ အင်္ကျီကို ဆွဲမိပြီး ကြယ်သီးပြုတ်ကျတာ ဖြစ်နိုင်တယ်၊ မောင်ရဲသူရဲ့ အင်္ကျီကြယ်သီးနဲ့ တူမတူ စစ်ဆေးကြည့်နိုင်တယ်”

ရဲအုပ်ဝင်းမောင်ထွန်းက ကြယ်သီးကို စနစ်တကျ သိမ်းဆည်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းပုံစံတွင် ဖြည့်စွက်၊ သက်သေလူကြီးများ လက်မှတ်ထိုး စသည်များကို သွက်လက်စွာပြုလုပ်နေသည်။ သူသည် ဤနေရာကိုမလာမီက ကျောက်ရုပ်တစ်ရုပ်လို အေးစက်နေခဲ့သော်လည်း ယခုတော့ အရှိန်ရနေသော စက်ရုပ်တစ်ရုပ်ကို အသက်ဝင် လှုပ်ရှားနေသည်။

ရှားကလည်း ရပ်တန့်မနေ။ ဧည့်ခန်းမှ နေ၍ အိမ်၏အခြားအခန်းများသို့ ဆက်နွယ်နေပုံကို လှည့်၍အကဲခတ်နေသည်။ ဧည့်ခန်းမှ အိမ်နောက်ဘက်သို့ ဝင်ပေါက်မှာ တစ်ပေါက်သာ ရှိသည်။ တစ်ဖက်တွင်မူ အပေါ်ထပ်သို့တက်သော လှေကား ရှိသည်။ နောက်ဘက်သို့ ဝင်သောအပေါက်ကို ခန်းဆီးဖြင့် ကာရံထားပြီး ဝင်ပေါက်မှ ဝင်သွားလျှင် ခေါင်းရင်းဘက်နှင့် ခြေရင်းဘက်၌ အခန်းများ ဖွဲ့စည်းထားသည်ကို လှမ်းမြင်ရ၏။

“ဒီကနေ ဝင်သွားရင် ဘယ်အခန်းတွေကို ရောက်လဲ”

ရှားက မမြင့်မြင့်ကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြေရင်းဘက်က ထမင်းစားခန်း၊ ခေါင်းရင်းဘက်က ဆရာ့ရဲ့ အိပ်ခန်းပါ၊ အဲဒီက ဆက်သွားရင် နောက်ဘက်မှာ ရေချိုးခန်းနဲ့ မီးဖိုခန်း ရှိပါတယ်"

"ကျွန်မ အိမ်ထဲကို ဝင်ကြည့်ချင်တယ်၊ မမြင့်မြင့်နဲ့ ကိုမောင်ဝင်းတို့က လိုက်ပြပါလား"

"ဟုတ်ကဲ့၊ ရပါတယ်"

"လာ... ကိုကို"

ရှားက ဧည့်ခန်းမှ အိမ်၏အနောက်ဘက်သို့ ဝင်ရာ အပေါက်သို့ ဦးဆောင်သွားသည်။ ကျွန်တော်က ရှားနှင့် ယှဉ်လျက် ဖြစ်ပြီး ကျွန်တော်တို့နောက်မှ မမြင့်မြင့်နှင့် မောင်ဝင်းတို့ ပါလာသည်။

ဝင်ပေါက်အရောက်မှာ ရှား တုံ့ခနဲ ရပ်လိုက်သည်။ ရှား ရပ်သဖြင့် ကျွန်တော်တို့လည်း ရပ်လိုက်ရ၏။

ရှား၏ စူးရှလှသော အကြည့်က ခန်းဆီးစဆီသို့ ရောက်နေသည်။ ခန်းဆီးမှာ အပြာနုရောင်ဖြစ်ပြီး အပွင့်အခက်တွေနှင့် ဖြစ်သည်။ သို့သော် ရှားက ခန်းဆီး၏အစွန်းတစ်နေရာကို အသေအချာ ငုံ့ကြည့်လျက်–

"ဒါ... သွေးပေနေတာပဲ" ဟု လွတ်ခနဲ ပြောလိုက်သည်။

ရှားစကားကြောင့် ကျွန်တော်တို့ လှုပ်ရှားသွားကြသလို အလုပ်များနေသော ရဲအုပ်ဝင်းမောင်ထွန်းကလည်း လှမ်းကြည့်သည်။

"ဘာလဲ ဒေါ်မေစံရှား"

"ကိုဝင်းမောင်ထွန်း ဒီမှာလာကြည့်ပါဦး၊ ဒါ သွေးစွန်းပေနေတဲ့ အရာပဲ"

ရဲအုပ် ဝင်းမောင်ထွန်း ဖျတ်ခနဲလတ်စွာ ရောက်လာသည်။ ရှားပြရာသို့ စူးစိုက်စွာ ကြည့်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်" ဟု ချက်ချင်း ထောက်ခံချက် ပေးသည်။

"ဒီခန်းဆီးကိုလည်း ကိုဝင်းမောင်ထွန်း သိမ်းပေးပါ၊ ဒါကို ဓာတုဗေဒစစ်ကြည့်ရင် ဦးလူလှသွေး ဟုတ်မဟုတ် သိနိုင်တယ်"

"ဟုတ်ကဲ့"

ရှားက လမ်းကလေးအတိုင်း အတွင်းသို့ ဆက်၍ဝင်သွားသည်။

"ဒီဘက်က ထမင်းစားခန်းပါ" ဟု မမြင့်မြင့်က နောက်မှ လှမ်းပြောသည်။ ရှားနှင့် ကျွန်တော် အခန်းဝမှ နေ၍ အခန်းတွင်းသို့ ဝေ့ကြည့်လိုက်သည်။ အခန်းထဲမှာ အသုံးအဆောင်များထည့်ထားသော ရှိုးကေ့စ်တစ်လုံးနှင့် ရေခဲသေတ္တာတစ်လုံး၊ ထမင်းစား စားပွဲနှင့် ကုလားထိုင်များ ရှိသည်။ အခန်းအနေအထားမှာ ရှင်းသည်။ ရှုပ်ရှုပ်ပွေပွေ မရှိ။

"ဒီအခန်းက ရှင်းပါတယ်၊ ပုန်းလို့ မရနိုင်ဘူး" ဟု ရှားက ခပ်တိုးတိုး ပြောသည်။ တစ်ကိုယ်တည်းပြောခြင်း ဖြစ်၏။ ကျွန်တော်က အနားမှာရှိ၍ ကြားရသည်။ သို့သော် ဘာကို ဆိုလိုမှန်း မသိ။

"ဒီဘက်က ဆရာ့အိပ်ခန်းပါ"

မမြင့်မြင့်က ထမင်းစားခန်းနှင့် မျက်နှာချင်းဆိုင်ရှိ အခန်းကျယ်ကြီးကို ပြသည်။ အခန်းက ပိတ်လျက်ရှိသည်။ ကျွန်းတံခါးကြီး ဖြစ်၏။ ရှားက တံခါးဝတွင် ရပ်လျက် တွေနေသည်။ တစ်စုံတစ်ခုကို စဉ်းစားနေပုံ ပေါ်သည်။

"ဒီက ဆက်သွားရင် ဘယ်ရောက်မလဲ"

"ဆရာ့အိပ်ခန်းနဲ့ ကပ်လျက်က အခန်းငယ်လေးတစ်ခုပါ၊ ပိတ်ထားပါတယ်၊ ပစ္စည်းတစ်ချို့သိမ်းတဲ့ စတိုခန်းကလေးပါ၊ ထမင်းစား ခန်းနဲ့ ကပ်နေတဲ့အခန်းက ကျွန်မ အိပ်တဲ့အခန်းပါ၊ အဲဒီအခန်းနဲ့ ဆက်



www.burmeseclassic.com

www.burmeseclassic.com



နေတာက မီးဖိုဆောင်ပါပဲ၊ မီးဖိုဆောင်နဲ့ တစ်ဆက်တည်းက ရေချိုးခန်းနဲ့ အိမ်သာပါ"

"သွားကြည့်ကြရအောင်"

"ဟုတ်ကဲ့"

မမြင့်မြင့် ခေါ်ဆောင်ရာသို့ ကျွန်တော်တို့ လိုက်ခဲ့ကြသည်။ အခန်းငယ်ကလေးနှစ်ခန်းကို ဖြတ်ကျော်ပြီး မီးဖိုဆောင်သို့ ရောက်သည်။ မီးဖိုဆောင်က ကျယ်သည်။ ရှင်းသည်။

မီးဖိုဆောင်မှ အပြင်သို့ ထွက်သော တံခါးပေါက်ကြီးတစ်ခုကို တွေ့ရ၏။ ခြေရင်းဘက်ကို ဖြစ်သည်။

"အပြင်ကို ထွက်နိုင်တာ ဒီတံခါးတစ်ခုပဲ ရှိသလား"

"ဟုတ်ပါတယ်"

"ဒါဆို ဦးလူလှ အိပ်ခန်းဘက် ပြန်ကြည့်ရအောင်"

"ဟုတ်ကဲ့"

ဦးလူလှ အိပ်ခန်းသို့ ပြန်လာပြီး မမြင့်မြင့်က တံခါးဖွင့်ပေးသည်။ အထဲကို လှမ်းဝင်ရင်း–

"ဒီအခန်းထဲကိုရော ရှင်းလင်းပြင်ဆင်ထားသေးလား" ဟု ရှားမေးသည်။

"မရှင်းပါဘူး အရင်အတိုင်းပါပဲ ကျွန်မတို့ ကြောက်လို့ ဝင်တောင် မဝင်ပါဘူး"

မမြင့်မြင့်က ယခုပင် ကြောက်နေဟန်ဖြင့် ပြောသည်။ မောင်ဝင်းကလည်း "ဟုတ်ပါတယ်" ဟု တီးတိုးပြောသည်။

ရှားသည် တံခါးကို အတွင်းမှ ပိတ်သည့် လက်ကိုင်ဖုလုံးကလေးအား စိတ်ဝင်စားစွာ ငုံ့ကြည့်နေသည်။ ကျေနပ်ဟန်ဖြင့် ခေါင်းတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ညိတ်သည်ကို မြင်ရ၏။ သို့သော် ဘာမျှ မပြော။

အိပ်ခန်းတွင်းသို့ ကျွန်တော်တို့ အကဲခတ်ကြည့်ကြသည်။ အခန်းက အခန်းကျယ်ကြီး ဖြစ်၏။ ရှင်လင်းသပ်ရပ်နေ၏။ နှစ်ယောက်အိပ် ခုတင်ကြီးက အခန်းအလယ်မှာ ခန့်ခန့်ညားညား။ စပရိန်မွေ့ရာ မြင့်မြင့်ကြီးက ခုတင်ထက်မှာ ပုံ့ပုံ့ပျုံးပျုံး သပ်သပ်ရပ်ရပ်။ ခုတင်၏ ခေါင်းရင်းဘေးဘက်မှာ စာကြည့်စားပွဲတစ်ခုနှင့် မီးအိမ်တစ်လုံး။ စားပွဲပေါ်မှာ စာအုပ်အနည်းငယ်နှင့် စာရေးကိရိယာများ ရှိသည်။

ခုတင်က ဝင်ပေါက်ကို ခြေရင်းပြုထား၏။ ခုတင်တစ်ဖက် နံရံမှာ အဝတ်ဗီရိုကြီး နှစ်လုံး ရှိ၏။ အင်္ကျီချိတ်စင်နှင့် အဝတ်ဟောင်းခြင်း ရှိ၏။

ရှားက ဝင်ပေါက်တည့်တည့်မှာ ရပ်၍နေရာမှ အဝတ်ဗီရိုကြီး ဆီကို လျှောက်သွားပြီး ဗီရိုကြီး၏ဘေးဘက်ကို ဝင်၍ ကပ်ရပ်ကြည့် လိုက်သည်။ ပြီးမှ ထိုနေရာမှနေ၍ တံခါးပေါက်ဆီကို ပြန်ကြည့်သည်။ တံခါးပေါက်နေရာမှသာ လှမ်း၍ကြည့်မည်ဆိုလျှင် ရှားကို မြင်ရမည် မဟုတ်။ ဗီရိုကြီးက ကွယ်ထားသောကြောင့် ဖြစ်သည်။

ရှားက ဗီရိုဘေးတွင် ရပ်နေရာမှ ကြမ်းပြင်ကို ငုံ့ကြည့်သည်။ ထို့နောက် အသာအယာ ထိုင်ချလိုက်သည်။

ကျွန်တော်က ရှားနားသို့ ကပ်သွားပြီး–

"ဘာတွေ့လို့လဲ ရှား" ဟု မေးလိုက်သည်။

"ဒီမှာ ကိုကို"

ရှားညွှန်ပြရာသို့ ကျွန်တော်ကြည့်လိုက်သည်။ ပါကေးကြမ်းပြင် ပေါ်မှ အစက်ကလေး။ နီညိုရောင် အစက်ကလေး။ သွေးစက်လေး တစ်စက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသွေးစက်ဟာ ဦးလူလှရဲ့ သွေးစက် ဟုတ်မဟုတ် ဓာတုဗေဒ စစ်ဆေးကြည့်ဖို့ ကိုဝင်းမောင်ထွန်းကို ပြောရမယ်"

ရှား ထိုင်ရာမှ ပြန်ထသည်။ ဗီရိုအနီး ခုတင်ခြေရင်းရှိ အဝတ် ဟောင်းခြင်းကို ငုံ့ကြည့်သည်။ ပြီး အနည်းငယ် ဖွကြည့်သည်။

"ကဲ ဒီအခန်းမှာတော့ တော်ပါပြီ၊ မီးဖိုဘက် ပြန်သွားရအောင်၊ မမြင့်မြင့်တို့ကိုတော့ အားနာပါတယ်"

"ရပါတယ်ရှင်၊ ကိစ္စမရှိပါဘူး"

ရှားအလိုအတိုင်း မမြင့်မြင့်နှင့် မောင်ဝင်းက မီးဖိုဘက်သို့ ပြန် ခေါ်သွားသည်။ ကျွန်တော်ကလည်း ရှားဘေးမှာ ကပ်လျက်ပေါ့။

မီးဖိုထဲကို ရှားက မျက်လုံးတစ်ချက်သာ ဝေ့ကြည့်သည်။ ဘာမျှ စိတ်ဝင်စားဟန် မရှိ။ မီးဖိုနားမှနေ၍ အပြင်သို့ထွက်သည့် တံခါးပေါက် ကို ကြည့်ပြီး–

"အဲဒီနေ့က မမြင့်မြင့် မီးဖိုထဲမှာ အလုပ်လုပ်နေတော့ ဒီတံခါး ဖွင့်ထားလား"

ရှား မေးသည်။

"ဖွင့်ထားပါတယ်"

တံခါးပေါက်မှ အပြင်သို့ ရှား ထွက်လိုက်သည်။ ကျွန်တော်လည်း ရှားနှင့်အတူ အပြင်သို့ လိုက်ထွက်ရင်း ခြံထဲကို အကဲခတ် ကြည့်လိုက် သည်။ မောင်ဝင်းနှင့် မမြင့်မြင့်တို့က ကျွန်တော်တို့ နောက်မှာ။

ခြံဝန်းက အတော်ကလေး ကျယ်သည်။ မီးဖိုမှ ထွက်သည့် တံခါး ပေါက်မှ တည့်တည့် နောက်ဘက်ကို ကြည့်လျှင် စည်းရိုးအုတ်နံရံမှာ ပေ သုံးလေးဆယ်ခန့် ဝေးဦးမည်။ အုတ်နံရံနှင့် မီးဖိုကြားမှာ သရက်ပင် သုံး လေးပင်၊ မာလကာပင်အချို့နှင့် ချုံနွယ်များ ရှိနေသည်။ တံခါး

www.burmeseclassic.com



ပေါက်မှ ခြေရင်းဘက် တိုက်ဘေးသို့ ထွက်လိုက်လျှင် ခပ်လှမ်းလှမ်းမှာ ကားဂိုဒေါင် ရှိသည်။ ကားဂိုဒေါင်ရှေ့မှ တိုက်ရှေ့သို့ သွားရာ ကွန်ကရစ် လမ်းမှာ ဖြူးဖြောင့်လျက် ရှိ၏။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ ပန်းပင် ကလေးတွေနှင့်။ ရှင်းလင်းလှပလျက် ရှိသည်။

ကားဂိုဒေါင်၏ ဘေးဘက် ခြံထောင့်၊ နောက်ဘက် စည်းရိုးနှင့် ကပ်ပြီး သစ်သားတန်းလျားလေးတစ်ခုကို မြင်ရ၏။

"ကိုမောင်ဝင်း အဲဒီနေ့က အခင်းဖြစ်တဲ့အချိန်မှာ ဘယ်မှာ ရှိနေလဲ"

မောင်ဝင်းက ရှေ့တိုးလာပြီး တန်းလျားလေးဘက်သို့ ညွှန်ပြသည်။

"ကျွန်တော်က မြက်ရှင်းပြီး ရေပြန်ချိုးနေတာပါ၊ ဟောဟိုက တန်းလျားက ကျွန်တော့်နေတာပါ"

"ကိုမောင်ဝင်း အဲဒီနေ့က တိုက်ဘေးမှာ ဒါမှမဟုတ် တိုက်ရှေ့မှာ အိမ်သားမဟုတ်တဲ့ တစ်ယောက်ယောက်ကို မြင်မိလား"

"မမြင်မိပါဘူး၊ ကျွန်တော်ကလည်း ရေချိုးပြီး အိမ်ခန်းထဲမှာ အဝတ်လဲရင်း ခဏလှဲနေတာဖြစ်တော့ အပြင်နဲ့ အဆက်ပြတ်သလို ဖြစ်နေပါတယ်၊ ခြံဝမှာ ကျွန်တော်မရှိခိုက်ဆိုတော့ ဝင်လာတဲ့သူတွေကို ကျွန်တော် မသိလိုက်ဘူး၊ ကျွန်တော်သာရှိနေရင် ဆရာ ဒီလိုမဖြစ် နိုင်ဘူးပေါ့ဗျာ၊ ကျွန်တော့်တာဝန် လစ်ဟာသွားတာ စိတ်မကောင်း ဖြစ်မိတယ်"

"ဒါကတော့ တိုက်ဆိုင်သွားတာပါ၊ စိတ်မကောင်း မဖြစ်ပါနဲ့၊ ကိုမောင်ဝင်း ကျွန်မကို တစ်ခုလောက်တော့ ကူညီပါ"

"ဟုတ်ကဲ့... ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ သရက်ပင်တွေအောက်က ချုံတွေထဲမှာ ရှာပေးပါ၊ အဝတ်တစ်ခုခုနဲ့ ပတ်ထားတဲ့ ဓားတစ်ချောင်း ရှိနေနိုင်ပါတယ်၊ ဒါပေမယ့် တွေ့ရင်တော့ လက်နဲ့ မကိုင်ပါနဲ့၊ ကျွန်မတို့ကို လာအကြောင်းကြားပါ"

"ဟုတ်ကဲ့"

"ကျွန်မတို့ ဧည့်ခန်းမှာ ရှိနေမယ်"

"ကောင်းပါပြီ"

ရှား ပြောသည့်အတိုင်း ရှာဖွေရန် မောင်ဝင်းက ချုံများရှိရာသို့ တိုးဝင်သွားသည်။ ရှားက ကျွန်တော့်ဘက်သို့ လှည့်၍ ပြောသည်။

"ကဲ ကိုကို၊ ရှားတို့က ဧည့်ခန်းကို ပြန်ကြစို့၊ ကိုဝင်းမောင်ထွန်းနဲ့ ပြောစရာ ရှိသေးတယ်"

ရှား၏ ကိုယ်ရံတော်တပ်မှူးလေး ဖြစ်သည့် ကျွန်တော်သည် ခေါင်းညိတ်ရုံမှ တစ်ပါး... ။

❑

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

တရားရုံးသို့ ကျွန်တော်ရောက်သွားသည်မှာ အနည်းငယ်နောက်ကျသည်။ ကျွန်တော်ရောက်ချိန်တွင် အမှုပင် စတင်စစ်ဆေးနေပေပြီ။

သည်နေ့က ရဲသူအတွက် အရေးကြီးသောနေ့ဖြစ်၏။ ရဲသူကို စစ်မေးမည့်နေ့ဖြစ်သည်။ ရဲသူက ဝန်ခံလျှင် စီရင်ချက်ချဖို့ရာပင် ရှိတော့သည်။ ရှားက အမှုကိုစုံစမ်းရန် အချိန်ရစိမ့်သောငှာ အချိန်ကို ဆွဲဆန့်လိုသည်။ ထို့ကြောင့်လည်း မွေးအား ရဲသူကို ဝန်မခံရန် ဖျောင်းဖျခိုင်းခဲ့ခြင်းပင်။

သို့သော်...



www.burmeseclassic.com

www.burmeseclassic.com



မွေးဆီမှ သိခဲ့ရသည်မှာ ရုံးထုတ်ချိန်မှသာ ရဲသူကို တွေ့ရမည် ဖြစ်သဖြင့် ရဲသူကို ဖျောင်းဖျ၍ရမရ ကြိုမသိနိုင်ဟူသော အချက်ဖြစ်သည်။ သည်နေ့ တရားခွင်ထဲရောက်မှပင် ရဲသူ မည်သို့ဖြေမည်ကို သိရပေတော့မည်။

အမှုစစ်ဆေးရာ တရားရုံး၏ နောက်ဘက်အပေါက်မှ ကျွန်တော် ဝင်လိုက်သည်နှင့် တရားလိုအကျိုးဆောင် ရှေ့နေကြီး၏အသံကို ကြားရသည်။

"ဒီဓါးဟာ မောင်ရဲသူရဲ့ဓါး ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

ရဲသူ၏အဖြေက ဝံ့ဝံ့စားစားပဲဟု သိလိုက်သည်။

ကျွန်တော်က နောက်ဘက်အစွန်ဆုံးခုံမှာ ဝင်ထိုင်လိုက်သည်။ ကျွန်တော့်ရှေ့ထိုင်ခုံမှာက ရဲသူ၏ဖခင် ဦးတိုးမြ၊ မွေးနှင့် မွေး၏မိခင် ဒေါ်မြတ်မွန်တို့ ရှိနေသည်။ ဦးလူလှ၏အဒေါ်နှင့် အိမ်သူအိမ်သားများ၊ ဆွေမျိုးများက တစ်ဖက်ခြမ်းမှ ထိုင်ခုံများတွင် ထိုင်နေကြသည်။ အမှုစစ်အရာရှိနှင့် သက်သေများက ရှေ့မှာရှိသည်။

တရားသူကြီးက မောင်ရဲသူ၏အဖြေကို ဂရုစိုက် နားထောင်နေသည်။ မှတ်တမ်းတင် လက်နှိပ်စက်သံ တဖျောက်ဖျောက်နှင့် အကျိုးဆောင်ကြီး၏ အသံ၊ ရဲသူ၏အသံမှ တစ်ပါး တရားခွင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ အပြင်မှာ ရပ်၍ နားထောင်နေသူများပင်လျှင် ငြိမ်သက်လျက်။

ကျွန်တော်သည် ရှားကို လှမ်းကြည့်လိုက်၏။ တရားခံအကျိုးဆောင်ထိုင်ခုံတွင် တည်ကြည်ငြိမ်သက်စွာ ထိုင်၍နေသော ရှား၏အာရုံမှာ ရဲသူ၏ထံတွင် စူးစိုက်လျက်ရှိ၏။ ရှားမျက်လုံးတွေမှာ စိုးရိမ်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေ စွန်းထင်းနေသည်။

"ဒီဓါးဟာ မောင်ရဲသူ အိမ်က ယူလာတာဟုတ်ပါသလား"

"ဟုတ်ပါတယ်"

ရဲသူသည် ရှားက မွေးကို ဖျောင်းဖျခိုင်းခဲ့သည်များအား လက်ခံခဲ့ပုံ မရှိ။ သူ ဖြေနေသည်မှာ အဖုံးအကွယ် မပါ။

"ဒါဆိုရင် ဦးလူလှကိုသတ်ဖို့ ကြိုတင်ကြံစည်ပြီး လာတာပေါ့"

"ဟုတ်ပါတယ်"

ရဲသူ၏အဖြေမှာ 'ဟုတ်ပါတယ်' ချည်း ဖြစ်၏။ ပတ်ဝန်းကျင်ကို ငဲ့မကြည့်။ မျက်နှာအမူအရာမှာ တုန်လှုပ်ပုံမရှိ။ သွေးအေးအေးနှင့် ဖြေနေခြင်း ဖြစ်သည်။

"ဦးလူလှနဲ့ တွေ့တဲ့အခါ အငြင်းအခုန်ဖြစ် စကားများကြပြီးမှ မောင်ရဲသူက ဓါးနဲ့ ထိုးတာလား"

"မဟုတ်ပါဘူး၊ ရောက်ရောက်ချင်း ဓါးနဲ့ ထိုးတာပါ"

"ဘယ်နှချက် ထိုးလိုက်လဲ"

"တစ်ချက်တည်းပါ"

စုံငြင်းဆန်ခြင်း မပါ။ ရဲသူ ဖြေဆိုနေဟန်က ဝန်ခံဖြောင့်ချက်ပေးနေခြင်းပဲ ဖြစ်သည်။ ရှားစကားအရ ရဲသူသည် အပြစ်ဝန်ခံဖြောင့်ချက်ပေးလိုက်ပါက တရားသူကြီးက စီရင်ချက်ချရမည့် အဆင့်သို့ ရောက်သွားပြီဟု သိထားသော ကျွန်တော့်မှာ စိုးရိမ်စိတ်တွေ ဝင်လာသည်။

ကျွန်တော် မွေးတို့ကို ဖျတ်ခနဲ လှမ်းကြည့်မိ၏။ မွေးအာရုံမှာလည်း ရဲသူထံပါးမှာ။ မွေးမျက်နှာ၌ သွေးမရှိတော့သလို ဖြူဖျော့နေသည်။ ရဲသူထံ ပြေးသွားကာ ဆွဲ၍ တောင်းပန်တော့မည့်အလား



www.burmeseclassic.com

www.burmeseclassic.com



ဂဏ္ဍာမငြိမ်ဖြစ်နေသည်။ မွေးရင်က သောကဗျာပါဒလှိုင်းလုံးတွေကို ကျွန်တော် ခန့်မှန်းမိ၏။ ဒေါ်မြတ်မွန်က တိတ်တဆိတ် ရှိုက်လျက်။

ပြီးတော့ ဦးတိုးမြ... ။

အရွယ်ထက် ပို၍ အိုမင်းရင့်ရော်နေသော ဆံပင်နီကြောင်ကြား နှင့် အကျီဖြူနွမ်းနွမ်းကို ဝတ်ဆင်ထားသည့် ဦးတိုးမြမှာ ထိုင်ရာမှ ကြွ လိုက်၊ ပြန်ထိုင်လိုက်နှင့် ကတုန်ကယင် ဆောက်တည်ရာမရ ဖြစ်နေ သည်။ ဘေးတစောင်းမြင်နေရသည့် ဦးတိုးမြ၏ မျက်နှာပေါ်တွင် ကြေကွဲရိပ်၊ ဝမ်းနည်းရိပ်၊ နောင်တရိပ်၊ ယူကျုံးမရရိပ်များ ကြမ်းတမ်း စွာ ဖြတ်သန်းပြေးလွှားနေသည်ကို သတိပြုမိ၏။ မျက်ရည်စတွေက မျက်လုံးထောင့်မှာ ခိုတွဲနေသည်။ မေးရိုးကြီးများ ခုံးထနေ၏။ အံကို ကြိတ်ထား၍ဖြစ်သည်။ လည်ပင်းကြောကြီးတွေလည်း ထောင်နေသည်။ လည်ဇလုတ်ကြီးက တက်လိုက် ကျလိုက် ရှိ၏။ အပူကို မြိုချမရသည် လား၊ မြိုသိပ်ထားသည်များက ရှန်းကြွ တိုးထွက်လာသည်လား။

ရုတ်တရက်ပင် ဦးတိုးမြ၏ မျက်နှာ ပြောင်းသွားသည်။ တစ်စုံ တစ်ခုကို ဆုံးဖြတ်လိုက်ဟန် ကွင်းခနဲ သူ့မျက်နှာမှာပေါ်လာသည်။ ခန္ဓာကိုယ် တောင့်ခနဲ မတ်သွားသည်။ မျက်လုံးများ စူးရဲတောက်လက် လာသည်။ သားကိုချစ်သောဖခင်သည် ဦးတိုးမြ၏ ရင်ကို ရှန်းကန်လိုက် ပြီထင့်။

ရုတ်ချည်းပင် မထင်မှတ်စရာအဖြစ်တစ်ခု ပေါ်လာ၏။

ဦးတိုးမြ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ခြင်းပင် ဖြစ်သည်။

"အို... အဘ" ဟူသော မွေး၏ အလန့်တကြားအော်သံ တိုးတိုး က ဟန့်တားမှုတွေ အပြည့်။ ဦးတိုးမြ၏ လက်ကို မွေးက ဆွဲထားသည်။ ဦးတိုးမြကို မော့ကြည့်နေသော မွေး၏ မျက်နှာမှာ အံ့အားသင့်ခြင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝေခွဲမရခြင်းတွေ ကဲနေသည်။ ကြောက်ရွံ့တုန်လှုပ်ခြင်းတွေ ဖုံးနေသည်။

"တရားသူကြီးမင်း ခင်ဗျား"

ဦးတိုးမြ၏ အသံအက်အက်ကြီးက ငြိမ်သက်နေသော တရားခွင်ကို ဖျတ်ခနဲ လှုပ်နှိုးလိုက်သည်။ မေးခွန်းတွေ မေးလက်စ တရားလို အကျိုးဆောင်ကြီး၏ စကားသံများ တန့်ရပ်သွားသည်။ တရားသူကြီး အပါအဝင် တရားလို အကျိုးဆောင်၊ တရားခံ အကျိုးဆောင် မေစံရှားနှင့် တရားခွင်တစ်ခုလုံးရှိ လူများအားလုံး အသံလာရာ ဦးတိုးမြဆီသို့ ချာကနဲ လှည့်ကြည့်လိုက်ကြသည်။ ထိုအထဲမှာ ရဲသူလည်း ပါသည်။

ရဲသူ၏ မျက်ဝန်းများ စိုးရိမ်ထိတ်လန့်စိတ်ဖြင့် ဝိုင်းနေသည်။ စောစောက တရားလို အကျိုးဆောင်ကြီး၏ မေးခွန်းများကို သွေးအေးစွာ ကြိုးစား ဖြေဆိုနေခဲ့သော တည်ငြိမ်သည့် သူ့မျက်နှာပြင်မှာ မုန်တိုင်းဝင်မွှေခံရသော မြင်ကွင်းပမာ ရှုပ်ထွေးပွယောင်းသွားသည်။ အားတင်းထားမှုတွေ အလဲလဲ အပြိုပြို ဖြစ်သွား၏။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ကာ ဖခင်ဖြစ်သူထံ ပြေးလာတော့မလို ဟန်ပြင်လိုက်သည်။

"အဖေ" ဟူသော သူ့ရင်ဘတ်ထဲက ရုန်းထွက်လာသော ခေါ်သံမှာ ဟန့်တားမှုတွေ ပါဝင်နေသည်ဟု ထင်သည်။ တောင်းပန်သံတွေ ပါဝင်နေသည်ဟု ထင်သည်။ လျှို့ဝှက်ချက်တွေ ပါဝင်နေသည်ဟု ထင်သည်။

ဦးတိုးမြက သားဖြစ်သူ ရဲသူကို အပြုံးဖြင့် လှမ်းကြည့်သည်။ မျက်ဝန်းမှ အငိုနှင့် နှုတ်ခမ်းမှ အပြုံးကို တစ်ပြိုင်တည်း ပိုင်ဆိုင်ထားသည့် ဦးတိုးမြ၏ ပုံသဏ္ဌာန်မှာ အရှုံးကို ရင်ဆိုင်လိုက်ရသော တိုက်ပွဲဝင်သူရဲကောင်းတစ်ဦး၏ ကြံ့ကြံ့ခံသတ္တိမျိုး ဖြင့် ဝံ့ဝံ့စားစား ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာ နေရာမှ ဖယ်ရွေ့ကာ အပြင်သို့ တိုးထွက်သည်။ မွေး၏ ဆွဲထားသောလက်ကို အသာဖယ်ချခဲ့ပြီး ဖြစ်၏။ မွေး၏ပခုံးကို အသာပုတ်လျက် နှစ်သိမ့်ခဲ့ပြီး ဖြစ်၏။ ယခုအချိန်တွင်တော့ ဦးတိုးမြအား မာရ်နတ်မင်း ဆင်းတားလျှင်တောင်မှ နောက်ဆုတ်လိမ့်မည် မဟုတ်တော့။

ရဲသူ၏ မျက်နှာတွင် ဖော်မပြနိုင်လောက်အောင် ချောက်ချားမှုများ အုပ်မိုးနေသည်။

ကျွန်တော်က တအံ့တဩဖြင့် ဦးတိုးမြကို တစ်လှည့်၊ ရဲသူကို တစ်လှည့်၊ မွေးတို့ကို တစ်လှည့် ကြည့်နေမိ၏။ ရှားရှိရာကိုလည်း လှမ်းကြည့်မိ၏။ ရှားကမူ အေးဆေးတည်ငြိမ်စွာဖြင့် ဦးတိုးမြကို ကြည့်နေသည်။ ရှားအကြည့်မှာ ယခုလိုဖြစ်လာမည်ကို ကြိုတင်သိရှိနေပုံမျိုးဖြစ်သလို နောင်ဆက်ဖြစ်လာမည်ကိုလည်း ကြိုတင် သိမြင်ထားပုံ ပေါ်နေသည်ဟု ကျွန်တော် ထင်မိ၏။

"ဒါ အမှုစစ်ဆေးနေတာ၊ အနှောင့်အယှက် မပြုရပါဘူး"

တရားသူကြီး၏အသံက ခန့်ခန့်ကြီး ပေါ်လာသည်။

"ဖေဖေ ပြန်ထိုင်နေပါ" ဟု ရဲသူက ဖခင်ဖြစ်သူ ဦးတိုးမြကို လှမ်း၍တားသည်။ သို့သော် ဦးတိုးမြက နောက်မဆုတ်။ ရဲသားတစ်ဦးက ဦးတိုးမြနားသို့ ချဉ်းကပ်လာပြီး တားဆီးရန် ကြိုးစားသည်ကို ဦးတိုးမြက ညင်သာစွာ တွန်းဖယ်လျက်–

"ခွင့်လွှတ်ပါ၊ ရုံးတော်ကို အနှောင့်အယှက် မပြုရဲပါ တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော် ဝန်ခံ ဖြောင့်ချက်ပေးချင်လို့ပါ" ဟု အစ်လုံးချင်းပီသစွာ ပြောလိုက်သည်။

တရားခွင်တစ်ခုလုံး အာမေဋိတ်သံများဖြင့် ဝေါခနဲ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ တီးတိုးဝေဖန်သံများလည်း ညံပွက်လာသည်။ တရားလိုအကျိုးဆောင်ကြီးခမျာ ဘာလုပ်ရမှန်း မသိဘဲ ငေးကြောင်ကြည့်ရင်း ရပ်နေသည်။ ရဲသူက ဖခင်နားသို့ သွားရန် ကြိုးစားတော့လည်း တာဝန်ကျရဲသားက ဟန့်တားထားသည်။ သွားမရ။

"အဖေ... ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို သနားရင် ကျွန်တော့်စကားကို နားထောင်ပါ၊ ကျွန်တော့်ကိုချစ်ရင် ကျွန်တော့်စကားကို နားထောင်ပါ အဖေ၊ အဖေ့နေရာကို ပြန်သွားပါ"

ငိုသံပါကြီးနှင့် ပြောလိုက်သော ရဲသူ၏စကားသံက တရားခွင်ကို လွှမ်းသွားသည်။ တစ်ခန်းလုံးမှာ သူ့အသံ၏ တုန်ခါမှုများ ပဲ့တင်ထပ်ကျန်ရစ်သည်ဟု ထင်မိ၏။ မွေး၏ရှိုက်ငိုသံက ကျွန်တော့်နားတွင်းသို့ ဝင်လာသည်။

အားလုံးမှာ ကျွန်တော့်အဖို့ နားမလည်စရာ ပုစ္ဆာကြီးတစ်ပုဒ်ဖြစ်နေသည်။

ဦးတိုးမြက ဘာကို ဝန်ခံဖြောင့်ချက်ပေးချင်တာလဲ။ ရဲသူက ဘာကြောင့် တုန်လှုပ်ချောက်ချားနေတာလဲ။ မွေးက ဘာကြောင့် ရှိုက်ငိုနေတာလဲ။ သို့သော် ရှားက ဘာကြောင့် မတုန်မလှုပ် တည်ငြိမ်နေတာလဲ။ မေးခွန်းတွေ ကျွန်တော့်ကို ထုထောင်းနေသည်။

သို့သော် ဦးတိုးမြကမူ ရဲသူကို မကြည့်တော့။ မည်သူ့ကိုမှလည်း ဂရုထားပုံ မရတော့။ တရားသူကြီးကိုသာ ဦးညွှတ်လိုက်ပြီး–

"ကျွန်တော့်ကို ဝန်ခံဖြောင့်ချက်ပေးခွင့်ပြုပါ" ဟု ထပ်မံခွင့်တောင်းလိုက်သည်။ ဦးတိုးမြ၏စကားသံမှာ အရက်သံမပါ။ တစ်လောကမွေးနှင့် ဆုံစဉ်မှာ "အဘ အရက်မသောက်တော့ဘူး" ဟူသော စကားကို မွေး ပြောခဲ့သည်ကို အမှတ်ရလိုက်၏။ မွေးကို လှမ်းကြည့်ကြည့်နေတော့



www.burmeseclassic.com

www.burmeseclassic.com



သူမ၏မိခင်ရင်ခွင်မှာ တသိမ့်သိမ့်ငိုကြွေးလျက်။

ရှားကတော့ ဣန္ဒြေရရပင်။

တရားသူကြီးက–

"ခင်ဗျား ဘယ်သူလဲ"ဟု မေးသည်။

"ကျွန်တော် တိုးမြပါ၊ တရားခံလို့ စွပ်စွဲခံထားရတဲ့ မောင်ရဲသူရဲ့ ဖခင်ပါ"

ဦးတိုးမြအသံက ပကတိ ရဲဝံ့ပြတ်သားနေသည်။ 'အဖေ' ဟူသော ရဲသူ၏အသံမှာ ရှိုက်သံနှင့် ရောပြီး တိမ်ဝင်သွား၏။ ဖခင်ဖြစ်သူကို အလျော့ပေးလိုက်ရဟန်ဖြင့် မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်သည်။

"ဦးတိုးမြက ဘာကို ဖြောင့်ချက်ပေးချင်တာလဲ"

"ဦးလူလှကို သတ်တာ ကျွန်တော်ဖြစ်ကြောင်း ဖြောင့်ချက်ပေးချင်တာပါ"

တစ်ရုံးလုံး ဟာခနဲ အသံများဖြင့် ဝေါခနဲ လှုပ်ရှားသွားပြန်သည်။ 'ဘယ်လိုလဲ...' 'ဘယ်လိုဖြစ်တာလဲ' 'ဟုတ်လို့လား' 'ဟာ ရှုပ်ကုန်ပြီ' ဟူသော ဝေဖန်သံတွေဖြင့် တရားခွင်တစ်ခုလုံး မငြိမ်မသက် ဖြစ်နေသည်။

"အဖေ မဟုတ်တာတွေ လျှောက်မပြောနဲ့လေ၊ အဖေ ပြန်ပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

ရဲသူ ခေါင်းပြန်မော့လာကာ ဖခင်ကို လှမ်းပြောသည်။

ဦးတိုးမြက ရဲသူကို လှည့်မကြည့်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ဦးလူလှကို သတ်ခဲ့တာပါ၊ ကျွန်တော့်သားလေး မောင်ရဲသူက ကျွန်တော် အပြစ်ဒဏ်ကျခံရမှာစိုးလို့ ဝင်ပြီး ခံစားခံလုပ်ခဲ့တာပါ၊ မောင်ရဲသူမှာ လုံးဝအပြစ်မရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အပြစ်ပါ၊ ကျွန်တော့်ကို အပြစ်ပေးပါ၊ သားလေးကို လွှတ်ပေးပါ”

တစ်ရုံးလုံး ညံသွားပြန်သည်။ ကျွန်တော့်ရင်တွေမှာလည်း တဒိုင်းဒိုင်းခုန်နေသည်။ အဖြစ်တွေက မယုံချင်စရာ ပုံပြင်ပမာ။ ဒါ ... တကယ်ပဲလား။ ဦးတိုးမြကပဲ သားအတွက် မားစာခံဝင်ခံဖို့ ကြိုးစားပြန်တာပဲလား။

တရားသူကြီးပင် ရုတ်တရက် ဝေခွဲရခက်နေပုံ ရှိသည်။ မည်သို့လက်ခံရမည်၊ မည်သို့ ဆုံးဖြတ်ရမည်ကို တွေးချင့်နိုင်ပုံ မရ။

မိနစ်အနည်းငယ် ကုန်လွန်သွားပြီးမှ–

“ကောင်းပြီလေ၊ ရုံးတော်က ဦးတိုးမြရဲ့ ဖြောင့်ချက်ကို လက်ခံပေးမယ်၊ ဒါပေမယ့် မဟုတ်မမှန်ဘူးလို့ တွေ့ရှိရရင်တော့ ဦးတိုးမြတာဝန်ပဲလို့ သတ်မှတ်မယ်”

“ဟုတ်ကဲ့ပါ”

“ကျမ်းကျိန်ပြီး ပြောရမှာနော်”

“ကျမ်းကျိန်ပါ့မယ်”

“စဉ်းစားနော်၊ ဒီလို ဖြောင့်ချက်ပေးတာဟာ သူတစ်ပါးက အတင်းအကြပ် စေခိုင်းလို့လား၊ မိမိရဲ့ဆန္ဒအရလား”

“ကျွန်တော့်ရဲ့ ဆန္ဒအရပါ”

“ဒီအမှု ကျူးလွန်တာမှန်ရင် သေဒဏ်ထိ ပြစ်ဒဏ်ခံရနိုင်တယ်နော်၊ ဒါကိုရော သိသလား”

“သိပါတယ်”

“ဒါဆို ကောင်းပြီ”

ဦးတိုးမြက ကျမ်းသစ္စာကျိန်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော့်ကို ပြည့်ပြည့်စုံစုံ တင်ပြပြောဆိုခွင့် ပေးပါခင်ဗျာ"

ဦးတိုးမြ၏စကားသံများက တရားခွင်ရှိ လူသားအားလုံး၏အသည်း နှလုံးထဲသို့ တိုးဝင်လာတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

ဇနီးဖြစ်သူ ဆုံးသွားပြီးသည့်နောက်မှာ ဦးတိုးမြကြ သူ့ဘဝမှာ အဓိပ္ပာယ် မဲ့သွားပြီဟု ခံစားလိုက်ရသည်။ ဇနီးသည်သည် သူ့ကို ချစ်သောကြောင့် မိဘ၏စွန့်ပစ်ခြင်းကို ခံယူကာ သူ၏ဆင်းရဲတွင်းထဲသို့ ဆင်းသက်လာ ခဲ့ရသူ ဖြစ်၏။ ထိုစဉ်က သူသည် ရိုးသားကြိုးစားသူ ဖြစ်၏။ အရက် ဆိုလျှင် ဝေး၊ လောင်ကစားဆိုလျှင် ဝေး။ သို့သော် ဘဝကမူ မပြည့် ခဲ့။

နောက် သားလေး ရဲသူကို မွေးသည်။ သားအမိ သားအဖ သုံး ယောက်၏သုံးပွင့်ဆိုင်ဘဝလေးမှာ မချမ်းသာသော်လည်း နွေးထွေးလှ သည်။ ပျော်ရွှင်မှုတွေ အပြည့်။ ကြည်နူးချမ်းမြေ့မှုတွေ အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သာယာချမ်းမြေ့သောဘဝကလေးထဲသို့ လူကြမ်း ဗီလိန်က ဝင်ရောက်လာတော့သည်။

ယင်းဗီလိန်ကား အခြားမဟုတ်။ ဇနီးသည်မှာ ရောဂါစွဲကပ်လာခြင်း ဖြစ်သည်။ ရောဂါကလည်း ဆန်းပြား၏။ သွေးကင်ဆာတဲ့။

ဇနီးသည်၏အသက်ကို သေမင်းလက်ထဲမှ ဦးတိုးမြ ပြန်လုမယူနိုင်ခဲ့။ မရဏာမင်းလက်သို့ ဇနီးသည်ကို ဝကွက်အပ်လိုက်ရသည်။ သည်မှာ သူ ခံစားရသည်။ သူနှင့် လက်တွဲခဲ့ခြင်းကြောင့် ဇနီးသည် သည်သို့ အဖြစ်ဆိုးရခြင်း ဖြစ်သည်ဟူ၍။ သူက ဇနီးသည်ကို ငွေမရှိသဖြင့် မကယ်နိုင်ခဲ့ခြင်း ဖြစ်သည်ဟူ၍ပင်။

သည်က စ၍ ဦးတိုးမြ အရက်သမားဘဝ ရောက်သည်။ ထိုစဉ်က ရဲသူမှာ ရှစ်နှစ်မျှသာ ရှိသေးသည်။ တတိယတန်းမျှသာ ရှိသေးသည်။

ဦးတိုးမြမှာ အလုပ်ကို လုပ်နေခဲ့ပါသော်လည်း အရက်က ဖိ၍ သောက်လာသောခါ အရက်၏ကျေးကျွန်အဖြစ်ဖြင့် ဘဝက ပို၍ နစ်လာခဲ့သည်။ ဆင်းရဲတွင်းက ပို၍ နက်လာသည်။

သို့သော် သားဖြစ်သူ ရဲသူက လိမ္မာသည်။ ကျောင်းကို မစွန့်ခွာဘဲ အားလပ်ချိန်တွေမှာ အလုပ်တစ်ဖက် လုပ်လာခဲ့သည်။ ဘတ်စ်ကားဂိတ်မှာ စီးကရက်၊ သကြားလုံး ရောင်းသည်။ ဤသို့ဖြင့် ဦးတိုးမြတို့ သားအဖ ယိုင်နဲ့နဲ့ဖြင့် ဘဝကို ရှန်းကန်လာခဲ့ကြသည်။

အရွယ်ရောက်လာသော ရဲသူက သူတို့သားအဖ၏ စားဝတ်နေရေးကို လုံးဝတာဝန်ယူနိုင်လာချိန်၌ ဦးတိုးမြမှာလည်း အရက်သမားကြီးဘဝဖြင့် အလုပ်မလုပ်နိုင်တော့ဘဲ လူ့တန်ဖိုး၊ လူ့အဓိပ္ပာယ်ကုန်ဆုံးသည့်အနေအထားသို့ ရောက်လာခဲ့သည်။

မည်သို့ဆိုစေ ရဲသူက ဖခင်ကို မငြိုငြင်။ သားကောင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပီသစွာ ဖခင်ကို ပြုစုစောင့်ရှောက်သည်။ "အရက်သမားကြီး ဖြစ်နေပေမယ့် အဖေက အဖေပဲ" ဟူ၍ ရဲသူက ခံယူသည်။

မိုးလင်းသည်နှင့် ဦးတိုးမြ မထမီ အိမ်မှုကိစ္စအဝဝက အားလုံး အဆင်သင့် ဖြစ်နေပြီ။ ဘုရားသောက်တော်ရေ၊ ဆီမီး၊ ဆွမ်း ကပ်ပြီးပြီ။ သားအဖနှစ်ယောက်အတွက် ထမင်းချက်ပြီးပြီ။ ဦးတိုးမြ နိုးလာလျှင် စားရန် မနက်စာတစ်ခုခု အဆင်သင့် ပြင်ထားပြီးပြီ။ လိုအပ်လျှင် သောက်ရန် အရက်လည်း မလိုအပ်စေရ။

ပြီးမှ ကျောင်းသွားရန် ပြင်ဆင်သည်။

ဦးတိုးမြ နိုးလာတော့–

"အဖေ မျက်နှာသစ်ဖို့ သွားတိုက်ဆေး ထည့်ထားပြီးပြီ၊ ရေအိုးစင်နားမှာ အဆင်သင့်ပဲ၊ ပြီး အဖေစားဖို့ ထမင်းကြော်ထားတယ်"

"ငါ ခေါင်းကိုက်နေသေးတယ်ကွ၊ ဖြေဆေးရော ရှိရဲ့လား"

"ရှိတယ် အဖေ၊ အဖေ့အိပ်ရာခြေရင်းက ထရံဘေးမှာ"

"အေး ကောင်းပြီ၊ မင်း ကျောင်းသွားတော့မှာလား"

"ဟုတ်ကဲ့ အဖေ၊ ကျွန်တော် ကျောင်းသွားတုန်း ဟိုသွား ဒီသွား မလုပ်နဲ့နော်၊ အဖေ့ရိက္ခာ အပြည့်အစုံ ရှိတယ်၊ အိမ်မှာပဲ နေပါ"

"အံမာ... မင်းက ငါ့ကို ကလေးမှတ်လို့ မှာနေတာလား၊ မင်းက အဖေလား၊ ငါက အဖေလား"

"အဖေက အဖေပါဗျာ၊ အဖေမို့လို့ သားက မှာတာပါ"

"အေးပါကွာ... စိတ်ချပါ၊ မင်းသာ ကျောင်းဆင်းရင် အိမ်ကို တန်းတန်းမတ်မတ် ပြန်လာခဲ့"

"အဖေကလည်း သား ဘယ်တုန်းက အဲဒီလို မပြန်ဘဲ လျှောက်သွားနေဖူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စကားမရှည်နဲ့၊ ငါပြောတဲ့အတိုင်း လုပ်"

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ၊ သားကို ထမင်းစား မစောင့်နဲ့နော်၊ အဖေ စားနှင့်၊ ဆာနေမယ်၊ ပြီးတော့ အုပ်ဆောင်းအောက်က ထမင်းစားပွဲပေါ်မှာ ဆွမ်းချူးထားတယ်၊ ဦးဇင်းကြွလာရင် ဆွမ်းလောင်းဖို့ မမေ့နေဦးမယ်"

"ဟာ... ဒီကောင် တယ်စကားရှည်တာပဲ၊ ဒါ ငါ နေ့တိုင်း လုပ်နေကျ၊ ငါ့ကို ဆရာမလုပ်နဲ့"

"မမေ့မှာစိုးလို့ပါ အဖေရာ"

"ဟား... ဟား...မင်းဆိုလိုတာ ငါ မသိဘူး မှတ်လို့လား၊ မူးပြီး လဲနေမှာစိုးလို့ မဟုတ်လား"

"ဒါဆို သား ကျောင်းသွားတော့မယ်"

ရဲသူက ဖခင်ကို ကန်တော့ပြီး လွယ်အိတ်ဆွဲ ထွက်သွားသည်။ ခြံရင်းအိမ်ရှေ့ရောက်တော့–

"ဒေါ်ဒေါ်... အိမ်ဘက်ကို နည်းနည်းနားထောင်လိုက် ကြည့်လိုက်ပါနော်" ဟု ဒေါ်မြတ်မွန်ကို မှာနေသံ ဦးတိုးမြကြားရ၏။ သည်လို သားမျိုး ရှာမှ ရှားပဲဟု ဦးတိုးမြနှလုံးသားမှာ အသိအမှတ်ပြုရသည်။

ကျောင်းက နှစ်ချိန်ကျောင်းဖြစ်ပြီး ရဲသူတို့က မနက်ပိုင်း တက်ရသည်။ ဆယ့်နှစ်နာရီမှာ ကျောင်းဆင်းသည်။ ကျောင်းဆင်းပြီးသည်နှင့် ရဲသူ အမောတကော ပြန်ရောက်လာသည်။

"အဖေ ထမင်းစားပြီးပြီလား"

"ပြီးပြီကွ၊ မင်းပဲ စားထားဆို"

"စားလို့ ကောင်းရဲ့လား၊ ဘဲဥကြော်ခဲ့ရတာ၊ အဖေ မကြိုက်မှာ စိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ ကြိုက်တာ မကြိုက်တာကို ရွေးနိုင်တဲ့လူ တန်းစားထဲမှာ ငါ မပါဘူးကွ၊ ရှိတာကိုကြိုက်မှ သုခ ချမ်းသာ ဖြစ်မှာ၊ ကြိုက်တာကို လိုက်နေရင် လောဘဇောနဲ့ မောနေမှာ"

"အဖေက ဒဿနတွေ ဖွင့်နေပါလား"

"အေး မင်းလည်း စားတော့၊ စားပြီးရင် အလုပ်သွားရမှာ မဟုတ်လား"

"ဟုတ်တယ်လေ"

"အလုပ်မသွားခင်တော့ ငါ့ကို နည်းနည်းလောက် ဝယ်ပေးခဲ့ဦးကွ၊ ညနေစာ မရှိတော့ဘူး"

"ရတယ် အဖေ၊ သား ဝယ်ထားပေးခဲ့မယ်"

ရဲသူ ထမင်းစားသောက်ပြီး ဦးတိုးမြဖို့ အရက်တစ်ပိုင်း ပြေးဝယ်ရသေးသည်။ ပဲကြီးလှော်ကလေးလည်း ပါသေး၏။ ပြီးတော့ အဝတ်တွေကို ဆပ်ပြာမှုန့်နှင့် စိမ်သည်။ ညနေ အလုပ်မှ ပြန်လာလျှင် လျှော်ရန် ဖြစ်၏။

"အဖေ့ အင်္ကျီနဲ့ လုံချည် လဲပေးလေ"

"ဟာ မလဲလည်း ရပါသေးတယ်ကွ၊ မနေ့ကမှ လဲထားတာ"

"ညစ်နေပါပြီ အဖေရယ်... လဲပါ"

"ဟော့ကောင် ပေရေနေပြီလို့ ဆိုလိုချင်တာလား"

"မဟုတ်ပါဘူး... အဖေ့ကို သန့်သန့်ရှင်းရှင်း ရှိနေစေချင်လို့ပါ"

"ဒီမှာ ငါ့သား၊ အဝတ်အစားသန့်မသန့်ဆိုတာက အပေါ်ယံအကာကွ၊ အရေးကြီးတာက အတွင်းက အနှစ် သန့်ဖို့လိုတာ၊ နှလုံးသား ဖြူစင်ဖို့ လိုတာ"

"အဖေ့စကားကို သား ကြိုက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ... မင်းက ငါလိုအရက်သမားကြီးက ဒီစကားမျိုး ပြောတယ်ဆိုပြီး ပြုံးတာလား"

"မဟုတ်ပါဘူး အဖေရာ၊ သဘောကျလို့ ပြုံးတာပါ"

"ရဲသူ ငါ့သား... အဖေ့ကိုကြည့်စမ်း၊ အဖေဟာ အရက်မူးပေမယ့် ကျန်တဲ့ကံလေးပါးကို လုံတယ်နော်၊ မင်းသိတယ် မဟုတ်လား"

"သိပါတယ် အဖေ"

"အေး သိရင်ပြီးတာပဲ၊ သွားတော့၊ အလုပ်သွားတော့"

"အဖေ ဘယ်မှ လျှောက်မသွားနဲ့နော်၊ တော်ကြာ ဘော်ဒါတွေ လာခေါ်လို့ ဟိုဆိုင်ကို ရောက်သွားဦးမယ်"

"ဟ... အပေါင်းအသင်းတွေ လာရင်တော့ တစ်ခါတလေ သွားရမှာပေါ့ကွ၊ တစ်ချိန်လုံး အိမ်ထဲမှာချည်းနေရရင် ညှောင်းချိပြီး ကျန်းမာရေး ဘယ်ညီညွတ်တော့မလဲ"

"ဖြစ်နိုင်ရင်တော့ အဖေ့ကို အိမ်မှာပဲ သောက်စေချင်တယ်၊ ပတ်ဝန်းကျင် ကဲ့ရဲ့မှာကို သား စိုးရိမ်တယ်"

"ဘာကွ၊ မင်းက အရက်သမားသားလို့ အပြောခံရမှာ စိုးတာလား"

"ဒီလို မဟုတ်ပါဘူး အဖေ၊ သားကို အပြောမခံနိုင်တာ မဟုတ်ပါဘူး၊ အဖေ့ကို အပြောမခံနိုင်တာပါ"

"အေးပါကွာ၊ အေးပါ၊ ဒါဆို ပြီးရော... "

"အဖေ ထမင်းဆာရင် စားထားနှင့်။ ထမင်းက ရှိသေးတယ်၊ သား အလုပ်က ပြန်လာရင် အဖေ့ဖို့ ခေါက်ဆွဲကြော် ဝင်ဝယ်လာခဲ့မယ်၊ အဖေက ခေါက်ဆွဲကြော်ကြိုက်တယ် မဟုတ်လား"

"ဟဲ ဟဲ ငါ့သား အဖေ့ကို ပုံပြောပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကလဲ၊ သားက ပြောပြီး မဝယ်ခဲ့တာ ဘယ်တုန်းက ရှိခဲ့လဲ၊ ပြောပါဦး"

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ အဖေက သားကိုချစ်လို့ စ,တာပါ"

"ဒါဆို သား အလုပ်သွားတော့မယ်၊ အဖေ့ကို စိတ်ချပါရစေနော်"

"အာ... သွားစမ်းပါကွာ စိတ်ချလက်ချ၊ ငါ ကလေး မဟုတ်ပါဘူး"

ရဲသူ အလုပ်သို့ထွက်သွားသည်။ အိမ်က အထွက်မှာ ဒေါ်မြတ်မွန်ကို ထုံးစံအတိုင်း မှာသွားခဲ့သေးသည်။ "အဖေ့ကို ကြည့်လိုက်ပါနော်" တဲ့။

ရဲသူ အလုပ်က ပြန်လာတော့ မိုးချုပ်နေပြီ။ တစ်ကိုယ်လုံး ပေရေညစ်ပတ်လျက် နွမ်းနယ်ပင်ပန်းလာဟန် ရှိသော်လည်း ဖခင်ရှေ့မှာမူ အပြုံးမပျက်။ ဦးတိုးမြဖို့ ခေါက်ဆွဲကြော်ထုပ်ကလေးလည်း ပါလာသည်။

"သား ပုံပြောတာ မဟုတ်ဘူးနော်"

"အေးပါကွာ"

"အဖေ ဘယ်တွေ လျှောက်သွားသေးလဲ"

"မသွားပါဘူး"

"ဘော်ဒါတွေ မလာဘူးလား"

"မလာဘူးကွ၊ လာရင်လည်း သားစကားနားထောင်ပြီး အဖေက လိုက်သွားမှာ မဟုတ်ပါဘူး"

"အဖေ ရေချိုးရဲ့လား"

"ချိုးတယ်ကွ၊ ရေတောင် နည်းနည်းပဲ ကျန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ၊ မနက်ဖြန်မနက် ရေထည့်ဖို့ သား မှာထားပြီးပြီ"

"အဲဒါဆို သား ရေချိုးတော့ ထမင်းစားမယ်"

"အဖေက မစားရသေးဘူးလား"

"သားကို စောင့်နေတာကွ၊ သားနဲ့ လက်ဆုံစားချင်လို့"

"အဖေ ဆာနေမှာပေါ့"

"မဆာပါဘူးကွာ၊ ဗိုက်ထဲမှာ အာဟာရတွေ ရှိပါတယ်"

"ဒါဆို သား ထမင်းအိုး တည်လိုက်ဦးမယ်၊ ပြီးရင် ရေချိုးမယ်"

"ဟဲဟဲ အဖေ ထမင်းအိုးတည်ထားပြီးပါပြီကွ သားရဲ့"

"ဟာ... အဖေ ဘာလို့လုပ်တာလဲ၊ တော်ကြာ လက်တွေ အပူလောင်ကုန်မှာ"

"ငါ့သား ပင်ပန်းလွန်းလို့ အဖေကလည်း တစ်ခါတလေ ကူညီတာပါကွ"

"နောက် မလုပ်နဲ့တော့ အဖေ၊ သားဘာသာ လုပ်နိုင်ပါတယ်"

ရဲသူ အဝတ်လျှော်၊ ရေမိုးချိုးပြီးတော့ သားအဖနှစ်ယောက် ထမင်းစားကြသည်။ ဟင်းတွေ အဖေ့ပန်းကန်ထဲ သားက ထည့်၊ သား ပန်းကန်ထဲ အဖေက ထည့်ဖြင့် စားကြသည်မှာ နှစ်ယောက်တည်းဖြစ်သော်လည်း ဝေစည်လှသည်။

တစ်ခါတစ်ခါမှာတော့ ဦးတိုးမြ ထမင်းစားရင်း ဇနီးသည်ကို သတိရသည်။ သား စိတ်မကောင်းမှာစိုး၍ ထုတ်မပြောဖြစ်။ ရဲသူက လည်း မိခင်ကို သတိရပုံရှိသည်။ သို့သော်လည်း ဖခင် စိတ်မကောင်းမှာ စိုး၍ ထုတ်မပြော။

ညအိပ်မည်ဆိုတော့ ရဲသူက အိပ်ရာခင်းပြီး အသင့်ပြင်ပေးသည်။ ဦးတိုးမြက အိုက်သည်၊ ခြင်ထောင်မထောင်ဟု ဆိုသောအခါ ရဲသူက



www.burmeseclassic.com

www.burmeseclassic.com



ခြင်ဆေးထွန်းပေးသည်။ ယပ်ခပ်ပေးသည်။ ဖခင် ညောင်းညာမှုစိုး၍ နင်းနှိပ်ပေးသည်။

ဖခင် အိပ်မှ ရဲသူ စာကျက်ရသည်။

စာကျက်ပြီးမှ ဘုရားရှိခိုး အိပ်ရာဝင်သည်။ ညညမှာ ဖခင်ကို ထ,စမ်းပြီး စောင်ခြုံပေးရ၊ ခြင်ထောင်ချပေးရသည်လည်း ရှိ၏။ စင်စစ် တော့ ဖခင်က သား၊ သားက ဖခင်ပမာ။

*

www.burmeseclassic.com

www.burmeseclassic.com

"အေး... မင်းတို့ပြောတာ ငါလက်ခံတယ်၊ ငါက အဖေ၊ ဒါပေမယ့် သားဖြစ်နေပြီး ရဲသူက ငါ့သား၊ ဒါပေမယ့် အဖေတစ်ယောက်လိုပဲ"

"သုဝဏ္ဏသာမလိုသားမျိုးကို ခင်ဗျားရတာ ကံကောင်းတာပေါ့ဗျ"

"မှန်တယ် ငါ့ကောင်၊ သိပ်မှန်... "

"ခင်ဗျားသားက ခင်ဗျားအရက်သောက်တာကို ဘာမှ မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော... မပြောဘူး၊ မပြောပါဘူး၊ ဘာမှဆို ဘာမှ မပြောဘူး၊ ဒီကောင် ဖအေကို သိပ်ချစ်တဲ့ကောင်၊ သိပ်လိမ္မာတဲ့ကောင်၊ ငါ့သားမို့ ငါ ချီးကျူးတယ် မထင်နဲ့"

"ဒါကတော့ ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ကလည်း ခင်ဗျားသား ကိုတော့ ချီးကျူးမဆုံးပါဘူး"

"ရော့ ချဦးလေကွာ... ချ... ဒါ မနက်က ငါ့သား ဝယ်ပေးသွား တာ၊ ဒီကောင်က စာလည်းတော်တော့ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မှာသေချာတယ်၊ ဆရာတွေကလည်း သူ့ကို သိပ်ချစ်တာကွ၊ သိပ်ချီးကျူးတာကွ၊ မင်းသိလား"

"အင်း... ခင်ဗျားသား လိမ္မာသလောက် ခင်ဗျားက မိုက်နေတာ ပေါ့နော်"

"ဟာ... မင်းက ငါ့ကို အသားလွတ်ဆော်နေပြန်ပြီ၊ ဒါပေမယ့် ဟုတ်တယ်ကွ၊ ငါက မိုက်နေတာ၊ ငါ လူမိုက်... အေးလေ လူမိုက် မို့လို့ အရက်သောက်နေတာပေါ့ကွ၊ လူလိမ္မာသာဆိုရင် ဘုရားဒကာ ဖြစ်နေမှာပေါ့၊ မဟုတ်ဘူးလား အေ့... "

"ဒါဆို ခင်ဗျားသားကို ခင်ဗျား ဘယ်လိုဆုံးမသလဲ"

"ဆုံးမစရာ မလိုဘူးကွ၊ ငါ့လို မမိုက်အောင် ငါက နမူနာ မိုက်ပြထားတာ၊ ဟား ဟား ဟား... "

ထိုစဉ် အိမ်ဝမှာ လူရိပ်တစ်ခု ပေါ်လာသည်။ မွေးဖြစ်၏။

"အဘ... "

ဦးတိုးမြ တံခါးဝသို့ အကြည့်ရောက်သွားသည်။

"ဟော... သမီးလေး မွေးပါလား၊ လာ လာ သမီး... "



www.burmeseclassic.com

www.burmeseclassic.com



မွေးက အိမ်ထဲဝင်လာရင်း–

"အဘဖို့ သမီး ဟင်းလာပို့တာ" ဟု ပြောသည်။

"ဟုတ်လား၊ ဘာဟင်းလဲကွယ့်"

"ငါးမြင်းခေါင်းချည်ရည် အဘ"

"ဟာ… သိပ်ကောင်းဗျာ၊ အဘ အကြိုက်ပဲ၊ ကျေးဇူးပဲနော်"

"သမီး မီးဖိုထဲဝင်ပြီး ပန်းကန်လှယ်ထားခဲ့မယ်နော်"

"ကောင်းပြီ… ကောင်းပြီ"

မွေး မီးဖိုထဲဝင် ဟင်းပန်းကန်လှယ်ပြီး ပြန်ထွက်သွားတော့ သောက်ဖော်ဦးသူတော်က–

"အဲဒီကလေးမ သားအမိလည်း တော်တယ်ဗျ သိလား၊ ကျုပ်ချီးကျူးတယ်၊ သူ့အမေကလည်း မုဆိုးမပေမယ့် ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သဗျ၊ သူ့သမီးလေးကလည်း ချောချောလှလှ စာတော်တော်လေး၊ အင်း ခင်ဗျားတို့ စိတ်ကူးမလွဲနဲ့နော်"

"ဟာ… ဟော့ကောင် မင်းပြောတာ ဘာအဓိပ္ပာယ်လဲကွ"

"ဟာဗျာ… ခင်ဗျားတို့က သားအဖနှစ်ယောက် ဟိုက သားအမိနှစ်ယောက် ခုလို နေကြမယ့်အစား နှစ်အိမ်ကို တစ်အိမ်ပေါင်းလိုက်ရင်… "

"ဒုန်း… "

ဦးတိုးမြ ကြမ်းပြင်ကို လက်သီးနှင့် ထုလိုက်ခြင်းဖြစ်သည်။ ဦးသူတော် မျက်လုံးပြူးသွားသည်။

"တော်တန်တိတ်… သူတော်၊ ငါတို့ရဲ့ ရိုးသားသန့်စင်မှုကို မင်းလာပြီး အရောင်မခြယ်နဲ့၊ မင်းစကား ဒီတင်ရပ်… "



www.burmeseclassic.com

www.burmeseclassic.com



"ဟို... ကျုပ်က ဒီလိုပါဗျာ... "

"ဟော့... ဒီလိုတွေ ဟိုလိုတွေ မလုပ်နဲ့၊ အေးအေး သောက်ရင် သောက်၊ နို့မဟုတ်ရင် ကျောင်းတော့၊ ဒါပဲ... "

*

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီကောင်တွေက ငါ့ကိုသက်သက်ရစ်တာကွ၊ ဒါမျိုးတော့ ငါက မခံဘူး... သိလား"

ခြေလှမ်းက ယိုင်နေသည်။ လူက ယိမ်းထိုးနေသည်။ မြင်မြင် သမျှက လည်နေ၏။ ရံခါ မိုးက ခြေဖဝါးအောက်ဟု ထင်ရ၏။ ရံခါ မြေကြီးက မိုးပေါ် ရောက်နေ၏။

"စိတ်လျှော့လိုက်ပါ အဖေရာ၊ ပြီးသွားပါပြီ"

ရဲသူက ဦးတိုးမြကို တွဲဖက်ပြီး ခေါ်လာရင်း ချော့သည်။

"မပြီးလို့ ဖြစ်မလားကွ၊ မပြီးရင် ဒီကောင်တွေ နာသွားမှာ ပေါ့၊ တိုးမြတဲ့ တစ်မြတည်း ရှိတယ်၊ ဘာမှတ်လဲ၊ သတ္တိကိုလာမစမ်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့သတ္တိကို သားသိပါတယ် အဖေရာ"

"အေ့... တကယ်က ဒီကောင်တွေ ဘာအသုံးကျလဲ၊ ငါက အရက်သာ သောက်တာ၊ သူတို့လို မယုတ်မာဘူး၊ မလိမ်ညာဘူး၊ သူ တော်ကောင်းယောင် မဆောင်ဘူး၊ မသိတာ မှတ်လို့ကွာ"

"သည်းခံလိုက်ပါ အဖေရယ်၊ သူတို့နဲ့ ရန်ဖြစ်တာ အဖေ သိက္ခာကျပါတယ်"

"အေး မင်းပြောတာ ဟုတ်တယ်၊ သိက္ခာကျတယ်၊ အရက် သမား သိက္ခာကျတယ်၊ ဆင်းရဲသား သိက္ခာကျတယ်"

"နောက်ဆိုရင် အဲဒီဘက် မသွားပါနဲ့တော့ အဖေရာ။ သူတို့နဲ့ တွေ့ပြီး ပြဿနာ ထပ်ဖြစ်နေပါဦးမယ်၊ သားပြောသလို အိမ်မှာပဲ သောက်ပါ"

"မဟုတ်ပါဘူးကွာ၊ ငါက အေးအေးဆေးဆေးပါ၊ ဒီလမ်းထဲမှာ ငါ့လောက်အေးတဲ့လူ ဘယ်သူရှိလဲ၊ ပြောစမ်း၊ မင်းပြောစမ်း... "

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ကျွန်တော်သိပါတယ်"

မွေးတို့အိမ်ရှေ့ရောက်တော့ ဒေါ်မြတ်မွန်နှင့် မွေး ထွက်လာ သည်။

"မောင်ရဲ... ဘာဖြစ်လို့လဲကွယ်"

ရဲသူက အပြုံးနွမ်းနွမ်းဖြင့်–

"လက်ဖက်ရည်ဆိုင်ထဲမှာ လူကြီးတစ်ချို့နဲ့ စကားများနေတယ် ကြားလို့ ကျွန်တော်လိုက်သွားရတာ ဒေါ်ဒေါ်ရဲ့၊ ကြီးကြီးကျယ်ကျယ် တော့ မဟုတ်ပါဘူး၊ အဖေက ဆိုင်ရှေ့အဖြတ်မှာ သူတို့စကားပြောတာ နဲ့ အမှတ်မထင် တိုက်ဆိုင်သွားပြီး ငြိသွားတာနေမှာပေါ့၊ အဖေကလည်း သိတယ်မဟုတ်လား ဒေါ်ဒေါ်" ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူတွေက သူတို့ကိုယ် သူတို့ လူကြီးလူကောင်းတွေလိုလို ဘာလိုလိုနဲ့ ဒေါ်မြတ်မွန်ရာ၊ ကျွန်တော်က သိတာပေါ့"

ဦးတိုးမြ ဝင်ပြောသည်။ ဒေါ်မြတ်မွန်က "ဟုတ်တာပေါ့"ဟု ရယ်ချင်စိတ်ကို မြိုသိပ်၍ ပြော၏။ မွှေးက ကြိတ်၍ပြုံးသည်။

"ကဲပါ အဖေရာ၊ အဲဒါတွေ ခေါင်းထဲက ဖယ်ပစ်လိုက်စမ်းပါ"

"ဟုတ်တယ်ကွ၊ အဲဒါတွေ ရှိနေရင် မူးနေတဲ့အရသာလေး ပျက်ပျက်သွားတယ်"

"ကဲ အဖေ အိမ်ပေါ်တက်၊ သတိလည်းထားနော်"

ရဲသူက ဖခင်ကိုတွဲ၍ အိမ်ပေါ်သို့ တင်သည်။ ဦးတိုးမြက ရဲသူ၏လက်ကို ဖယ်ချရင်း–

"မင်း ဖယ်... ငါ့ဘာသာ တက်မယ်၊ မင်းတွဲတင်ရတယ်ဆိုရင် ငါ သိက္ခာကျတယ်၊ ငါက မူးပေမယ့် ဘယ်တော့မှ ချော်မကျဘူး"

ရဲသူက ဖခင်သဘောကျ ရှောင်ပေးလိုက်ရသည်။ သို့သော် လိမ့်ကျမှာစိုး၍ ဘေးမှ စောင့်ကြည့်နေရသည်။

သူတို့သားအဖကို ကြည့်ပြီး ဒေါ်မြတ်မွန်က မွှေးဘက်သို့ လှည့်ပြောလိုက်၏။

"သားသမီးမကောင်း မိဘခေါင်းဆိုတဲ့စကားပဲ ကြားဖူးပါတယ်၊ မောင်ရဲတို့နဲ့ကျမှ မိဘမကောင်း သားသမီးခေါင်း ဖြစ်ရတော့မယ်နဲ့ တူတယ်"

*

www.burmeseclassic.com

www.burmeseclassic.com

"သား ဘာတွေ တွေးနေတာလဲ"

တိုင်ကိုမှီ၍ ငေးနေသော သားဖြစ်သူအနားသို့ ဦးတိုးမြ ရောက်လာပြီး မေးလိုက်ခြင်းဖြစ်သည်။ စောစောက တွေးငေးနေခြင်းဖြစ်သော်လည်း ဖခင် အနားရောက်လာသဖြင့် ရဲသူက ချက်ချင်းပင် မျက်နှာကို ရွှင်လန်းဟန်ပြုလျက်–

"ဘာမှ မတွေးပါဘူး အဖေ" ဟု ဖြေသည်။

ဦးတိုးမြ ခေါင်းယမ်းသည်။

"အဖေ သိပါတယ်"

"အဖေ သိတယ်... ပြောပါဦး၊ အဖေ ဘာသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိတ်ကို သိတာကို ပြောတာကွ"

"သားက ဘာဖြစ်လို့လဲ အဖေ"

"သား တက္ကသိုလ်တက်ချင်နေတယ် မဟုတ်လား"

ရဲသူ ထိတ်ခနဲဖြစ်ကာ မျက်နှာ ရုတ်ခနဲ ညှိုးသွားသော်လည်း အလျှင်အမြန် ပြုံးလိုက်ပြီး–

"မတက်ချင်ပါဘူး အဖေရာ၊ ဘာလုပ်မှာလဲ၊ အလကား အချိန်တွေ ပုပ်တယ်"

"သား မညာပါနဲ့"

"မညာပါဘူး အဖေ"

"မွေးလည်း ဆယ်တန်းအောင်ပြီး တက္ကသိုလ် တက်မှာ၊ သား လည်း တက်ချင်မှာပေါ့၊ အဖေ သိပါတယ်"

"ဩော် အဖေ ဒီနေ့နေ့လည် မအိပ်ဘူးလား"

ရဲသူ စကားလမ်းကြောင်းလွှဲသည်။ မရ။

"စကားမလွှဲနဲ့၊ အဖေ အတည်ပြောနေတာ"

ဦးတိုးမြ အရက်သောက်မထား။ ထို့ကြောင့် စကားတွေက အဆီအငေါ်မတည့်ခြင်း မပါ။ အသိဉာဏ်တွေ၊ အတွေးတွေက အရက်ရှိန်ဖြင့် ယိမ်းယိုင်နေခြင်း မရှိ။

ရဲသူ သက်ပြင်းချသည်။

"သား တက္ကသိုလ်ဆက်တက်ချင် တက်ပါ"

"ဟာ... မဟုတ်တာပဲ အဖေရာ"

"ဘာလဲ၊ မင်းက ငါ့ကိုငဲ့ပြီး တက္ကသိုလ်မတက်ဘဲ အလုပ်လုပ်မှာ မဟုတ်လား၊ မလုပ်နဲ့ သား၊ တက္ကသိုလ်ဆက်တက်၊ အဖေ အလုပ် ပြန်လုပ်မယ်၊ အဖေ အလုပ်လုပ်နိုင်ပါသေးတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

ရဲသူ အသံတွေ တုန်ခါပြီး မျက်ရည်တွေ ဝဲလာသည်။ ဖခင် ရင်ခွင်တွင်း ကလေးငယ်တစ်ယောက်လို တိုးဝင်သည်။ ဦးတိုးမြက သားကို ဖက်ပြီး–

"ငါ့သား လိမ္မာတာ သိတတ်တာ အဖေ သိပါတယ်၊ နားလည် ပါတယ်၊ အဖေ အမူးသမားကြီး ဖြစ်နေတာနဲ့ ငါ့သား ရှေ့ရေးတွေ တက်လမ်းတွေ ပိတ်သွားမှာကို မလိုလားဘူး"

တစ်လုံးချင်း ပြောသည်။ ရဲသူထံမှ ရှိုက်သံ ထွက်လာသည်။ ပြီးတော့ ဦးတိုးမြရင်ခွင်မှ ရုန်းထပြီး–

"သား ဆုံးဖြတ်ပြီးပြီ အဖေ၊ အဖေ ဘာမှ မပြောနဲ့တော့၊ သား တက္ကသိုလ် ဆက်မတက်ဘူး၊ အလုပ်လုပ်မယ်၊ အဝေးသင်တက်မယ်၊ အဖေဟာ သားအတွက်ဆိုရင် ဘွဲ့တစ်ခုထက် ပိုအရေးကြီးတယ်"

ပြောပြောဆိုဆို အိမ်အောက်သို့ ဆင်းပြေးသွားသည်။ ဦးတိုးမြ ငိုင်ကျန်ရစ်၏။ မျက်လုံးထဲမှာ မျက်ရည်ဥတွေ။ သားအချစ်၊ သား မေတ္တာကြောင့် ဖြစ်ရသော ပီတိနှင့် သားအတွက် သနားကြင်နာမှုမှ လာသော နာကျင်မှုတွေပြိုင်တူ... ရင်မှာ။

*

www.burmeseclassic.com

အိပ်ရာမှ လန့်နိုးလာတော့ ဦးတိုးမြနားထဲသို့ စကားသံ တိုးတိုးတွေ ဝင်လာသည်။ ဘယ်သူတွေရဲ့ အသံလဲ၊ ဘယ်ကလဲ ဟု ဦးတိုးမြ နား စွင့်လိုက်သည်။ ရဲသူနှင့် မွေးတို့ အသံပေပဲ။ အိမ်ရှေ့ကလာခြင်း ဖြစ်သည်။

ဦးတိုးမြ အိပ်ရာမှ အသာထကာ အိမ်ရှေ့တံခါးနားသို့ တိုးတိတ်စွာ ချဉ်းကပ်လာသည်။ တံခါးပေါက်မှ ကဲကြည့်လိုက်သောအခါ ခုံတန်းလျားလေးပေါ်မှ ရဲသူနှင့် မွေးကို တွေ့ရသည်။

"ဒါဆို ဘယ်လိုလုပ်ကြမလဲ မွေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မွေးလည်း အဲဒါကိုပဲ စဉ်းစားမရတာ၊ မွေးတော့ ခေါင်းခြောက်တယ်"

"အဲဒီ ဦးလူလှကို ပေးရမယ့် ငွေတွေက များလား"

"များလို့ နေမှာပေါ့၊ တော်ရုံဆို မေမေက ဆပ်လိုက်မှာပေါ့၊ ခုလို မေမေ မလွန်ဆန်နိုင်တာက မေမေ အပြတ်မရှင်းနိုင်လို့ပေါ့ ရဲရယ်"

"ကိုယ့်မှာလည်း အဲဒါတွေကို ဝင်ကူပြီး ဆပ်ပေးနိုင်တဲ့ အနေအထား မရှိတာ ခွကျတာပဲ"

"မွေး အဲဒီလူကြီးကို လက်မထပ်နိုင်ဘူး ရဲရယ်၊ မွေးချစ်တဲ့ ရဲကိုလည်း မခွဲနိုင်ဘူး၊ မွေးမချစ်တဲ့လူကိုလည်း မယူနိုင်ဘူး"

"ကိုယ်လည်း မွေးလိုပါပဲကွယ်၊ ဒါပေမယ့် ခက်နေတာက အခက်အခဲကို ဘယ်လိုဖြေရှင်းမှာလဲ ဆိုတာပဲ"

"မေမေကလည်း ရဲနဲ့ မွေးကို သဘာတူတာပါ၊ ဒါဆို မွေးတို့ ထွက်ပြေးကြရင်ကော ဟင် ရဲ"

"မဖြစ်နိုင်ဘူး မွေး၊ ကိုယ်တို့ တစ်ကိုယ်ကောင်းဆန်ကြလို့ မဖြစ်ဘူး၊ ကိုယ်တို့ အဲဒီလို မိုက်မိုက်ကန်းကန်း လုပ်သွားရင် မွေးမေမေက ဦးလူလှကို ဘယ်လိုရင်ဆိုင်မလဲ၊ မွေးမေမေရဲ့ ဒုက္ခကို ကိုယ်တို့က ဝိုင်းစဉ်းစားရမယ်"

"အဲဒါတော့ မွေးလည်း တွေးမိပါတယ်၊ မွေးတို့ထင်တိုင်းကြဲသွားရင် မေမေ စိတ်ဆင်းရဲပြီး ဦးလူလှရဲ့ တံတွေးခွက်မှာ ပက်လက်မျောရမှာ၊ ရဲပြောသလိုပါပဲ၊ ဒီနည်းလမ်းကို မွေးတို့ မရွေးသင့်ပါဘူး"

"အခုနေမှာ အကောင်းဆုံးကတော့… "

"အကောင်းဆုံးက ဘာလဲဟင် ရဲ… "



www.burmeseclassic.com

www.burmeseclassic.com



ရဲသူ ခေါင်းခါသည်ကို မြင်ရ၏။ ရင်ထဲက စကားတွေပြော ထွက်တော့ဟန် မတူတော့။ ဆို့နင့်ကြေကွဲစွာ ခံစားနေရသည်ထင့်။ ရဲသူ၏မျက်နှာကို မော့ကြည့်နေသော မွေး၏ပါးပြင်မှာလည်း မျက်ရည်စီး ကြောင်းတွေ... ။

သားနှင့် သားချစ်သူ၏ ခံစားရမှုများကို ဦးတိုးမြ နားလည်လိုက် ပါပြီ။ ထွက်ပေါက်မဲ့နေသော ချစ်သူနှစ်ဦး၏ သောကများ။

ဦးလူလှ... ။ သင်း ဂြိုဟ်မွှေတာ... ။ သင်းက သားနှင့်သား ချစ်သူကို ကွဲအောင်ဖန်တီးတာ... ။ လူဆိုး... ။ လူယုတ်မာ။ သည် လိုပဲ ယခင်ကလည်း မိကောင်းဖခင်သမီးပျိုတွေကို ငွေကြေးဖြင့် ဖျက်ဆီးခဲ့ဖူးသည်မှာ အကြိမ်ကြိမ်။

ကာလအတန်ကြာ အလုပ်တွဲလုပ်ခဲ့ဖူးသည် ဖြစ်သောကြောင့် ဦးလူလှ၏စရိုက်၊ ဦးလူလှ၏စိတ်ဓာတ်တွေကို ဦးတိုးမြ သိပြီး ဖြစ်၏။ နာမည်ကသာ လူလှ။ နှလုံးသားကဖြင့် ယုတ်မာညစ်ထေးလှချည့်။

သည်လိုလူမျိုးလက်ထဲသို့ မွေး မပါသင့်။ မပါထိုက်။ မွေးလည်း စိတ်ဆင်းရဲရမည်။ ရဲသူလည်း ဝေဒနာတွေနှင့် ကျန်ခဲ့မည်။

ဦးတိုးမြ အံကိုကြိတ်လိုက်သည်။ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချလိုက်သည်။

"တစ်သက်လုံး ငါ့အပေါ် ကောင်းခဲ့တဲ့ သားလိမ္မာအတွက် အဖေက တစ်လှည့်ပြန်ပြီး ကောင်းရမှာပေါ့၊ ဒီကိစ္စကို အဖေ ဖြေရှင်း ပေးမယ်၊ သားနဲ့သမီး စိတ်မဆင်းရဲစေရဘူး"

*

www.burmeseclassic.com

www.burmeseclassic.com

လက်ကျန်အရက်ကို အပြတ်ရှင်းလိုက်သည်။ ခေါင်းထဲမှာ ရီဝေလာသည်။ ရင်ထဲမှာ ပူသည်ကိုတော့ မမီ။ ပုလင်းကို ပြန်ချသည်။ ထိုင်ရာမှ ထတော့ ယိုင်ထိုးထိုး ဖြစ်နေ၏။

အိပ်ခန်းထဲသို့ ဝင်သည်။ ထရံတွင် ထိုးထားသော ဓါးမြှောင်က ဦးတိုးမြအာရုံကို ဆွဲခေါ်လိုက်၏။ ဓါးကို နုတ်ယူလိုက်သည်။ ခါးကြားတွင် ထိုးလိုက်သည်။

သည်နေ့ ဦးလူလှနှင့် စာရင်းရှင်းရမည်။ ရဲသူ အလုပ်သွားနေခိုက် အိမ်က ထွက်ရမည်။

မည်သူမျှ မမြင်အောင် မသိအောင် အိမ်ထဲမှ တိတ်တဆိတ် ထွက်လာခဲ့သော်လည်း မွေးမိခင် ဒေါ်မြတ်မွန်ကတော့ လှမ်းမြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲ ဦးတိုးမြ"

"လူလှဆီကို… "

"ရှင်… "

မူးမူးနှင့် နူတ်က လွတ်ထွက်သွားခဲ့သည်။ ဒေါ်မြတ်မွန် အံ့အားသင့် ကျန်ရစ်သည်။ ဦးတိုးမြ စကားမဆက်ဘဲ ဆက်ထွက်လာခဲ့သည်။

ဦးလူလှ အိမ်ကို ဦးတိုးမြ သိသည်။ ဟိုယခင်က အလုပ် တွဲလုပ်စဉ်က ရောက်ခဲ့ဖူးသည်လေ။

ဦးလူလှတို့ ခြံရှေ့ရောက်တော့ ခြံဝင်းတံခါးက စေ့ရုံစေ့ထားသည်ကို တွေ့ရ၏။ သော့ခတ်မထား။ အစောင့်လည်း မရှိ။ ဦးတိုးမြ တံခါးကို တွန်းဖွင့်ဝင်သည်။ အသာပြန်ပိတ်သည်။ ပြီး အိမ်ဆီသို့ လှမ်းလာခဲ့၏။ အဆင်သင့်ပင်။ အိမ်ဝင်းတံခါးကလည်း ပွင့်လျက်သား။ တံခါးကို အသာဟပြီး ဦးလူလှ၏အိမ်ထဲကို ဦးတိုးမြ ဝင်လိုက်သည်။

ဧည့်ခန်းထဲမှာ သီချင်းတီးလုံးသံတွေက ဆူညံစွာ ထွက်ပေါ်မြည်ဟီးနေ၏။ ဦးလူလှကား ဆက်တီတစ်ခုပေါ်မှာ။ ဆက်တီကို ကျောမှီလျက် ရုပ်မြင်သံကြားကို ကြည့်နေပုံ ရ၏။ သို့မဟုတ် ဖိမ်ယူပြီး သီချင်းနားထောင်နေခြင်းလည်း ဖြစ်နိုင်၏။

ဦးတိုးမြ ဘာမျှ စဉ်းစားမနေတော့။

ဦးလူလှနားသို့ ရုတ်တရက် လျင်မြန်စွာ တိုးကပ်သွားပြီး ခါးကြားမှ ခါးမြှောင်ကို နူတ်ယူကာ ဦးလူလှ၏ ရင်အုံသို့ ထိုးစိုက်ချလိုက်သည်။

"သေစမ်းကွာ… လူယုတ်မာ… "



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ရဲသူနှင့် မွေး နောက်က ရောက်လာသည်။

"ဟာ အဖေ ဘယ်လို လုပ်လိုက်တာလဲ၊ ခြေလွန်လက်လွန်တွေ တော့ ဖြစ်ကုန်ပါပြီ"

ရဲသူ အထိတ်တလန့် ရေရွတ်သည်။ မွေး မျက်လုံး ပြူးနေသည်။ ရင်တွေ ကတုန်ကယင် ဖြစ်သွားပုံ ရ၏။ ကြက်သေ သေနေသည်။ ရဲသူ ခမျာလည်း ဘာလုပ်၍ ဘာပြောရမှန်း မသိ။

ဦးတိုးမြက ပြုံးလိုက်သည်။ ရင်ကော့ပြီး–

"သားတို့ ပြဿနာကို အဖေ ရှင်းပေးလိုက်တာ၊ အားလုံး ရှင်း သွားပြီ၊ ပြန်ကြတော့" ဟု ပြောသည်။ စကားလုံးတွေက အေးအေး ဆေးဆေးပင်။

"ဟာ မဟုတ်ဘူး၊ အဖေ မှားသွားပြီ"

"မမှားပါဘူး သားရယ်၊ ဒီလိုပဲ ရှင်းမှ ဖြစ်မှာ၊ ဒီလိုလူယုတ်မာ မျိုးအတွက် ဒီနည်းဟာ အကောင်းဆုံးပဲ"

"မဟုတ်ဘူးလေ၊ အဖေ လူသတ်မှုနဲ့ ..."

"ဘာဖြစ်လဲ၊ သေဒဏ်ပေါ့၊ အဖေ ကျေနပ်တယ်၊ သားနဲ့ သမီး စိတ်ချမ်းသာဖို့"

ထိုအခိုက် အိမ်အတွင်းဘက်မှ အသံတစ်ချို့ ကြားလိုက်ကြရ သည်။

"လူတွေ လာကုန်တော့မယ်၊ အဖေ ပြန်တော့၊ သား နေခဲ့မယ်"

"ဘယ်ဖြစ်မလဲကွာ အဖေက သတ်တာပဲ၊ သား သတ်တာမှ မဟုတ်တာ"

ရဲသူ လှုပ်ရှားသွားသည်။ ဦးတိုးမြကို လှမ်းဆွဲပြီး မွေးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



တွန်းပို့ကာ "မွှေး အဖေ့ကိုခေါ်သွား... သွားတော့"ဟု ပြောသည်။ မွှေးကိုပါ တံခါးဝဘက်သို့ တွန်းသည်။

"မသွားဘူး"

"မသွားလို့ မဖြစ်ဘူး အဖေ၊ မွှေး... အဖေ့ကိုခေါ်သွား"

ရဲသူက ပြောပြောဆိုဆို ဦးလူလှအလောင်းနားသို့ ကပ်သွားပြီး ဓါးရိုးကို ပုဆိုးဖြင့် ပွတ်သုတ်လိုက်သည်။ ပြီး... ဓါးရိုးကို သူ၏ ညာလက်ဖြင့် ဆုပ်ကိုင်လိုက်သည်။ ရဲသူ အပြုအမူကို ဦးတိုးမြ နားလည်လိုက်သည်။ ဖခင်ကိုယ်စား ဝင်၍ ဓားစာခံလိုက်ခြင်းပေပဲ။ ဦးတိုးမြ ခေါင်းငိုက်စိုက်ကျသွားသည်။

"မွှေး သွားတော့ မြန်မြန်သွား၊ လူတွေ ရောက်လာတော့မယ်"

ရဲသူ၏ အမိန့်သံပါသော စကား။ မွှေးခမျာလည်း ဘာမျှ ပြန်မပြောနိုင်ဘဲ အသိကင်းလွတ်နေသူတစ်ယောက်ကဲ့သို့ ဦးတိုးမြကို အတင်းဆွဲကာ တိုက်အိမ်တံခါးမှ ပြေးဆင်းသွားသည်။ ဦးတိုးမြ ကန့်လန့် ကန့်လန့်ပါသွားရသည်။

*

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပဲပါခင်ဗျာ... ကျွန်တော့်သား မောင်ရဲသူနဲ့ မွေးခင်ခင်တို့ဟာ မိဘအပေါ် တတ်သိလိမ္မာကြတဲ့ သားသမီးကောင်းတွေ ဖြစ်ကြလေတော့ ဦးလူလှ ယုတ်မာသမျှကို မိဘတွေငဲ့ပြီး ရင်ကွဲခံကြမယ့်သဘောရှိနေခဲ့တာနဲ့ ကျွန်တော်က ကြားကဝင်ပြီး ဖြေရှင်းပေးလိုက်တာပါ၊ ဒါပေမယ့် ခင်ဗျာ... ကျွန်တော့်လုပ်ရပ်တွေက ခုတ်ရာ တခြား၊ ရှရာ တခြား ပြန်ဖြစ်နေရပြန်တယ်၊ ကျွန်တော့်သားက ကျွန်တော့်အတွက်နဲ့ လူသတ်တရားခံ ဖြစ်နေရပြန်တယ်၊ ကျွန်တော် အပြစ်ဒဏ်ခံရမှာကို စိုးရိမ်ပြီး သူ့အသက်နဲ့ ပြစ်ဒဏ်ကြွေးကို ဝင်ဆပ်တဲ့ သားရဲ့အဖြစ်ကို ကျွန်တော် ဘယ်လိုမှ မကြည့်ရက်နိုင်လို့ ခုလို ဖွင့်ဟဝန်ခံရတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိတဲ့သားလေးကို လွှတ်ပေးပါ၊ တကယ်လူသတ်ခဲ့တဲ့ ကျွန်တော့်ကို အပြစ်ပေးပါ၊ ကျွန်တော့်ကို ဖမ်းပါ၊ ကျွန်တော့်ကို ပြစ်ဒဏ်ချပါ၊ သားလေးမှာ အပြစ်မရှိပါဘူး တရားသူကြီးမင်း ခင်ဗျား"

ပြောရင်း ပြောရင်းမှာပင် ဦးတိုးမြအသံတွေလည်း ကြေကွဲဆို့နင့် တိမ်ဝင်သွားသည်။ ရဲသူကလည်း မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ရှိုက်ကြီးတငင် ငိုနေပြီ။ မွေးခင်ခင်မှာလည်း သူ့မိခင်ရင်ခွင်မှာ တသိမ့်သိမ့်။ ဒေါ်မြတ်မွန်မှာလည်း မျက်ရည်တွေနှင့်။

အခြေအနေတွေက ရှုပ်ထွေးသည်ထက် ရှုပ်ထွေးသွားတော့သည်။ တရားခွင်မှာ တရားခံက နှစ်ယောက်ဖြစ်သွားခဲ့လေပြီ။

ကျွန်တော်က ရှားပြောခဲ့သော...

"ရှားက ရှင်းနေတာကို ရှုပ်အောင်ပြန်လုပ်တာ၊ ပြီးမှ ရှား ပြန်ရှင်းမယ်" ဟူသောစကားကို ဖျတ်ခနဲ အမှတ်ရလိုက်သည်။ ရှား မည်သို့ ရှင်းပါမည်နည်း။

ကျွန်တော့်ရင်မှာတော့ စိတ်မကောင်းခြင်းတွေ၊ ဝမ်းနည်းခြင်းတွေ၊ စိုးရိမ်ပူပန်ခြင်းတွေ၊ ရင်နင့်ကြေကွဲခြင်းတွေ၊ ကိုယ်ချင်းစာနာခြင်းတွေဖြင့် ပေါင်းရုံးမောဟိုက်နေသည်။

ရှားကို လှမ်းကြည့်မိ၏။ ရှား မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်နေသော်လည်း တည်တည်ငြိမ်ငြိမ်ကလေး ထိုင်လျက်ရှိလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

"လေးစားအပ်ပါသော တရားသူကြီးမင်းရှင့်၊ ဒီအမှုမှာ ဖြောင့်ချက်ပေး ထွက်ဆိုသူတစ်ဦး ပေါ်လာတဲ့အတွက် အမှုက ရှုပ်ထွေးသွားပါတယ်၊ တစ်ပြိုင်တည်းမှာပဲ သက်သေခံအသစ်တွေ ထပ်မံတွေ့ရှိတဲ့အတွက် ရုံးတော်ကို နောက်ဆက်တွဲသက်သေခံများအနေနဲ့ တင်ပြထားပြီး ဖြစ်ပါတယ်၊ ဒါတွေနဲ့ ပတ်သက် ဆက်စပ်နေတဲ့ အမှုတစ်ခုလုံးရဲ့ ကွင်းဆက်တွေကို ကျွန်မအနေနဲ့ ချိတ်ဆက်တင်ပြဖို့ အသင့်အနေအထား ရှိနေပြီ ဖြစ်ပါတယ်၊ ဒီအချက်တွေဟာ ယခုအမှုမှာ ရှုပ်ထွေးနေတာကို ရှင်းလင်းစေမှာဖြစ်ပြီး မှန်ကန်တိကျတဲ့ စီရင်ချက်ကို ချမှတ်စေနိုင်ဖို့ ရုံးတော်ကို အထောက်အကူ ပြုမှာ ဖြစ်တဲ့အတွက် တင်ပြခွင့် ပြုဖို့ ပန်ကြားအပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှားက နေရာမှထလျက် တရားသူကြီးကို ဦးညွှတ်ပြီးနောက် စတင်၍တင်ပြလိုက်လေသည်။ တရားခွင်ကို ရောက်ရှိနေကြသူများ၏ အာရုံသည် ရှား၏ ဆွဲဆောင်မှုကောင်းလှသော ရှင်းလင်း ပီသပြတ်သားသော တင်ပြလျှောက်လဲချက်ထဲတွင် ပါဝင်နှစ်မျောသွားကြသည်။

"ကောင်းပြီ... တင်ပြပါ"

တရားသူကြီးက ခွင့်ပြုသည်။

"တရားခံပြသက်သေဖြစ်တဲ့ မမွှေးခင်ခင်ကို ကျွန်မ ဦးစွာ မေးလိုပါတယ်"

တရားသူကြီးက ခွင့်ပြုကြောင်း ပြောသည်။

"မမွှေးခင်ခင် ကျမ်းကျိန်ပြီး ဖြေဆိုပါ"

"ဟုတ်ကဲ့"

"ဦးလူလှ အိမ်ကို မောင်ရဲသူနဲ့ မမွှေးခင်ခင်တို့ လိုက်လာကြတာလို့ ဦးတိုးမြက ထွက်ဆိုသွားပါတယ်၊ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဘာကြောင့် လိုက်လာတာပါလဲ"

"အဘ အဲ ဦးတိုးမြက ဦးလူလှဆီကို သွားမယ်လို့ ပြောသွားတဲ့အတွက် မေမေက စိတ်ပူကြောင်း ကျွန်မကို ပြောပါတယ်၊ ကျွန်မက ချက်ချင်းပဲ ကိုရဲ အလုပ်လုပ်နေရာကို ပြေးပြောပြီး ကျွန်မတို့နှစ်ယောက် လိုက်လာတာပါ"

"ဟုတ်ပါပြီ၊ မမွှေးခင်ခင်တို့ ရောက်သွားတော့ ဘာတွေ့ရလဲ"

"ဦးတိုးမြက ဦးလူလှနားမှာ ရပ်နေပါတယ်၊ ဦးလူလှ ရင်ဘတ်က ဓါးတန်းလန်းနဲ့ပါ၊ ဆက်တီပေါ်မှာ ဇက်တင်ပြီး လဲနေပါတယ်၊ ဦးတိုးမြက သားတို့ပြဿနာကို အဖေ ရှင်းပေးလိုက်တာ၊ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသွားပြီလို့ ပြောပါတယ်”

“ဦးလူလု သေနေပြီလား”

“ထင်ပါတယ်၊ အသေအချာ မသိပါဘူး”

“မောင်ရဲသူ ဘာလုပ်လဲ”

“ကိုရဲက ဦးတိုးမြကို ပြန်ဖို့ ပြောပါတယ်၊ ဦးတိုးမြက လက်မခံပါဘူး၊ ဒီလိုဖြစ်နေတုန်း အိမ်နောက်ဘက်ဆီက လူသံတွေ ကြားရပါတယ်၊ အဲဒါနဲ့ ကိုရဲက ဦးတိုးမြကို အတင်းတွန်းဖယ်ပြီး ဓါးလက်ကိုင်ကို သူ့ပုဆိုးနဲ့သုတ်ပြီး သူ့ညာလက်နဲ့ ဆုပ်ကိုင်လိုက်ပါတယ်၊ ‘မွေး အဖေ့ကိုပြန်ခေါ်သွား မြန်မြန်လို့’ ကျွန်မကို စေခိုင်းပါတယ်၊ ကျွန်မလည်း ကြောက်ရွံ့တုန်လှုပ်နေတာနဲ့ ဘာမှ တွေးမနေတော့ဘဲ ဦးတိုးမြကို အတင်းဆွဲခေါ်ပြီး ပြန်လာခဲ့ပါတယ်”

“ကျေနပ်ပါပြီ မမွေးခင်ခင်”

မွေး နေရာသို့ ပြန်သွားသည်။

ရှားက တရားသူကြီးဘက် လှည့်လိုက်သည်။

“လေးစားအပ်ပါသော တရားသူကြီးမင်းရှင့်၊ ဒီအမှုနဲ့ ပတ်သက်ပြီး တရားခံအကျိုးဆောင်ဖြစ်တဲ့ ကျွန်မက အပိုင်း(၃)ပိုင်းခွဲပြီး တင်ပြလျှောက်လဲပါမယ်”

ရှားအသံက စန္ဒယားခလုတ်ကလေးများကို တစ်ခုချင်း တို့ထိလိုက်သလို ပီသ ကြည်လင်စွာ ထွက်ပေါ်လာ၏။ လျှောက်လဲ တင်ပြနေပုံမှာ ကေသရာဇာ ခြင်္သေ့မင်းပမာ ရဲရင့် ပြည့်ဝလှသည်။ တရားခွင်ရှိ လူအားလုံး၏ အာရုံများကို ရှား စကားများက သိမ်းကျုံးဆွဲခေါ်သွားသည်။

တရားသူကြီးက ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပထမပိုင်းအနေနဲ့ တင်ပြမှာကတော့ တရားခံအဖြစ် ဦးစွာ စွဲချက်တင်ခံထားရတဲ့ မောင်ရဲသူဟာ အပြစ်ကျူးလွန်သူတစ်ဦး မဟုတ်ကြောင်းနဲ့ အဲဒီလို အပြစ်ကျူးလွန်သူ မဟုတ်တဲ့အတွက် အမှုမှ တရားသေကွင်းလုံးကျွတ် လွှတ်ပေးဖို့ ဖြစ်ပါတယ်...

"ဒီအကြောင်းကို ရှင်းလင်းအောင် ကျွန်မ တင်ပြပါ့မယ်၊ မောင်ရဲသူနဲ့ ဖခင်ဖြစ်သူ ဦးတိုးမြတို့ဟာ အဖေတစ်ခု သားတစ်ခုဘဝနဲ့ ချစ်ခင်ရင်းနှီးစွာ အပြန်အလှန် မှီခိုရပ် တည်နေကြသူများ ဖြစ်ပါတယ်၊ မောင်ရဲသူရဲ့မိခင် နာမကျန်းဖြစ်ပြီး ကွယ်လွန်သွားခဲ့ချိန်ကစလို့ ဦးတိုးမြဟာ ဇနီးသည်ရဲ့စိတ်နဲ့ အရက်တွေ ဖိသောက်ရာက အရက်ရဲ့ကျေးကျွန်ကြီး ဖြစ်ခဲ့ရပါတယ်၊ အဲဒီအချိန်မှာ မောင်ရဲသူဟာ ရှစ်နှစ် ကိုးနှစ်ပဲ ရှိပါဦးမယ်၊ အဲဒီအချိန်ကစပြီး မောင်ရဲသူဟာ ဖခင်ကို ပြုစုစောင့်ရှောက်လာခဲ့တာပါ၊ ကျောင်းတက်ရင်း အလုပ်လုပ်ပြီး... အလုပ်လုပ်တယ်ဆိုတာက ဈေးရောင်းတာပါ၊ ဖခင်ကို လုပ်ကျွေးခဲ့ပါတယ်...

"နောက်ပိုင်းမှာ ဦးတိုးမြဟာ အလုပ် မလုပ်နိုင်တော့တဲ့အထိ ဖြစ်လာခဲ့တော့ မောင်ရဲသူဟာ အလုပ်လုပ်ရင်း ပညာသင်၊ ပညာသင်ရင်း ဖခင်ကို စောင့်ရှောက်လုပ်ကျွေးခဲ့ပါတယ်၊ အရက်သမား ဖခင်ကြီးရဲ့ ဆိုးသမျှ အနွံ့အတာကို မညည်းမညူ ခံယူပြီး ပြုစုလုပ်ကျွေးခဲ့တာဟာ ရှားပါးလှစွာသော သားကောင်းသားမြတ်လေးတစ်ဦးလို့ ဆိုရပါမယ်၊ တက္ကသိုလ်ဝင်တန်းကို မောင်ရဲသူဟာ ဂုဏ်ထူးနှစ်ခုနဲ့ အောင်ခဲ့ပေမယ့် ဖခင်ကိုလုပ်ကျွေးရမယ့်တာဝန်ကို ဦးထိပ်ထားပြီးဆုံးဖြတ်ခဲ့လို့ တက္ကသိုလ်တက်ဖို့ အခွင့်အလမ်းကိုတောင် စွန့်လွှတ်ခဲ့သူ ဖြစ်ပါတယ်...

"ဒီလို နေလာကြရင်း ငယ်သူငယ်ချင်းဖြစ်တဲ့မွေးခင်ခင်နဲ့ မေတ္တာမျှပါတယ်၊ မွေးဆိုတဲ့ မွေးခင်ခင်ဟာလည်း အမေတစ်ခု သမီးတစ်ခုဘဝနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်နေရတဲ့ လိမ္မာတဲ့ မိန်းကလေးတစ်ဦး ဖြစ်ပါတယ်၊ မောင်ရဲသူနဲ့ တစ်နှစ်တည်း တက္ကသိုလ်ဝင်တန်းကို အောင်မြင်ပြီး တက္ကသိုလ်တက် နေသူ ဖြစ်ပါတယ်၊ မွေးတို့ဟာ ဟိုတစ်ချိန် ဖခင်ရှိစဉ်က မကြောင့်မကြ နေနိုင်ခဲ့ပေမယ့် ဖခင်ကွယ်လွန်ချိန်မှာ သားအမိနှစ်ဦး ဒုက္ခအဖုံဖုံနဲ့ ကြုံခဲ့ရပါတယ်၊ အဲဒီအချိန်မှာ ဦးလူလှဆီက ငွေကြေးတွေ ချေးယူခဲ့ရ ပါတယ်၊ သားအမိနှစ်ဦး ရပ်တည်ရေး၊ မွေး တက္ကသိုလ်တက်ရေးနဲ့ ပတ်သက်ပြီး လိုအပ်တာကို မိခင်ဖြစ်သူက သမီး စိတ်ဆင်းရဲမှာစိုးလို့ အသိမပေးဘဲ ဦးလူလှရဲ့ အကူအညီကို ယူခဲ့တာပါ၊ နောက်ဆုံးတော့ ဒီအခွင့်ကောင်းကိုအသုံးချပြီး အကြံသမား ဦးလူလှက မွေးကို လက်ထပ် ချင်တယ်လို့ တောင်းဆိုလာပါတယ်၊ ဒါဟာ မောင်ရဲသူနဲ့ မမွေးခင်ခင် တို့ရဲ့ အပူမီးကို မွေးလိုက်တာပါပဲ...

"ထွက်ပေါက်မဲ့အနေအထားကို ရောက်သွားလို့ သောကပင်လယ် ဝေနေတဲ့ သားနဲ့ သားရဲ့ ချစ်သူကိုမြင်တော့ အရက်သမားကြီး ဦးတိုးမြ ဟာ ရင်နဲ့မမျှ ခံစားရပါတယ်၊ နောက်ဆုံးတော့ ဆုံးဖြတ်ချက်ချ လိုက်တယ်၊ တစ်သက်လုံး သူ့အပေါ်ကောင်းခဲ့တဲ့ သားကို ဒီတစ်ကြိမ် မှာတော့ သူက ပြန်ကောင်းရမယ်၊ သူ အနစ်နာခံပြီး မောင်ရဲသူရဲ့ဘဝ လမ်းက ဆူးငြောင့်ခလုတ်ကို ရှင်းမယ်ဆိုတဲ့ မိဘမေတ္တာနဲ့ ဦးလူလှ ဆီကို သွားပြီး ဦးလူလှကို ဓါးနဲ့ ထိုးခဲ့ခြင်း ဖြစ်ပါတယ်၊ ဒါကို ဦးတိုးမြ ကိုယ်တိုင် တရားသူကြီး မင်းရှေ့မှောက်မှာ ဝန်ခံဖြောင့်ချက်ပေးပြီး ဖြစ်ပါတယ်၊ ပြီးတော့ စောစောကပဲ တရားခံပြသက်သေ မွေးခင်ခင်ကို လည်း တရားသူကြီး ရှေ့မှောက်မှာ မေးမြန်းပြီးဖြစ်ပါတယ်...

"သူတို့ရဲ့ထွက်ချက်တွေဟာ ညီညွတ်နေတဲ့အတွက် ဦးလူလှ ရင်ဝမှာ ထိုးစိုက်နေတဲ့ဓါးဟာ ဦးတိုးမြ ထိုးခြင်းဖြစ်ပြီး မောင်ရဲသူနဲ့

www.burmeseclassic.com



လုံးဝသက်ဆိုင်ခြင်းမရှိဘူးဆိုတာ ထင်ရှားပါတယ်၊ ဒါဟာ ဖခင်အပြစ်ရောက်မှာစိုးလို့ သားလိမ္မာဖြစ်တဲ့ မောင်ရဲသူက ဝင်ပြီးခံစားခံခဲ့တဲ့အပြစ်ဆိုတာလည်း ထင်ရှားပါတယ်၊ ဒါကြောင့် မောင်ရဲသူကို ပုဒ်မ ၃၀၂ နဲ့ လူသတ်တရားခံအဖြစ် စွဲချက်တင်ထားရာကနေ ကွင်းလုံးကျွတ်လွှတ်ပေးပါရန် လျှောက်လဲတင်ပြပါတယ်"

ရှားက စကားကို ခေတ္တရပ်လိုက်သည်။ တရားခွင်မှာ အပ်ကျသံကြားရလောက်အောင် ငြိမ်သက်နေဆဲ။ ဦးတိုးမြ မျက်နှာမှာ ပြုံးရိပ်သန်းလာသည်ကို မြင်ရသော်လည်း မောင်ရဲသူမှာမူ ခေါင်းငိုက်စိုက်နှင့်ပင်။

"ဒုတိယပိုင်းအနေနဲ့ တင်ပြလိုတာက…"

ရှားက စကားကို ပြန်ဆက်သည်။

"ဒုတိယအနေနဲ့ တရားခံနေရာကို ရောက်လာတဲ့ ဦးတိုးမြဟာ လူသတ်တရားခံ မဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ"

ရှားစကားက တရားခွင်ကို ဝေါခနဲ လှုပ်ရှားသွားစေသည်။

"ဒီအပိုင်းကို ရှင်းလင်းတင်ပြနိုင်ဖို့ တရားသူကြီးမင်းထံမှာ ကြိုတင်ခွင့်ပန်ပြီး ဖြစ်တဲ့အတိုင်း တရားလိုသက်သ (၅) မှူခင်းဆိုင်ရာ ဆရာဝန်ကြီးကို ပြန်ခေါ်သက်သေအဖြစ် ဦးစွာ စစ်မေးခွင့်ပြုစေလိုပါတယ်"

မှူခင်းဆရာဝန်ကြီး ရှေ့သို့ ထွက်လာသည်။ ရှားက ဆရာဝန်ကြီးကို အပြုံးဖြင့် ဦးကလေး ညွှတ်လိုက်သည်။

"ဆရာဝန်ကြီးရှင့်၊ ဆရာဝန်ကြီးက ဦးလှလှသေဆုံးမှုနဲ့ ပတ်သက်ပြီး အလောင်းကို စစ်ဆေးမှတ်ချက်ပေးခဲ့တာ မှန်ပါတယ်နော်"

"မှန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ကြီးရဲ့ ဆေးစာကို ယခင် တရားခွင်မှာ တင်ပြစဉ်တုန်းက အချက်များကို ကျွန်မ ပြန်တင်ပြရရင် ဦးလူလှရဲ့ ခန္ဓာကိုယ်မှာ ထိုးသွင်း ဓါးဒဏ်ရာ နှစ်ချက် တွေ့ရှိရကြောင်း၊ ဘယ်ဘက်နံကြားက ထိုးသွင်းတဲ့ ဓါးချက်ဟာ နှလုံးထိ ဖောက်ဝင်လို့ အဲဒီ ဒဏ်ရာနဲ့ သေဆုံးခြင်း ဖြစ်နိုင်ကြောင်း၊ ရင်အုံက ဓါးဒဏ်ရာဟာ နံရိုးကို ဓါးဦးနဲ့ ထိုးမိပြီးမှ အသားထဲ နစ်ဝင်တာဖြစ်လို့ အတွင်းပိုင်းက အသည်းနှလုံး၊ သရက်ရွက်၊ အဆုတ် စတာတွေကို မထိခိုက်ကြောင်းဆိုပြီး ဖော်ပြထားပါတယ်၊ မှန်ပါသလားရှင်"

"မှန်ပါတယ်"

"ဟုတ်ကဲ့... ဆရာဝန်ကြီးရှင့်၊ ယခင်က ဆရာဝန်ကြီးရဲ့ ဆေးစစ်ချက်ဟာ အမှုက ရှင်းနေ စင်းနေတဲ့အတွက် လုံလောက်ဟန်ရှိခဲ့ပေမယ့်လည်း အခုအခါမှာတော့ အမှုသွား အမှုလာက ရှုပ်ထွေးပြီး အငြင်းပွားဖွယ်ရာ ဖြစ်လာတဲ့အတွက် ဆရာဝန်ကြီးရဲ့ ပညာ၊ ဆရာဝန်ကြီးရဲ့ ကျွမ်းကျင်မှု၊ ဆရာဝန်ကြီးရဲ့ အတွေ့အကြုံပေါ်မှာ လူတစ်ယောက်ရဲ့ အပြစ်ဒဏ်ကျခံရေး၊ မကျရေးဟာ မူတည်နေပါတယ်၊ ဒါကြောင့် ခွဲစိပ်စစ်ဆေးခဲ့တဲ့ အတွေ့အကြုံပေါ်မှာ မူတည်ပြီး ကျွန်မ မေးတာကို ဆရာဝန်ကြီးက ရှင်းရှင်းလင်းလင်း တိတိကျကျ ဖြေပေးစေချင်ပါတယ်"

"ကောင်းပါပြီ... မေးပါ"

"ကျွန်မက အလောင်းကို မမြင်ခဲ့ရပါဘူး၊ ဒါပေမယ့် အမှုစစ်အရာရှိ ရိုက်ထားတဲ့ ဓါတ်ပုံကိုပဲ တွေ့ခဲ့ပါတယ်၊ ဆရာဝန်ကြီး တဆိတ်ကြည့်ပေးပါ"

ရှားက မှုခင်း ဆရာဝန်ကြီးအား ဓါတ်ပုံကို ပြသည်။

"ဓါးဒဏ်ရာ နှစ်ချက် ရှိပါတယ်၊ ဘယ်ဘက်နံကြားက ဝင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခါးဟာ ပထမခါးချက် ဖြစ်ပါတယ်၊ သွေးတွေ အိုင်ထွန်းနေတာကို အကျီက သက်သေခံနေပါတယ်၊ ခါးစိုက်ဝင်နေတဲ့ ခါးဒဏ်ရာဟာ ဒုတိယခါးချက်လို့ ဆရာဝန်ကြီး မှတ်ချက်ပြုထားပါတယ်၊ အဲဒီဒဏ်ရာမှာတော့ သွေးက စို့ရုံပဲ ရှိနေတာကို တွေ့ရပါတယ်၊ အဲဒါ ဘာကြောင့်ပါလဲရှင်”

“ဆေးစာမှာ ကျွန်တော်တင်ပြခဲ့သလို ပထမဓားချက်ဖြစ်တဲ့ ဘယ်ဘက်နံကြားက ဝင်တဲ့ ခါးချက်ဟာ နှလုံးကို ထိပြီး အဲဒီဒဏ်ရာကြောင့် သေဆုံးခြင်းဖြစ်နိုင်ပါတယ်၊ အဲဒီလိုသေဆုံးပြီးမှ ဒုတိယခါးချက်က ရင်အုံကို စိုက်ဝင်တာကြောင့်လို့ ယူဆနိုင်ပါတယ်”

“ဆရာဝန်ကြီးရှင့်၊ မသေခင် ထိုးသွင်းတဲ့ဒဏ်ရာနဲ့ သေဆုံးပြီးမှ ထိုးသွင်းတဲ့ဒဏ်ရာဟာ ဒဏ်ရာအနေအထား မတူဘူးလို့ ကျွန်မသိရပါတယ်၊ မသေခင် ထိုးသွင်းတဲ့ဒဏ်ရာမှာ နှုတ်ခမ်းတွေ စုတ်ပြတ်နေမယ်၊ ရောင်ရမ်းနေမယ်၊ ညိုမည်းနေမယ်၊ သွေးခြည်ဥနေမယ်၊ သွေးထွက်မယ်၊ ဒဏ်ရာပေါ်မှာ သွေးခဲမယ်၊ သေပြီးမှ ထိုးသွင်းတဲ့ဒဏ်ရာကျတော့ အဲဒီလို မရှိနိုင်ဘူးတဲ့၊ ဒီတော့ ဆရာဝန်ကြီး စစ်ဆေးခဲ့တဲ့ ဦးလူလှအလောင်းက ခါးဒဏ်ရာနှစ်ချက်ကို အာရုံပြန်သွင်းပြီး ခွဲခြားပေးနိုင်ပါသလားရှင်”

“အင်း… ရှေ့နေကြီး ပြောတာတွေ မှန်ပါတယ်၊ မသေခင် ထိုးသွင်းတဲ့ဒဏ်ရာနဲ့ သေပြီးမှထိုးသွင်းတဲ့ဒဏ်ရာဟာ မတူပါဘူး၊ ဦးလူလှအလောင်းက ဒဏ်ရာနှစ်ခုက အဲဒီလိုကွာနေတယ်လို့ ဆိုရပါမယ်၊ ပထမခါးချက်ဖြစ်တဲ့ နံဘေးက ခါးဒဏ်ရာမှာ နှုတ်ခမ်းစုတ်ပြတ်နေတယ်၊ ရောင်ရမ်းနေတယ်၊ သွေးခြည်ဥနေတယ်၊ သွေးလည်း အများကြီးထွက်တယ်၊ ပြီးတော့ နှလုံးကို ဖောက်ဝင်ပြီး သွေးပြန်ကြောကို ပြတ်



www.burmeseclassic.com

www.burmeseclassic.com



စေတဲ့အတွက် သွေးထွက်လွန်တယ်၊ ဒါကြောင့် ဦးလူလုဟာ အဲဒီဒဏ်ရာနဲ့တင် သေဆုံးတယ်လို့ ကောက်ချက်ချရပါမယ်၊ ရင်အုံက ဓါးဒဏ်ရာမှာကတော့ စုတ်ပြတ်ရောင်ရမ်းတာ၊ သွေးခြည်ဥတာ မရှိပါဘူး၊ ဒါကြောင့် သေပြီးမှ ထိုးတဲ့ဒဏ်ရာဖြစ်တယ်လို့ မှုခင်းဆိုင်ရာဆေးပညာက သက်သေခံနိုင်ပါတယ်”

“ကျေးဇူးတင်ပါတယ် ဆရာဝန်ကြီးရှင့်၊ ဆရာဝန်ကြီး တတ်ထားတဲ့ပညာနဲ့ လူတစ်ယောက်ရဲ့အသက်ကို ကယ်လိုက်တဲ့အတွက် ဆရာဝန်ကြီးရဲ့ ထွက်ဆိုချက်တွေကို ကျွန်မ အသည်းနှလုံးထဲက အလေးအနက် ဦးညွှတ်လိုက်ပါတယ်ရှင်”

မှုခင်းဆရာဝန်ကြီး ပြန်ထိုင်သွားသည်။ ရှားက ကျေနပ်ကြည်လင်သောမျက်နှာဖြင့် တရားသူကြီးဘက်သို့လှည့်၍ ဦးညွှတ်လိုက်ပြန်သည်။

“လေးစားအပ်ပါသော တရားသူကြီးမင်းရှင့်၊ တရားသူကြီးမင်းရဲ့ရှေ့မှောက်မှာ ထွက်ဆိုသွားတဲ့ မှုခင်းဆရာဝန်ကြီးရဲ့ ထွက်ဆိုချက်အရ ဦးတိုးမြထိုးစိုက်ခဲ့တဲ့ဓါးချက်ဟာ ဦးလူလု သေဆုံးနေပြီးမှ သေဆုံးနေမှန်းမသိဘဲ ထိုးခဲ့တဲ့ဓါးချက် သာဖြစ်ပါတယ်၊ ဦးတိုးမြ ထိုးခဲ့တာဟာ ဒီဓါးချက်တစ်ချက်တည်းပါ၊ ဒါကြောင့် ဦးတိုးမြရဲ့ပြစ်မှုကို ပြန်လည်ဆင်ခြင်သုံးသပ်ပေးစေလိုပါတယ်၊ ဦးတိုးမြဟာ အဲဒီနေ့က သားအပေါ်ထားတဲ့မေတ္တာနဲ့ အကြံပက်စက်တဲ့ဦးလူလုကို ဒေါသထွက်ပြီး အပြတ်ရှင်းချင်ခဲ့တာပါ၊ ဒါဟာ သားဇောဖြစ်ပါတယ်၊ သားကိုချစ်တဲ့ မိဘမေတ္တာကြောင့်ဖြစ်ရတာပါ၊ ဒါကို သားသမီးရှိတဲ့မိဘတိုင်းက စာနာနိုင်ကြမှာပါ၊ ဒါပေမယ့် ဦးတိုးမြ ဓါးနဲ့ထိုးချိန်မှာ ဦးလူလုက သေဆုံးနေပါပြီ၊ ဒါကြောင့် သေဆုံးနေသူကို ဓါးနဲ့ထိုးတဲ့ ဦးတိုးမြဟာ ပုဒ်မ

www.burmeseclassic.com



၃၀၂ နဲ့ အကျုံးမဝင်ပါဘူး၊ မောင်ကျော့ကံခဲနဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ၁၉၆၅၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာမျက်နှာ(၈၅)မှာ မောင်ကျော့ကံခဲဟာ သေဆုံးနေပြီးဖြစ်တဲ့ ဦးအိုးကို ဓါးနဲ့ ထိုးခဲ့တာ ပြစ်မှုမမြောက်လို့သတ်မှတ်ပြီး အမှုက လွှတ်ခဲ့တဲ့ သာဓကရှိပါတယ်၊ ဒါကြောင့် ဦးတိုးမြကို စာနာစွာဖြင့် သုံးသပ်ပြီး အပြစ်မှ လွှတ်သင့်ကြောင်း လျှောက်လဲတင်ပြအပ်ပါတယ်"

တရားခွင်မှ လူများ၏ တီးတိုးဝေဖန်သံများ ပေါ်ထွက်လာသည်။ စောစောက ခေါင်းငိုက်စိုက်ကျနေသောရဲသူ ခေါင်းမော့လာ၏။ မျှော်လင့်ချက်များဖြင့် တောက်ပလာသော သူ့မျက်လုံးများက ရှားထံသို့လေးစားကြည်ညိုစွာ လှမ်းကြည့်သည်။ အနီးတွင်ရှိသော ဖခင်၏ လက်ကိုလည်း လှမ်း၍ဆုပ်သည်။ ရဲသူ၏ မျက်နှာသည် စောစောကလို မဟုတ်တော့ဘဲ အားပြန်တက်လာဟန် အထင်အရှား။

ဦးတိုးမြကလည်း ရှားကို တစ်လှည့်၊ သားကို တစ်လှည့် ကြည့်နေသည်။ မွေးခများလည်း ဝမ်းသာရွှင်ပျသော အမူအရာဖြင့် မိခင်ကို ဖက်ထားလိုက်ကာ တစ်စုံတစ်ရာ တီးတိုးပြောနေသည်။

ယခုမှ ပွဲက ပို၍ကြည့်ကောင်းလာသလိုပင်။

တရားသူကြီးထံမှ စကားတစ်စုံတစ်ရာ ထွက်မလာသေး။

ရှားက တရားရုံးတစ်ခွင်လုံးကို ဝေ့၍ မျက်စိကစားလိုက်ပြီးနောက် တရားသူကြီးဘက်သို့ ပြန်လှည့်ကာ သူမ၏ တင်ပြမှုကို ပြန်လည်စတင်လိုက်သည်။ သူမ၏ အမူအရာမှာ ငယ်ရွယ်နုပျိုသော်လည်း ရင့်ကျက်ပြည့်ဝမှုများဖြင့် ဝန်းရံကာ တင့်တယ်ခန့်ညားနေသည်။ ပြောဆိုဟန်နှင့် လေယူလေသိမ်းမှာ ဩဇာပြည့်ဝပြီး အားလုံးသော လူတို့၏အာရုံကို ဖမ်းစားထားနိုင်သည်။ ရဲဝံ့ခိုင်မာပြတ်သားတိကျသော ရှား၏



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လဲချက်ထဲတွင် ကျွန်တော်တို့အားလုံး နစ်မျောပါဝင်သွားရပြန်ပါသည်။

"လေးစားအပ်ပါသော တရားသူကြီးမင်းရှင့်၊ အခု တတိယပိုင်းကို ဆက်လက် တင်ပြလျှောက်ထားပါ့မယ်၊ စွဲချက်တင်ခံရသူတွေကို အပြစ်မရှိကြောင်း တင်ပြလျှောက်လဲသူ ကျွန်မအနေနဲ့ အပြစ်ရှိတဲ့သူ၊ အပြစ်ကျူးလွန်တဲ့သူ၊ တရားခံ အစစ်အမှန်ကိုလည်း ဖော်ထုတ်တင်ပြဖို့ ရှိတယ်လို့ တင်ပြလိုပါတယ်၊ မှန်ပါတယ်၊ အခု ကျွန်မက တရားခံအစစ်ကို ပြပါမယ်"

တရားခွင်တွင် လှုပ်ရှားသွားပြန်သည်။ ဝေဖန်စကားသံတွေဖြင့် တစ်ခဏ ညံစီလာပြီးနောက် ပြန်ငြိမ်သွားသည်။

"ဒီအပိုင်းကို ရှင်းလင်း ပီပြင်စွာတင်ပြနိုင်ဖို့ ပြန်ခေါ် သက်သေ (၂)ဦးကိုလည်း ခေါ်ထားပါတယ်၊ တရားသူကြီးမင်းရှေ့မှောက်မှာလည်း နောက်ဆက်တွဲသက်သေခံများအဖြစ်နဲ့ နောက်ဆက်တွဲသက်သေခံ(က)၊ နောက်ဆက်တွဲသက်သေခံ(ခ)၊ နောက်ဆက်တွဲသက်သေခံ(ဂ)၊ နောက်ဆက်တွဲသက်သေခံ(ဃ)၊ နောက်ဆက်တွဲသက်သေခံ(င)နဲ့ နောက်ဆက်တွဲသက်သေခံ(စ)တို့ကို တင်ပြထားပါတယ်၊ ပထမဆုံးပြန်ခေါ်သက်သေအဖြစ်နဲ့ အမှုစစ်အရာရှိ ရဲအုပ်ဝင်းမောင်ထွန်းကို ကျွန်မအနည်းငယ် မေးမြန်းလိုပါတယ်ရှင်၊ ခွင့်ပြုပါ"

ရဲအုပ်ဝင်းမောင်ထွန်း ထိုင်ရာမှ ထကာ ရှေ့သို့ ထွက်လာသည်။

"အမှုစစ်အရာရှိမင်းရှင့် ... အခု တရားသူကြီးရှေ့မှောက်မှာ တင်ပြထားတဲ့ သက်သေခံပစ္စည်းတွေဟာ အချင်းဖြစ်တဲ့နေရာက သိမ်းရရှိလာခဲ့တာ ဟုတ်ပါသလားရှင်"

"ဟုတ်ပါတယ်၊ အချင်းဖြစ်တဲ့နေရာ ဦးလူလှ ခြံဝင်း၊ နေအိမ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြံဝန်းတွေထဲက ပစ္စည်းတွေ ဖြစ်ပါတယ်၊ အဲဒါတွေက နောက်ဆက်တွဲ သက်သေခံ (က) နီပြာခဲတံ တစ်ချောင်း၊ နောက်ဆက်တွဲ သက်သေခံ (ခ) ဓါး၊ နောက်ဆက်တွဲ သက်သေခံ (ဂ) ဦးလူလု ဧည့်ခန်းက ခန်းဆီးနဲ့ နောက်ဆက်တွဲ သက်သေခံ (ဃ) ဦးလူလု အိမ်ခန်းတံခါးသော့မှာ တွေ့ ရတဲ့ သွေးစက်နဲ့ အိမ်ခန်း ကြမ်းပြင်ပေါ်က သွေးစက်တွေကို ခြစ်ယူထားတဲ့အမှုန့်များ ဖြစ်ပါတယ်၊ နောက်ဆက်တွဲ သက်သေခံ (င)ကတော့ တရားလိုပြသက်သေ (၄) ဆီက သိမ်းဆည်းထားတာပါ၊ နောက်ဆက်တွဲ သက်သေခံ (စ) ကတော့ အချင်းဖြစ်နေရာကသိမ်းလာခဲ့တဲ့ ကြယ်သီးပါ"

"အဲဒီ သက်သေခံ (က) ဖြစ်တဲ့ နီပြာခဲတံ၊ သက်သေခံ (ခ) ဖြစ်တဲ့ ဓါးပေါ်က လက်ဗွေရာတွေကို စစ်ဆေးပြီးပါပြီလား"

"စစ်ဆေးပြီးပါပြီ၊ အဲဒီ သက်သေခံ ပစ္စည်းတွေကို အင်းစိန် စီအိုင်ဒီ၊ မှုခင်းနဲ့ သိပ္ပံ စစ်ဆေးရေးဌာနကို ပို့ပြီး စစ်ဆေးပါတယ်၊ ရရှိတဲ့ အဖြေကိုပါ ပူးတွဲ တင်ပြထားပါတယ်"

"သက်သေခံ (ဂ) အဖြစ် တင်ပြထားတဲ့ အချင်းဖြစ် ဦးလူလုရဲ့ ဧည့်ခန်းက သွေးစွန်းနေတဲ့ခန်းဆီးရယ်၊ သက်သေခံ (ဃ)ဖြစ်တဲ့ ဦးလူလု အိပ်ခန်းမှာ တွေ့ရတဲ့ သွေးစက်တွေကိုရော စစ်ဆေးပြီးပါပြီလား"

"စစ်ဆေးပြီးပါပြီ၊ စီအိုင်ဒီက ပြန်ကြားချက်ကိုလည်း တင်ပြထားပါတယ်"

"အဲဒီသွေးစက်တွေက ဘယ်သူ့ သွေးစက်တွေပါလဲ"

"သေဆုံးသူ ဦးလူလုရဲ့ သွေးစက်တွေ ဖြစ်ပါတယ်"

"ဒါဆိုရင် လူသတ်သမားဟာ အဲဒီနေ့က ဦးလူလု အိပ်ခန်းထဲကို ရောက်ခဲ့တယ်လို့ ဆိုနိုင်မလားရှင်"

"ဆိုနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အမှုစစ်အရာရှိမင်းရှင့်"

ရဲအုပ် ဝင်းမောင်ထွန်း ပြန်ထိုင်သွားသည်။

ရှားက တရားသူကြီးကို ဦးညွှတ်ပြီး–

"အခု ပြန်ခေါ်သက်သေအဖြစ် တရားလိုပြသက်သေ(၄) ကိုတင့်ထူးအောင်ကို ကျွန်မ အနည်းငယ် မေးမြန်းလိုပါတယ်"

တင့်ထူးအောင် ထိုင်ရာမှ ထလာသည်။ အသားအရည် ဖြူဖပ် ဖြူရော်နှင့် တင့်ထူးအောင်၏ မျက်နှာမှာ မကြည်လင်လှ။ မျက်လုံးတွေ ဂဏှာမငြိမ်သလို အမူအရာတွေက တည်ငြိမ်မှု မရှိ။

"ကိုတင့်ထူးအောင်ရှင့်၊ တရားသူကြီးရှေ့မှောက်မှာ နောက်ဆက်တွဲ သက်သေခံအဖြစ် တင်ပြထားတဲ့ နီပြာခဲတံဟာ ကိုတင့်ထူးအောင်ရဲ့ နီပြာခဲတံပါလားရှင်"

အချိန် အနည်းငယ်ဆိုင်းသွားပြီးမှ ဖြေသည်။

"မဟုတ်ပါဘူး"

"နီပြာခဲတံပေါ်မှာ လက်ဗွေရာတွေ တွေ့ရပါတယ်၊ ဒီခဲတံဟာ စာရင်းကိုင်တွေ စာရင်းစစ်တွေသုံးတဲ့ ခဲတံတစ်မျိုးဖြစ်တဲ့အတွက် ကိုတင့်ထူးအောင်ရဲ့ အလုပ်နဲ့လည်း ကိုက်ညီပါတယ်၊ ပြီးတော့ ခဲတံပေါ်က လက်ဗွေရာကို ကျွမ်းကျင်တဲ့ လက်ဗွေပါရဂူတွေက စစ်ဆေးတဲ့ အခါမှာ ကိုတင့်ထူးအောင်ရဲ့ လက်ဗွေတွေနဲ့ တူညီနေတာကို တွေ့ရကြောင်း လက်ဗွေပါရဂူရဲ့ ပြန်ကြားချက်ကို တရားသူကြီးမင်းထံမှာ တင်ပြထားပြီး ဖြစ်ပါတယ်၊ ဒါကြောင့် ဒီခဲတံဟာ ကိုတင့်ထူးအောင်ရဲ့ ခဲတံပါလို့ ပြောရင် ကိုတင့်ထူးအောင် ဘာပြောမလဲ"

အချိန် အတန်ကြာငြိမ်သက်သွားသည်။ ပြီးမှ–

"ဆရာဦးလူလှ ညှော်ခန်းကို ကျွန်တော်ရောက်ခဲ့တာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဖိုင်ထဲက ကျတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"ဟု ဖြေသည်။

"ဒါဆို ကိုတင့်ထူးအောင်ရဲ့ နှိပြာခဲ့တာလို့ ဝန်ခံတယ်ပေါ့"

"ဟုတ်ပါတယ်"

"ဒါဖြင့် စောစောက မဟုတ်ဘူးလို့ ဘာကြောင့် ငြင်းရတာလဲ"

တင့်ထူးအောင် မဖြေနိုင်တော့။

ရှားက အပြုံးလက်လက်ဖြင့်–

"ကဲ နောက်တစ်ခု ကျွန်မ မေးချင်ပါတယ်၊ တရားသူကြီးရှေ့မှောက်မှာ နောက်ဆက်တွဲ သက်သေခံ (င) အဖြစ် တင်ပြထားတဲ့ အင်္ကျီကြယ်သီးဟာ ကိုတင့်ထူးအောင်ရဲ့ အင်္ကျီကြယ်သီး မှန်ပါသလား"

"မှန်ပါတယ်"

"အချင်းဖြစ်တဲ့နေ့က အမှုစစ်အရာရှိရိုက်ထားတဲ့ မှတ်တမ်းဓာတ်ပုံတွေထဲမှာ ကိုတင့်ထူးအောင်ရဲ့ပုံ ပါဝင်နေပါတယ်၊ ဒီမှာကြည့်ပါ၊ (ဓာတ်ပုံကို ရှားက တင့်ထူးအောင်မြင်သာအောင် ထောင်ပြသည်။) ဒီဓာတ်ပုံထဲက ကိုတင့်ထူးအောင် ဝတ်ထားတဲ့အင်္ကျီက အခု တင်ပြထားတဲ့ သက်သေခံ (င) ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"ဒါဆို အဲဒီအင်္ကျီကို ကိုတင့်ထူးအောင်ဟာ ဦးလူလူ သေဆုံးတဲ့နေ့က ဦးလူလူအိမ်ကို လာရာမှာ ဝတ်လာခဲ့တယ်ဆိုရင် မှန်ပါသလား"

"မှန်ပါတယ်"

"ဒါနဲ့ စကားမစပ် ကိုတင့်ထူးအောင်မှာ မရီရီဆွေဆိုတဲ့ ညီမတစ်ယောက် ရှိပါသလား"

"ရှိပါတယ်"

ခပ်ဆိုင်းဆိုင်း ဖြေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ မရိရိဆွေမှာ ကိုယ်ဝန်ရှိနေတယ်လို့ သိရပါတယ်၊ ဟုတ်ပါသလား"

တရားလိုအကျိုးဆောင်ကြီး ထိုင်ရာမှ ထသည်။

"အဲဒီမေးခွန်းဟာ အမှုနဲ့ မသက်ဆိုင်ပါဘူး၊ ကန့်ကွက်ပါတယ်"

တရားသူကြီးက–

"မေးပါ... မေးခွင့်ပြုပါတယ်"

တရားလိုအကျိုးဆောင်ကြီး မအီမလည်နှင့် ပြန်ထိုင်သွားသည်။

"ကိုတင့်ထူးအောင် ဖြေပေးပါ"

"အဲဒီမေးခွန်းဟာ ဘာပတ်သက်လို့ မေးတာလဲ"

"ဟုတ်မဟုတ်ပဲ ဖြေပါ"

"ဟုတ်တယ်ဗျာ... ဟုတ်တယ်"

စိတ်တိုတိုနှင့် ဖြေသည်။

"မရိရိဆွေရဲ့ ခင်ပွန်းဟာ ဘယ်သူပါလဲ"

အဖြေ ထွက်မလာ။

တင့်ထူးအောင်၏ အကြပ်အတည်းကိုကြည့်ပြီး တရားလိုအကျိုးဆောင်ကြီး ထိုင်ရာမှ ထပြန်သည်။

"ဒီမေးခွန်းကို ကန့်ကွက်ပါတယ်၊ အမှုနဲ့ မဆိုင်တဲ့ မေးခွန်းကို မေးပြီး အမှုသွားအမှုလာကို ရှုပ်ထွေးအောင် လုပ်နေပါတယ်"

ရှားက–

"သက်ဆိုင်လို့ မေးရတာပါ၊ ဒါဟာ ဒီအမှုမှာ အလွန်ကိုအရေးကြီးတဲ့ မေးခွန်း ဖြစ်နေလို့ပါ"

တရားသူကြီးက–

"မေးပါ" ဟု ခွင့်ပြုသည်။ တရားလိုအကျိုးဆောင်ကြီး မကျေ



www.burmeseclassic.com

www.burmeseclassic.com



မနပ်နှင့် ပြန်ထိုင်သွားသည်။

တင့်ထူးအောင်က မဖြေ။

"ကိုတင့်ထူးအောင် ဖြေပေးပါ"

မဖြေ။

"ကိုတင့်ထူးအောင် မဖြေရင် ကျွန်မက ကိုတင့်ထူးအောင်ကိုယ်စား ဖြေပါ့မယ်၊ မရီရီဆွေဟာ ဦးလှုလှနဲ့ တရားဝင်မဟုတ်ဘဲ ပေါင်းသင်းနေတယ်ဆိုရင် ကိုတင့်ထူးအောင် ဘာပြောမလဲ"

တင့်ထူးအောင် မျက်နှာနီရဲသွားသည်။ အဖြေစကားမလာဘဲ ရှားကိုသာ စူးစူးဝါးဝါးကြည့်နေသည်။

ရှားကမူ အပြုံးဖြင့်သာ။

"မြန်မာစကားမှာ ဆိတ်ဆိတ်နေ ဝန်ခံဆိုတာ ရှိပါတယ်၊ ကျွန်မအဖြေကို ကိုတင့်ထူးအောင်က ဆိတ်ဆိတ်နေပြီး အဖြေပေးတယ်လို့ ကျွန်မ ယူဆမယ်နော်"

တင့်ထူးအောင်ထံမှ ဘာစကားသံမှ ထွက်မလာ။

ရှားက တင့်ထူးအောင်အား မေးမြန်းပြီး ဖြစ်ကြောင်း ကျေနပ်ပြီဖြစ်ကြောင်း မပြောသေးဘဲ တရားသူကြီးဘက်သို့ လှည့်၍ ဦးညွတ်လိုက်ပြန်သည်။

"လေးစားအပ်ပါသော တရားသူကြီးမင်းရှင့်၊ အခု ကျွန်မ တင်ပြမယ့် တတိယပိုင်းကို စတင် တင်ပြခွင့်ပြုပါ၊ အချင်းဖြစ်တဲ့နေ့က ဦးလှုလှဟာ နေ့လည်ပိုင်း ဘီယာသောက်ရင်း ကာရာအိုကေ ဆိုနေပါတယ်၊ အဲဒီအချိန်မှာ သူ့ဝန်တမ်းတစ်ဦးဟာ တိုက်ဝကို ရောက်လာပါတယ်၊ စာရင်းဇယားတွေနဲ့ ပတ်သက်ပြီး ခိုင်းထားတာရှိလို့ ဦးလှုလှက သူ့ကို တံခါးထဖွင့်ပေးပါတယ်၊ ဒါပေမယ့် အဲဒီလူက သူ့ညီရှယ်



www.burmeseclassic.com

www.burmeseclassic.com



ချက်နဲ့ သူ လာတာပါ၊ အထဲကိုရောက်တော့ သူကိုင်လာတဲ့ ဖိုင်ထဲမှာ ဝှက်ယူလာတဲ့ဓါးကို ထုတ်ပြီး ဦးလူလှကို ဘေးကနေ ထိုးပါတယ်၊ အဲဒီဓါးချက်ဟာ ဦးလူလှရဲ့ ဘယ်ဘက်နံကြားကနေ နှလုံးထိ ဝင်သွားတဲ့ဓါးချက်ပါ၊ အဲဒီဓါးချက်တစ်ချက်တည်းနဲ့ပဲ ဦးလူလှ သေဆုံးပါတယ်၊ ဒါကို မှုခင်းဆရာဝန်ကြီးရဲ့ ဖြေဆိုချက်နဲ့ ဆေးစာကို သက်သေပြနိုင်ပါတယ်...

"ဒီလူသတ်သမားဟာ ဓါးကို ဖိုင်ထဲက ဆွဲထုတ်စဉ်တုန်းက ဖိုင်ကြားမှာညှပ်ထားတဲ့ နီပြာခဲတံ ထွက်ကျသွားတာကို သတိမပြုမိခဲ့ပါဘူး၊ ပြီးတော့ ဦးလူလှက ထိတ်ထိတ်လန့်လန့်နဲ့ သူ့ကို လှမ်းအဆွဲမှာ အင်္ကျီကြယ်သီးတစ်လုံး ပြုတ်ကျသွားတာကိုလည်း သတိမပြုမိခဲ့ပါဘူး၊ အဲဒီအချိန်မှာ ဦးတိုးမြဟာ ခြံထဲကို ဝင်လာပါတယ်၊ အဲဒီအချိန်တုန်းက ဦးလူလှဆိုနေတဲ့ ကာရာအိုကေ တီးလုံးတွေကြောင့် အိမ်ရှေ့မှာ အချင်းဖြစ်နေတာကို နောက်ဖက်မီးဖိုဆီက မမြင့်မြင့်ရော၊ အပေါ်ထပ်က အဒေါ်ဖြစ်သူ ဒေါ်နန်းလှရော မသိနိုင်ဖြစ်ခဲ့ကြတာပါ၊ လူသတ်သမားဟာ ဦးတိုးမြကို ရိပ်ခနဲ မြင်လိုက်တာနဲ့ သူ့ဓါးကို ဦးလူလှနံကြားက ဆွဲထုတ်၊ ဓါးမှာပေနေတဲ့သွေးကို ဆက်တီလက်တင် နဲ့ ပွတ်သုတ်ပြီး အိမ်အတွင်းဘက်ကို ဝင်ပြေးပါတယ်...

"ဦးတိုးမြကတော့ အရက်မူးနေတာနဲ့ ဦးလူလှ အသတ်ခံထားရတာကို မသိဘဲ ဓါးနဲ့ ထပ်မံ ထိုးခဲ့တာပါ၊ လူသတ်သမားဟာ ဓါးကိုကိုင်ပြီး အိမ်အတွင်း ဝင်ပြေး ရာမှာ ဓါးနဲ့ ခန်းဆီးစ ထိမိလို့ ခန်းဆီးစမှာ သွေးစွန်းပေခဲ့ပါတယ်၊ အိမ်နောက်ကို ဆက်ပြီး ပြေးဖို့ရာမှာ မီးဖိုထဲမှာ မမြင့်မြင့်က ရှိနေလို့ ပြေးလို့မဖြစ်ပါဘူး၊ ထမင်းစားခန်းထဲ ချောင်ကြည့်တော့လည်း ပုန်းစရာ နေရာမရှိပါဘူး၊ အဲဒါနဲ့ပဲ ပွင့်နေတဲ့ ဦးလူလှရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲကို ဝင်ပြေးပြီး တံခါးကို အထဲက ပိတ်ပါတယ်၊ သူ့လက်က သွေးဟာ တံခါးလက်ကိုင်မှာ စွန်းပေသွားပြန်ပါတယ်၊ ဒီနောက် ပုန်းစရာ ရှာရင်း ဦးလှူလှရဲ့ခုတင်ဘေးက အဝတ်ဗီရိုကြီးဘေးမှာ ဝင်ရပ်ပြီး ပုန်းပါတယ်၊ ဒီလိုရပ်ပြီးပုန်းနေတော့ ခါးမှာစွန်းပေနေတဲ့ သွေးစက်က ကြမ်းပြင်ပေါ် ကျပါတယ်၊ သူက ပုန်းနေရာက ရှေ့ကိုကြည့်တော့ အဝတ် ဟောင်းထည့်တဲ့ခြင်းကို တွေ့တာနဲ့ ဦးလှူလှဝတ်ပြီး ထည့်ထားတဲ့ တီရှပ် တစ်ထည်ကိုယူပြီး ခါးကိုပတ်ပါတယ်၊ အခန်းထဲမှာ ဂုက်ထားဖို့စဉ်းစား တာစိတ်မလုံတာနဲ့ ဓါးကိုယူပြီး တံခါးကိုအသာဟကြည့်တော့ ဧည့်ခန်း ထဲမှာ မောင်ရဲသူ ရောက်နေပြီး အိမ်သားတွေ ဝိုင်းအုံနေကြတဲ့အချိန် ဖြစ်ပါတယ်...

"ဒါဟာ သူ့အဖို့ အခွင့်အခါကောင်းဖြစ်တဲ့အတွက် အိမ်နောက် ဘက်ကို ဝင်ပြေးပြီး မီးဖိုဆောင်ကနေ အပြင်ကို ထွက်ပါတယ်၊ အပြင် ရောက်လို့ လူက လွှတ်ပေမယ့် ဓါးက ပါလာတာဆိုတော့ ဓါးကို လွှင့်ပစ် ဖို့နေရာကြည့်တဲ့အခါ မီးဖိုနောက် သရက်ပင်ကြီးတွေအောက်က ချုံကြီး တွေကို တွေ့ရပါတယ်၊ ဒါနဲ့ ဓါးကို ချုံထဲပစ်ပြီး အိမ်ဘေးကနေ ကား ဂိုဒေါင်ဘက် ထွက်၊ ကားလမ်းလေးအတိုင်းပတ်ပြီး အိမ်ရှေ့ကနေ ခပ် တည်တည်ပြန်ဝင်လာလိုက်ပါတယ်၊ သဘောကတော့ ဦးလှူလှ သေဆုံး ပြီးမှ သူရောက်လာတဲ့သဘော လုပ်ခဲ့တာပါ၊ ရဲအရာရှိတွေ ရောက် လာပြီး စစ်မေးတော့ သူကတောင် သက်သေအဖြစ်နဲ့ ဝင်ဖြေခဲ့ပါသေး တယ်၊ အဲဒီလူဟာ တခြားမဟုတ်ပါဘူး၊ ဟောဒီ ကိုတင့်ထူးအောင်ပါပဲ"

"ဟာ... မဟုတ်ဘူး... မဟုတ်ဘူး၊ ကျွန်တော် ဦးလှူလှကို မသတ်ဘူး"

ကျွန်တော်အပါအဝင် အံ့ဩလှုပ်ရှားသွားကြသော တရားခွင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လူများ၏ အာမေဋိတ်သံများကြားမှ တင့်ထူးအောင်၏ မျက်နှာအပျက်ပျက်နှင့် အော်ဟစ်ငြင်းဆိုလိုက်သံ။

ရှားကမူ ပြုံး၍ တည်ငြိမ်စွာ စကားဆက်သည်။ အမှုအရာ တည်ငြိမ်သလို တင်ပြပြောဆိုမှုမှာလည်း အကွက်စေ့သည်။

"ကိုတင့်ထူးအောင်မှာ ဦးလှူလှကို သတ်ရတဲ့အကြောင်းရင်း ရှိပါတယ်၊ အဲဒါကတော့ ညီမဖြစ်သူ ရီရီဆွေနဲ့ ပတ်သက်လို့ပါ၊ ဦးလှူလှဟာ ဇနီးသည် ကွယ်လွန်ပြီးတဲ့နောက်ပိုင်းမှာ နောက်ထပ် အိမ်ထောင်မပြုဘဲ မိန်းကလေးတွေနဲ့ ဇာတ်လမ်းရှုပ်နေခဲ့တာတွေ ရှိပါတယ်၊ အဲဒီထဲမှာ ဦးလှူလှ အလုပ်ရုံက စာရေးမလေးဖြစ်တဲ့ ရီရီဆွေပါ ပါခဲ့ပါတယ်၊ ဦးလှူလှက ရီရီဆွေကို အငယ်အနှောင်းလို ထားပြီး အိမ်တစ်လုံး ငှားပေးထားခဲ့တယ်၊ နောက်ကျရင် လက်ထပ်ယူမယ် ဘာညာဆိုပြီး ဦးလှူလှ အယုံသွင်းခဲ့တာကို ရီရီဆွေကလည်း ယုံခဲ့တယ်၊ ရီရီဆွေ့အစ်ကို အသုံးအဖြုန်းကြီးတဲ့ ကိုတင့်ထူးအောင်ကလည်း သူ့ညီမသာ ဦးလှူလှနဲ့ ရရင် သူလည်း ငွေတွင်းရတာပဲဆိုပြီး သဘောကျနေခဲ့တယ်၊ ဒီလိုနဲ့ ရီရီဆွေ့မှာ ကိုယ်ဝန်ရှိလာ၊ ပတ်ဝန်းကျင်မှာ မျက်နှာပျက်၊ ဒီအချိန်မှာ ဦးလှူလှက တရားဝင်မယူနိုင်ဘူးလို့ ငြင်း၊ ဒါတင်မက ဦးလှူလှက နှောခင်ခင်ကို လက်ထပ်တော့မယ်ဆိုပြီး သတင်းဖြစ်၊ ဒီတော့ မွေ့ပါ လည်းဆုံး သားလည်းဆုံးဖြစ်တဲ့ ကိုတင့်ထူးအောင်ဟာ ဦးလှူလှကို အခဲမကျေ ဖြစ်ရတော့တာပဲ၊ ဒါဟာ သတ်ရခြင်းအကြောင်း Motive ပါ ..."

"မဟုတ်ဘူး... အဲဒါတွေ မဟုတ်ဘူး"

တင့်ထူးအောင်ထံမှ ငြင်းချက်တွေ ထွက်လာသည်။ သို့သော် ထုန်လှုပ်ချောက်ချားမှုကို မထိန်းနိုင်တော့။ ငြင်းချက်မှာလည်း အား ပျော့လွန်းစွာ။



www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးမင်းရှင့်၊ နောက်ဆက်တွဲ သက်သေခံ (င) အဖြစ် တင်ပြထားတဲ့ အင်္ကျီဟာ ကိုတင့်ထူးအောင်ရဲ့ အင်္ကျီ ဖြစ်ကြောင်း သူကိုယ်တိုင် စောစောက ထွက်ဆိုခဲ့ပြီး ဖြစ်ပါတယ်၊ အဲဒီ အင်္ကျီဟာ ဦးလူလှ သေဆုံးခဲ့တဲ့နေ့က သူဝတ်ခဲ့တဲ့ အင်္ကျီ ဖြစ်ကြောင်းလည်း သူ ကိုယ်တိုင် ထွက်ဆိုခဲ့ပါတယ်၊ အဲဒီ အင်္ကျီမှာ ကြယ်သီးတစ်လုံး ပြုတ်နေပါတယ်၊ နောက်ဆက်တွဲ သက်သေခံ (စ) အဖြစ် တင်ပြထားတဲ့ သွေးစွန်းပေနေတဲ့ ကြယ်သီးဟာ ဦးလူလှရဲ့ အလောင်းဘေး ဆိုဖာဆက်တီ ထိုင်ခုံနဲ့ လက်တင်ကြားမှာ ညပ်နေတဲ့ ကြယ်သီးပါ၊ အင်္ကျီက ကြယ်သီးတွေနဲ့ သက်သေခံ (စ) ဖြစ်တဲ့ ကြယ်သီးဟာ တူညီနေကြောင်း တွေ့ရမှာဖြစ်ပါတယ်၊ ပြီးတော့ အချင်းဖြစ်နေရာက ရခဲ့တဲ့ နောက်ဆက်တွဲ သက်သေခံ (က) ဖြစ်တဲ့ ခဲတံနီပြာတံနဲ့ နောက်ဆက်တွဲ သက်သေခံ (ခ) ဖြစ်တဲ့ လူသတ်လက်နက် ခါးပေါ်က လက်ဗွေရာတွေဟာ ကိုတင့်ထူးအောင်ရဲ့လက်ဗွေရာတွေ ဖြစ်ကြောင်း အင်းစိန် စီအိုင်ဒီက လက်ဗွေရာပါရဂူတွေရဲ့ ပြန်ကြားချက်ကိုလည်း တင်ပြထားပြီး ဖြစ်ပါတယ်၊ ဒါကြောင့် ဒီသက်မဲ့ သက်သေတွေအရ ဦးလူလှကိုသတ်တဲ့ တရားခံအစစ်အမှန်ဟာ ကိုတင့်ထူးအောင် ဖြစ်ကြောင်း လျှောက်လဲ တင်ပြပါတယ်ရှင်"

ကျွန်တော်တို့ အားလုံး၏ခံစားမှုများ အထွတ်အထိပ်သို့ ရောက်ရှိသွားသည်။ တင့်ထူးအောင် ခေါင်းငိုက်စိုက် ကျသွားသည်။ ထို့နောက် ခန္ဓာကိုယ် သိမ့်သိမ့်ခါလာပြီး ငိုရှိုက်သံပါ ထွက်လာသည်။ ပြီးနောက် တုန်ယင်လှုပ်ခါနေသော စကားသံများ အထစ်ထစ်အငေါ့ငေါ့ ထွက်လာသည်။

"ဟုတ်ပါတယ်ခင်ဗျာ... ဟုတ်ပါတယ်၊ ရှေ့နေကြီးပြောတာ အားလုံး တစ်ချက်မှ မလွဲပါဘူး၊ အားလုံး ကွက်တိပါပဲ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ခဲ့တာကို နောက်က လိုက်ကြည့်နေသလားလို့ ထင်ရလောက်အောင် တိကျမှန်ကန်ပါတယ်၊ ကျွန်တော် မငြင်းတော့ပါဘူး၊ ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ညီမလေး ရီရီဆွေအတွက် ကျွန်တော် ဦးလူလှကို သတ်တာပါ၊ ကျွန်တော် ဖြောင့်ချက် ပေးပါတယ်၊ ဦးလူလှကို ကျွန်တော် သတ်တာပါ ခင်ဗျာ"

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

အကျဉ်းရုံးကျင်းပသော မောင်ရဲသူနှင့် မွေးခင်ခင်တို့၏ မင်္ဂလာဦးဆွမ်းကျွေးတွင် သတို့သားနှင့် သတို့သမီးမှာ မောင်ရဲသူနှင့် မွေးခင်ခင် ဖြစ်သော်လည်း ဇာတ်လိုက်ဖြစ်နေသူမှာ ကျွန်တော့်ချစ်သူ ရှေ့နေမလေး ခင်ချော ဖြစ်နေသည်။

မင်္ဂလာပွဲလာ ဧည့်ပရိသတ်များက မောင်ရဲသူနှင့် မွေးခင်ခင် အကြောင်းထက် ရှားအကြောင်းကို ပို၍စိတ်ဝင်တစား ပြောဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ရှေ့နေမလေးပေါ့၊ ရဲသူတို့ သားအဖကို ကယ်လိုက်တာ၊ မဟုတ်ရင် ရဲသူလား ဦးတိုးမြလား တစ်ယောက်ယောက်တော့ သေစားသေစေပဲ"

"ရှေ့နေမလေးက ငယ်ငယ်လေးနဲ့ တော်လိုက်တာနော်၊ တရားရုံးမှာ လျှောက်လဲချက်ပေးတာ အရမ်းကို တော်တာပဲတဲ့"

"ရဲသူတို့ကို သနားပြီး ရှေ့နေခ တစ်ပြားမှ မယူဘဲ အမှုလိုက်ပေးတာတဲ့ တော်ရော့၊ တကယ့် သူတော်ကောင်းမလေးပါပဲတော်"

"စိတ်နှလုံးကောင်း ရှိလို့နဲ့ တူတယ်၊ ကြည့်ရတာ ကျက်သရေရှိလိုက်တာတော်"

ကျွန်တော်တို့က စောစောပြန်ချင်သော်လည်း ရဲသူနှင့် မွေးခင်ခင်က ပြန်ခွင့်မပေး။ ဦးတိုးမြနှင့် ဒေါ်မြတ်မွန်ကလည်း "နေပါဦး" ဟု ဆွဲထားကြသည်။ သို့ဖြင့် ကျွန်တော်တို့နှစ်ယောက် ပွဲပြီးသည်အထိ နေနေကြရသည်။

ကြည်နူးပြုံးပျော်နေသော ရဲသူနှင့် မွေးခင်ခင် မင်္ဂလာမောင်နှံကိုလည်းကောင်း၊ အရက်ဖြတ်ပြီး စိတ်သစ်လူသစ်ဖြစ်နေပြီ ဖြစ်သော ဦးတိုးမြကိုလည်းကောင်း၊ သမီးနှင့် သမက်ကိုကြည့်၍ စိတ်ချမ်းသာနေသော ဒေါ်မြတ်မွန်ကိုလည်းကောင်း၊ ကျွန်တော်တို့ကြည့်၍ ပီတိသောမနသတွေ ရင်မှာ တငြိမ့်ငြိမ့် တသိမ့်သိမ့်ဖြင့်။

ဦးတိုးမြနှင့် ဒေါ်မြတ်မွန်က ကျွန်တော်တို့နားမှာနေကာ လိုလေသေးမရှိ ဧည့်ခံပြုစုရင်း ကျေးဇူးစကားတွေ လှိုက်လှိုက်လှဲလှဲ ပြောမဆုံးနိုင်အောင် ဖြစ်နေကြသည်။

မင်္ဂလာပွဲအခမ်းအနားပြီးဆုံးပြီး လူရှင်းချိန်တွင် မောင်ရဲသူနှင့် မွေးခင်ခင်တို့ ကျွန်တော်တို့ရှေ့သို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးနဲ့ မမရှားကို ကန်တော့ချင်လို့ အတင်းခေါ်ထားရတာ ခွင့်လွှတ်ပါ" ဟု ဆိုကြသည်။

"မိဘတွေကို အရင်ကန်တော့ကြလေ၊ ပြီးမှ အစ်ကိုတို့ကို ကန်တော့ပေါ့"

"ဟုတ်တယ်ကွယ့်၊ အဖေနဲ့ အမေကို အရင်ကန်တော့ကြ"

ကျွန်တော်နှင့် ရှားစကားအတိုင်း ခေါင်းရင်းခန်းတွင် ဦးတိုးမြနှင့် ဒေါ်မြတ်မွန်ကို ထိုင်စေကာ မောင်ရဲသူနှင့် မွှေးခင်ခင်တို့ ကန်တော့ကြသည်။ မိဘတွေက ဆုတွေ တသီကြီး ပေးကြ၏။

ပြီးမှ–

ပတ်ကင်ဘူးကြီးတစ်ခုကို ယူလာပြီး ကျွန်တော်နှင့် ရှားရှေ့သို့ မောင်ရဲသူနှင့် မွှေးခင်ခင်တို့ ချလိုက်ကြသည်။

"အစ်ကိုကြီးနဲ့ မမရှားကို ကန်တော့ဖို့ ကျွန်တော်တို့ နှစ်ယောက် တိုင်ပင်ပြီး ဝယ်ထားကြတာ"

မောင်ရဲသူက ရယ်ရွှင်ပြုံးတို့ ပြောသည်။

"ဘာတွေများလဲကွ၊ ဘူးက အကြီးကြီးပဲ"

ကျွန်တော်က အရယ်စကားဆိုတော့ မွှေးခင်ခင်က ကြည်မြသော အပြုံးကလေးဖြင့်–

"မွှေးနဲ့ ရဲတို့ရဲ့ ဘဝမင်္ဂလာကိုဖန်တီးပေးတဲ့ အစ်ကိုကြီးနဲ့ မမရှားတို့ အတွက် မင်္ဂလာပွဲကျရင် ဝတ်ဖို့ သတို့သားဝတ်စုံနဲ့ သတို့သမီးဝတ်စုံ ... ချိန်နဲ့ရှာ ဖြေလေသည်။ ကျွန်တော်နှင့် ရှားတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်မိကြပါ၏။

မောင်ရဲသူနှင့် မွှေးခင်ခင်တို့ကို ဆုပေးရင်း ဘဝအတွက် ဆိုဆုံးမစကားအချို့ကို ကျွန်တော်တို့ ပြောခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မောင်ရဲသူနှင့် မွှေးခင်ခင်တို့ မင်္ဂလာပွဲမှ ပြန်လာသော အခါ ကျွန်တော်တို့တွင် မင်္ဂလာဝတ်စုံဘူးကြီးတစ်ခု ပါလာခဲ့ပါတော့သည်။

"အင်း... အပြစ်ကင်းတဲ့ သူတို့မျက်နှာလေးတွေ ပြုံးကြည်နေတာ မြင်ရတော့လည်း စိတ်ချမ်းသာလိုက်တာ ကိုကိုရယ်"

"အဲဒါ ပီတိပေါ့ ရှားရဲ့၊ အဲဒီပီတိက ငွေနဲ့ဝယ်လို့ မရဘူးလေ"

"သူတို့ ကန်တော့တာကို ခံယူရတဲ့အချိန်မှာ ကိုကိုပြောတဲ့ပီတိရဲ့ အရသာက ဘာနဲ့မှ လဲယူလို့ မရနိုင်တဲ့ အရသာပဲ ကိုကို၊ ရှား မျက်ရည်တောင် လည်မိတယ်"

"ကိုကိုတို့ရော ဘယ်တော့များမှ သူတိုလို ကန်တော့ခွင့်ရမလဲ မသိဘူးနော်"

BURMESE CLASSIC

ကျွန်တော်က အကွက်ဝင်လာခိုက် ပြောချင်သည့်စကားကို ဆွဲထည့်လိုက်သည်။ ရှားကိုလည်း ငဲ့ကြည့်ဖြစ်၏။

"ဟင်... ကိုကို ဘာကိုဆိုလိုတာလဲ၊ ရှား နားမလည်ဘူး"

ရှားက မသိဟန်ဆောင်၍ ပြန်မေးသည်။ ရှားနှုတ်ခမ်းလေးတွေမှာ အပြုံးရိပ်တွေ မြင်နေရသည်လေ။

"မောင်ရဲသူတို့ မွှေးတို့ကန်တော့လိုက်တဲ့ ဟောဒီမင်္ဂလာဝတ်စုံတွေ ဘယ်တော့ဝတ်ရမလဲ မသိဘူးလို့ ပြောတာပါ"

ကျွန်တော့်စကားအဆုံးမှာ ရှားက ရယ်ချင်စိတ်ကို အတင်းမြို သိပ်ထားရသည့်ဟန်ဖြင့် နှုတ်ခမ်းကိုစေ့လျက် မျက်ဝန်းနက်ကို ထောင့်ကပ်ကြည့်ကာ–

"ဘိုးဘွားရိပ်သာကျမှ ဝတ်ကြတာပေါ့ ကိုကိုရယ်၊ မကောင်းဘူးလား" ဟုပြောပြီးမှ "ဘယ်အခါဖြစ်ဖြစ် ကိုကို့စကားက ဒီ tar-



www.burmeseclassic.com

www.burmeseclassic.com



get ကို ရောက်တာချည်းပဲ၊ ကိုကိုလူလည်” ဟု ဆိုလေသည်။

“နိုးချင်ပြီ ရှားရယ်”

ရှားလက်လေးများကို လှမ်းဆွဲကာ ရင်ထဲက မြည်ကြွေးမှုကို ကျွန်တော် ဖွင့်အံလိုက်သည်။

“အခုကော ဝေးနေလို့လား ကိုကိုရယ်”

ကျွန်တော့်လက်ကို တင်းတင်းပြန်ဆုပ်ရင်း ရှားက ခွန်းတုံ့ဘင်သည်။

“တစ်အိမ်တည်း အတူနေချင်တာ... ”

“အခုလည်း တစ်ခုတည်းသောမေတ္တာအိမ်လေးမှာ ကိုကိုနဲ့ ရှား အတူနေကြတာပဲလေ ကိုကိုရဲ့”

“ရှားလျှောက်လဲချက်အပေးကောင်းတိုင်း ကိုကို့ကို အနိုင်မယူနဲ့ ခနော်”

“အနိုင်မယူပါဘူး ကိုကိုရယ်၊ ကိုကိုက ချစ်မှန်းသိလို့ ကိုကို့ကို ချစ်တဲ့ရှားက မူနွဲ့နေတာပါ”

“ဒါဆို ကိုကို့ကို လက်ထပ်ဖို့ ရှားဆုံးဖြတ်လိုက်ပြီပေါ့ ... ဟုတ်လား”

“ကိုကို့ကိုလက်ထပ်ဖို့ ကိုကို့အချစ်ကို လက်ခံကတည်းက ဆုံးဖြတ်ပြီးသားပါ၊ အချိန်ကလေး နည်းနည်းပဲ စောင့် ... ”

“လာပြန်ပြီ”

“တကယ်ပါ ကိုကိုရဲ့၊ ဟောဒီမှာ မင်္ဂလာဝတ်စုံတွေတောင် ရှားက စီစဉ်ပြီးပြီလေ၊ မတွေ့ဘူးလား”

မောင်ရဲသူနှင့် မွေးခင်ခင်တို့ ကန်တော့လိုက်သော မင်္ဂလာဝတ်စုံ ထည့်ကင်ဘူးကြီးကို ကျွန်တော့်ရင်ခွင်ထဲ လှမ်းထည့်ကာ ကလေးလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို ရယ်ရွှင်ပြုံးပျော်နေသောရှားကို ပြိုင်မပြောနိုင်တော့သဖြင့် မချင့်မရဲ လှမ်းဖက်မည်အပြု၊ ရှားက သူမကိုယ်ကလေးကိုယို့၍ ရှောင်တိမ်းလိုက်ရင်း လျှာကလေးထုတ်၍ စ,လေသည်။

"ဟိုးထား ကိုကို၊ လမ်းမကြီးမှာနော်၊ ရှားအော်လိုက်လို့ မိန်းကလေးကာယဣန္ဒြေဖျက်မှုနဲ့ ငြိသွားလိမ့်မယ်"

ကျွန်တော်တို့နှစ်ယောက်၏ ရယ်မောသံများသည် လောကကြီးတစ်ခုလုံးကို ပြုံးပျော်နိုင်ပါစေသတည်း။

နေစိုးသော်
29.2.04.

www.burmeseclassic.com